www.burmeseclassic.com

ဟာသ ဆိုးရှင်း ဝတ္ထုသစ်

# အချော့တော်

ကျွန်တော်ချစ်သော ဖူးပွင့်ဝေ



www.burmeseclassic.com

www.burmeseclassic.com

**စိစစ်သူ**

**မောင်သွေးရှင်**

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | မိုမို (Eagle) |
| မျက်နှာဖုံးဖလင် | Eagle |
| အတွင်းဖလင် | ထက်အာကာကျော် |
| ကွန်ပျူတာ | Deep Blue |
| စာအုပ်ချုပ် | ကြူကြူသင်း |
| ထုတ်ဝေသည့်ကာလ | ၂၀၀၇-ခုနှစ်၊ ဇွန်လ |
| တန်ဖိုး | (၁၅၀၀) ကျပ် |

**ပုံနှိပ်မှတ်တမ်း**

တည်းဖြတ်ခွင့်ပြုချက်အမှတ် - ၅၀၀၄၃၀၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၆၀၅၀၄၀၇-အရ
ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်(၁၁၇)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်၍ ဒေါ်မိုးကေနိုင် ချိုတေးသံစာပေ
အမှတ်(၃)၊ ပုလဲမြို့၊ ရွှေနံ့သာကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့မှ ပထမအကြိမ်၊ အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

၈၉၅.၈၃
အချော့တော်
ကျွန်တော်ချစ်သောမှူးပွင့်ဝေ / အချော့တော် ။ - ရန်ကုန်၊
ချိုတေးသံစာပေ ၊ ၂၀၀၇။
၁၅၂ - စာ ၊ ၁၃x၂၀.၅ စင်တီ။

[illegible]

ဝါသနာစာပေ စာစဉ်(၃၉)

# အချော့တော်

# ကျွန်တော်ချစ်သော မှူးပွင့်ဝေ

(ဟာသလုံးချင်းဝတ္ထုသစ်)

**ဝါသနာစာပေ**
အခန်း(၀၄)၊ C ရုံ၊ သိမ်ကြီးဈေး၊ ရန်ကုန်မြို့။
အမှတ်(၁၃)၊ ထန်းပင်တုန်း ၁-လမ်း သန်လျင်မြို့၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com

''တင်..ဒါ..ဒါ..ဒါဆိုငါ လူဖြည်ပြန်ရောက်နေပြီပေါ့..''
ထထယ်တန်း..ကျွန်တော် ဖူးပွင့်ဝေနှင့်တွေ့၍
ထိုထ်သွားသည့်နေ့မှာ..............။

❑

''မြေးပျောထ်နေတာ ဆယ်ရထ်တော့်နေပြီ..ဘယ်ရောထ်
နေတာလဲ..''
''တစ္ဆေနိုင်ငံ..''
''ဘာ''

## တစ္ဆေသူ့အမှာ

သည်ဝတ္ထုသည် 'တစ္ဆေချစ်သော ကျွန်တော်' ဝတ္ထု၏ အဆက်ဟု ဆိုရပါလိမ့်မည်။

'တစ္ဆေချစ်သော ကျွန်တော်' ဝတ္ထုကို ဖတ်ပြီးကြသူတိုင်းက ဇာတ်သိမ်းပိုင်းမှာ ဘာလိုနေသလိုလို ဟာတာတာကြီးဖြစ်ရသည်ဟု ဆိုကြသည်။

ကျွန်တော်သိပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း 'ဟာ' သလို ခံစားခဲ့ရပါ၏။ ၎င်း ဝတ္ထုတွင် မင်းသားသည် တစ္ဆေမလေး ဖူးပွင့်ဝေနှင့်လည်း ခွဲခွာခဲ့ရ၊ မင်းသမီး မြတ်မိုးဆွေနှင့်လည်း ပြန်မဆုံရသေးဆိုတော့..

တစ်ခုခုလိုတာတော့ အမှန်ပင်။

သည်ကြားကာလတွင် ကျွန်တော်သည် Jumper ဟူသော နိုင်ငံခြားရုပ်ရှင်ကားတစ်ကားကို ကြည့်ဖြစ်ခဲ့၏။ ၎င်းကားမှ မင်းသား

www.burmeseclassic.com

www.burmeseclassic.com



လေးသည် သူစိတ်ညွှတ်ရာ မြင်မိရာအရပ်သို့ လစ်ဆိုရောက်သွားတတ်၏၊ ထူးခြားစိတ်ဝွမ်းအင်ပါဝါပင်။

ကျွန်တော့်မင်းသား၏အဖြစ်နှင့် ဆင်ဆင်တူသော ထိုဇာတ်ကားကိုကြည့်ပြီးတော့ 'ကျွန်တော်ချစ်သောဖူးပွင့်ဝေ' ဝတ္ထုကို ဆက်လက်ရေးသားရန် ဆုံးဖြတ်ခဲ့၏။

သို့နှင့် . .

ကျွန်တော်သည် ဘောပင်နှင့်စာရွက်များကိုယူကာ ဆက်လက်နွှံသွား. . အဲလေ. . ရေးသားလိုက်ရပါတော့သတည်း။

လူသားအားလုံး အောင့်အည်းဖတ်ရှု အားနာပါးနာ ရယ်မောပျော်ရွှင်နိုင်ကြပါစေ။

P.S ဤဝတ္ထုကို ဖတ်ရှုကြရာ၌ သဘာဝထက် ဟာသကို ဦးစားပေးနားလည်ပေးကြပါရန်။

စာရေးသူ

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

## 'တစ္ဆေချစ်သော ကျွန်တော်' ဇာတ်လမ်းအကျဉ်း

စိုးမင်းဇော်သည် သန်လျင် GTC မှ ကျောင်းသားတစ်ဦး ဖြစ်၏။ သူငယ်ချင်းဖြစ်သူ တင့်ဆွေနှင့် တစ်တန်းတည်းဖြစ်ပြီး ကျောင်းသူ ဖရက်ရှာလေး မြတ်မိုးဆွေကို အပြိုင်ပိုးနေကြ၏။

သည်ကြားထဲတွင် စိုးမင်းဇော်သည် အိပ်မက်ထဲမှာတွေ့ရသည့် မော်ဒယ်လ်တစ္ဆေမလေး ဖူးပွင့်ဝေကို စွဲလမ်းကာ ထပ်တွေ့လိုစိတ်များ ဖြစ်နေ၏။

မော်ဒယ်လ်တစ္ဆေမလေးကလည်း ခါးလေးကကျဉ်၊ တင်လေးကကောက်၊ ရင်လေးမောက်မောက် ရွှေတစ္ဆေမျက်လုံးကို ပိုင်ဆိုင်လို့ ဆံပင်နက်မှောင်ရှည်ရှည်ကြီးနှင့် 'ဂလု' ချင်စရာကြီးဖြစ်နေသတဲ့။ ယုံ။

ထိုတစ္ဆေမလေးကိုစွဲလမ်းကာ တွေ့လိုစိတ်များဖြင့် ပန်းခြံ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာသွားနေရင်းမှ တစ္ဆေမလေးဖူးပွင့်ဝေနှင့် ဆုံလိုက်ရ၏။ ဖူးပွင့်ဝေ ခေါ်ဆောင်ရာ တစ္ဆေနိုင်ငံသို့ ဗီဇာမပါဘဲ ရောက်သွားရ၏။

တစ္ဆေပြည်မှာ လူသားတစ်ယောက်အဖြစ် ပါဝါမြင့်မှန်း သိလိုက်ရပြီး တစ္ဆေများကို ခြောက်လှန့်ကာ မွှေနေတော့၏။

လူသား၏ သောင်းကျန်းခြောက်လှန့်မှုများကြောင့် တစ္ဆေများက 'လူနှင်ဂါထာ' ရွတ်၍ နှင်ပစ်ရန် စီစဉ်ကြလေရာ. .

လွန်ခဲ့သောသုံးနှစ်ခန့်က ဆုံးသွားပြီး တစ္ဆေနိုင်ငံတွင် နောက်အိမ်ထောင်ကျ၍ ကိုယ်ပိုင်ဟိုက်စကီး၊ တိုက်ကနှစ်လုံးတို့ဖြင့် ထည်ဝါနေသော မိခင်ကြီးက စိုးမင်းဇော်ကို လူ့ပြည်သို့ပြန်ရန် တိုက်တွန်း၏၊ နည်းလမ်းပေး၏။

သို့နှင့်. .

စိုးမင်းဇော်သည် ဘဝဟောင်းက မိခင်ကြီးနှင့် မော်ဒယ်လ်တစ္ဆေမလေး ဖူးပွင့်ဝေတို့ကို ခွဲခွာကာ ဖျတ်ဆို လူ့ပြည်ပြန်ရောက်သွား၏၊ (မြန်လိုက်တဲ့အမျိုး)

စိုးမင်းဇော်သည် ရုတ်တရက်ဆိုသလို ကန်တော်ကြီးရေပြင်နှင့် ကရဝိက်ဟိုတယ်ကြီးကို မြင်လိုက်ရလေသောအခါ. .။

□□□

# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ‹၁›

"ဟင်. . ဒါ. . ဒါ. . ဒါဆို ငါ လူပြည်ပြန်ရောက်နေပြီပေါ့"

ကျွန်တော် တအံ့တသြ ရေရွတ်မိသည်။

ကျွန်တော်ရှေ့က ကန်တော်ကြီးရေပြင်နှင့် ကရဝိက်ဟိုတယ်ကြီးကို အားပါးတရကြည့်နေမိသည်။

လက်ကနာရီကို ငုံ့ကြည့်လိုက်တော့ ညနေ လေးနာရီတိတိကို ညွှန်ပြနေ၏။

ရက်စွဲကိုကြည့်လိုက်တော့ (၁၅)ရက်နေ့ဖြစ်နေသည်။

ကျွန်တော် မျက်မှောက်ကြုံ့မိ၏။

ပြန်လည်စဉ်းစားကြည့်မိသည်။ တကယ်တန်း ကျွန်တော်ဆွင့်ဝေနှင့် တွေ့၍ လိုက်သွားသည့်နေ့မှာ လဆန်း (၂)ရက်နေ့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြားထဲမှာ (၁၃)ရက် ဟနေ၏။ ဖူးပွင့်ဝေတို့ တစ္ဆေပြည်မှာ နေခဲ့သည်တလည်း သုံးလေးရက်ထက် မပိုနိုင်။

ကျွန်တော် ဘာတွေဖြစ်နေသနည်း။

စဉ်းစားရကျပ်လှသည်။

ဘာပဲဖြစ်ဖြစ်. .

ကျွန်တော် အိမ်ပြန်ရမည်။

ခုလောက်ဆိုအဘွားရော၊ ဖခင်ကြီးပါ စိတ်ပူနေရော့မည်။

ကျွန်တော့်စိတ်များက အိမ်သို့ သတိရမိသည်နှင့်. . ။

"ဝုန်း. . ဝရုန်း. . "

"ဟဲ့. . ပလုတ်တုတ်"

ကျွန်တော့်အိမ်၏ အိမ်ရှေ့ဧည့်ခန်းထဲသို့ ကျွန်တော် ကျရောက်သွားသည်။

ကနဦးက ကန်တော်ကြီးတွင် ကျွန်တော်သည် သစ်ပင်ကြီးတစ်ပင်ကို လက်ထောက်ရပ်နေခဲ့ိက်ဖြစ်၏။

အိမ်ကို စိတ်ရောက်သွားသည်နှင့် ကျွန်တော့်မှာ မေ့ကနဲလိုဖြစ်ကာ ဝုန်းကနဲ အိမ်သို့ရောက်သွားတော့၏။ ယုံ. . ။

ရောက်ရပုံကလည်း သက်သက်သာသာမဟုတ်။

သစ်ပင်မှာထောက်ထားသော လက်က အိမ်တွင်ဘာမှ ထောက်စရာမရှိသဖြင့် ထောက်ထားသည့်ဘက်သို့ လဲပြိုကျကာ ရောက်နေရခြင်းပင်။

ကဲ. . မခက်လား။

ဧည့်ခန်းမှာထိုင်နေသည့်အဘွားက 'ဝုန်း. . ဝရုန်း' ဆိုကာ သူ့ရှေ့လဲပြိုရောက်လာသည့် ကျွန်တော့်ကြောင့် 'ဟဲ့. . ပလုတ်တုတ်' ဟု ယောင်အော်သည်။ တအံ့တသြမေးသည်။

"ဟဲ့. . မြေး. . စိုးမင်းဇော်. . ဘယ်ကဘယ်လို ဖြစ်လာတာလဲ"



"မြင်တဲ့အတိုင်းပဲဘွား"

"မြေးပျောက်နေတာ ဆယ်ရက်ကျော်နေပြီ။ ဘယ်ရောက်နေတာလဲ"

"တစ္ဆေနိုင်ငံ"

"ဘာ. . "

"ဟုတ်တယ်ဘွားရဲ့. . ။ ဖူးပွင့်ဝေတို့ရဲ့ တစ္ဆေနိုင်ငံ ရောက်နေတာ"

ဟု အစချီကာ ကျွန်တော်က အဘွားအား စီကာပတ်ကုံး ပြောပြလိုက်၏။

အဘွားက မယုံသလိုကြည့်ရင်း ပြန်မေးသည်။

"ဘာအထောက်အထားရှိလဲ။ ပတ်စပို့ပြ"

"ဘယ်ကလာ ပတ်စပို့ရှိမှာလဲ။ အောက်လမ်းက ရောက်သွားတာ"

"အခု ပြန်လာတော့ရော"

"အဟဲ. . အော်တိုလမ်းက"

"မြေး. . ပေါက်ကရတွေမပြောနဲ့။ မင်းအဖေလာရင် ဘယ်လိုပြောမလဲ"

"ဒီလိုပဲ ပြောရမှာပဲ။ အဖေ ဘယ်သွားနေလဲ"

"မြေးပျောက်နေတဲ့ကိစ္စ လိုက်စုံစမ်းနေတာ။ အခုလည်း ဒေါ်ခင်မမဆီ ရောက်နေပြီထင်တယ်"

"ဘယ်က ဒေါ်ခင်မမလဲ"

"အကြားအမြင်ပါရမီရှင် ဒေါ်ခင်မမတဲ့လေ။ ဘာတွေကြားပြီး ဘာတွေမြင်လဲတော့ မသိဘူး။ မင်းအဖေကတော့ ချောင်းပေါက်နေပြီ"

အဘွားဖြစ်သူက မဲ့ကာရွဲ့ကာပြောတော့ ကျွန်တော် ပြုံးမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဘွားကြည့်ရသည်မှာ ဖေဖေ ထိုဆရာမထံသွားတာကို ကြိုက်ပုံမရ။

“ဘွား. . အဖေသွားသွားနေတဲ့ ဆရာမက ဘယ်အရွယ်ရှိပြီလဲ”

“မင်းအဖေနဲ့ တစ်ဆိုက်ထဲပဲ”

“ချောလို့လား”

“ငရှဉ့်နဲ့ အမျိုးတော်ပုံပဲ”

“လှလွတ်မို့လို့လား”

“လှလည်းလွတ်တယ်၊ နှလုံးလည်း လွတ်တယ်”

“အဘွားက ဘယ်လိုသိတာလဲ”

“ဟဲ့. . ငါလည်း ငယ်ရာက ကြီးလာတာပဲ။ သိတာပေါ့. . ။ အဲဒီဆရာမက မုဆိုးမ၊ မင်းအဖေက မုဆိုးဖို. . ဟင်း. . မပြောလိုက်ချင်ဘူး”

အဘွားပေါက်ကွဲမလိုဖြစ်နေသဖြင့် ကျွန်တော့်စကားလမ်းကြောင်းလွှဲလိုက်သည်။

“ကဲပါ အဘွားရယ်. . သားပြန်ရောက်နေမှတော့ **အဖေ အဲဒီဆရာမဆီ** သွားဖို့မလိုတော့ပါဘူး။ စိတ်ပူမနေပါနဲ့”

ကျွန်တော်က အဘွားကို နှစ်သိမ့်လိုက်သည်။ **အဘွားက** ကျွန်တော့်ခေါင်းကို ပွတ်သပ်ကာ သတိပေးစကားဆိုသည်။

“မြေးလေး. . ပေါက်ကရတွေတွေးပြီး ဘယ်မှ လျှောက်မသွားနဲ့တော့နော်”

“သားက မသွားပါဘူး။ သူ့ဟာသူ အော်တို ရောက်ရောက်သွားတာ တစ်မျိုးပဲ”

“အဲဒီလိုဖြစ်တတ်တာ။ ဘယ်သူ့မှ ပြောမနေနဲ့။ သားကို ချောင်နေတယ်မှတ်ကုန်လိမ့်မယ်။ နောက်လည်း အဲဒီကိစ္စတွေ မတွေ့နဲ့တော့”



“ဟုတ်ကဲ့ပါ ဘွား”

ကျွန်တော်က အဘွားကို ကတိပြုလိုက်သည်။ ကတိပြုမယ့်သာ ပြုရသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဘာမှန်းရေရေရာရာ မသိသေး။

ပြီးခဲ့သည့် အဖြစ်သနစ်များကို ပြန်လည်စဉ်းစားသုံးသပ်နေမိသည်။

ကျွန်တော်သည် အိပ်မက်ထဲမှာ တွေ့ရသည့် တစ္ဆေမလေး ဖူးပွင့်ဝေကို ဖွဲလမ်းမိရာမှ စိတ်ကူးနှင့် တောင့်တနေတုန်း ဖူးပွင့်ဝေ ရောက်လာသည်။ ကျွန်တော့်ကို တစ္ဆေပြည်သို့ ခေါ်သွားသည်။

တစ္ဆေပြည်ရောက်နေတုန်း ကျွန်တော့်မှာ ပါဝါ (Power) တွေ မြင့်မားလာသည်။ ကိုယ်ဖျောက်၍ တစ္ဆေများကို ပြန်ခြောက်နိုင်ခဲ့သည်။

တစ္ဆေများက တစ္ဆေဂျာနယ်အသီးသီးမှာ ကျွန်တော့်ပုံထည့် ကြေညာသည်။ ‘လူနှင်ဂါထာ’ များ ရွတ်ဖတ်ဖို့ စီစဉ်ကြသည်။ လူနှင်ဂါထာကလည်း ကြောက်စရာ။

ဘာတဲ့. . ။

“အိုဘယ့်လူသား. . ဝေးရာရှားလော့. . မပြေးမကွာ ရှိနေပါက အေအိုင်ဒီအက်စ်ဖြစ်စေသတည်း. . ။ အိတ်အိုင်ဗီပိုး ကူးစေသတည်း”

ဆိုလား. . ဆိုလားပဲ။ ကဲ. . ဘယ်လူသားများ မပြေးဘဲရှိအံ့နည်း။

တစ္ဆေပညာရှိများ စီရင်ထားအပ်သော ဂါထာတစ်ရပ်ဟု ဆိုရှာ၏။ တတ်ပါ့. . ။

ထိုဂါထာကို ရွတ်ကြ၍ ကျွန်တော့်ကို နှင်မည်ဟု သိသော အခါ ယောင်းမှ မေမေက ကျွန်တော့်ထံ ဟိုက်စကီးနှင့်လာ၍ မငိုတ်

www.burmeseclassic.com

www.burmeseclassic.com



မပြည်းရေအောင် သတိပေးသွားသည်။ လှူပြည်ပြန်သွားဖို့ လမ်းကြောင်းပေးသည်။

မာမီပေးသည့် နည်းကသွားလိုရာ လှူပြည်သို့ စိတ်ညွှတ်၍ ခြေလှမ်းပြင်လိုက်ရုံပါပဲ။

ကျွန်တော် ဝုန်းဆို လှူပြည်ပြန်ရောက်လာရသည်။

အိမ် တန်းမရောက်ဘဲ ကန်တော်ကြီးပန်းခြံထဲရောက်နေသဖြင့် အိမ်ကို သတိရတုန်း အိမ်သို့ရောက်သွားရသည်။

"ဒါဆို ငါ့မှာ စိတ်သွားရာ ကိုယ်ပါတဲ့စွမ်းအင် ရှိနေပြီ။ ဂျပန်ကို ဒိုးကြည့်ဦးမှ"

ဟု တွေးရင်း ဘောင်းဘီပြေးဝတ်ကာ ဂျပန်သို့ စိတ်ညွှတ်လိုက်သည်။ ဂျပန်သို့ အခမဲ့ ရောက်နည်းလား။ ဟုတ်တယ်ဟုတ်။

မဟုတ်. . ။

ဘာမှမဟုတ်. . ။

ဘယ်မှ မရောက်. . ။ ကျွန်တော်က ဂျပန်ရောက်လျှင် အဆင်ပြေစေရန် ဘောင်းဘီလဲပြီး စပို့ရှပ်နှင့်ပင် မတ်တတ်လေးရပ်နေလိုက်သည်။ လက်လေးနှစ်ဖက်ကလည်း ရှေ့မှာထပ်ထားလိုက်သေးသည်။ အသင့်လေ. . ။

"ဟဲ့. . မြေး. . ဘာလုပ်နေတာလဲ"

"ဂျပန်သွားမလို့ ဘွား"

"လုပ်ပြန်ပြီ။ စိတ်ရောဂါကုဆေးရုံတော့ ရောက်တော့မှာပဲ။ မထူးပါဘူး။ စိတ်ရောဂါကု ဆေးရုံကိုသာ အာရုံပြုလိုက်တော့ ကားခ သက်သာနည်းလား"

အဘွားက အားပေးသည်။ ကျွန်တော့်ကို ကြည့်၍လည်း ခေါင်းခါသည်။

ဘာပဲဖြစ်ဖြစ်. .



အဘွား မယုံချင်နေ။ ဂျပန်ရောက်သွားမှပင် ကားတစ်စီးကို ပိုင်ပြီး ကားရောလူပါ အိမ်သို့ အာရုံညွှတ်လိုက်ရန် တွေးထားသည်။ မပိုင်လား. . ။

ဟုတ်ကဲ့. . ။ မပိုင်ပါ။

ဂျပန်လည်း မရောက်။ ဘယ်မှကို မရောက်ဘဲ မတ်တပ်ကြီးသာရှိနေပါသဖြင့် ကျွန်တော် ရှက်ပြီး ဆက်တီပေါ် ထိုင်ချလိုက်သည်။

"ဘာကြီးလဲဟ"

ဘာအထာမှန်းမသိသဖြင့် ကျွန်တော် ခေါင်းကုတ်နေမိသည်။ အဘွားက ကျွန်တော့်ကိုကြည့်၍ ပြောလိုက်သည်။

"ဟင်း. . ကံကောင်းတယ်။ ဆက်ရပ်နေရင် ဘွားလည်း စိတ်ရောဂါကုဆေးရုံကို ဖုန်းဆက်တော့မလို့. . "

ကျွန်တော် ရှက်ကိုးရှက်ကန်းဖြင့် အဘွားကို ပြန်ပြောလိုက်ရသည်။

"ဟီး. . ဆက်နဲ့. . ဘွားကို စနေတာ"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ‹၂›

ထို အချိန်တွင်. .

သားပျောက်ကိုရှာနေသည်ဆိုပါသော စိုးမင်းဇော်၏ဖေဖေ ဦးစိုးဝေ၏ ပကတိအခြေအနေကို ကြည့်လိုက်မည်ဆိုပါက. .

"ဆရာမ. . ဘာမြင်လဲဟင်"

"လောလောဆယ်မှာတော့ ရှင့်ကိုပဲ မြင်နေတယ်"

"တကယ်. ."

"ဟုတ်တယ်လေ. . မမရဲ့ ရှေ့တည့်တည့်မှာ ထိုင်နေတဲ့ ရှင့်ကို မမြင်လို့ ဘယ်သူ့သွားမြင်ရမှာလဲ ပြော"

"ဒါဆို ဘာကြားသေးလဲဟင်"

"ရှင်ပြောတာ အကုန်ကြားတယ်"

"ရော်. ."



"မရော်နိုင်ဘူး။ လာဘ်တင်ထားတဲ့ငွေက အပြတ်ပဲ"

အကြားအမြင်ပါရမီရှင် ဒေါ်ခင်မမက ဦးစိုးဝေအား တကယ်ပြောနေခြင်းပါ။

သူတို့နှစ်ဦးက မျက်နှာချင်းဆိုင်ထိုင်ပြောဆိုနေကြမှတော့ ကြားလည်းကြား၍ မြင်လည်းမြင်ပြီပေါ့။

ဦးစိုးဝေက လှုတပတ ဒေါ်ခင်မမအား ရွှန်းရွှန်းဝေအောင် ကြည့်ရင်းမှ ပြောရှာ၏။

"ဆရာမ မမရယ်. . သားလေး ဘယ်ရောက်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာလည်း ကြည့်ပေးပါဦး"

"အိမ်း. . ကြည့်ပေးရမှာပ၊ ကဲ. . ကဲ. . လာဘ်တင်"

"ဗျာ. . လာဘ်က တင်ပြီးပြီလေ"

"အဲဒီလာဘ်က ဆက်ရှင်ပြတ်သွားပြီ။ နောက်. . တစ်ဆက်ရှင်အတွက် ထပ်တင်"

ဦးစိုးဝေခမျာ တစ်ထောင်တန်တစ်ရွက် ထပ်ထုတ်၍ ငွေလားထဲ ထည့်လိုက်ရပြန်၏။

"ဆရာမ မမ. . နှစ်ထောင်ရှိပြီဗျ"

"သိတယ်. . လာဘ်များလေ အဆင်ပြေလေပဲ။ ကဲ. . အာရုံပြုမယ်။ မျက်စိမှိတ်ထား။ ကြားတာမြင်တာတွေပြော. ."

"ဟင်. . ဆရာမ ပြောရမှာလေ"

"သိတယ်. . ခိုင်းသလိုလုပ်၊ တစ်ခါတစ်ရံမှာ ကာယကံရှင်ကိုယ်တိုင်မြင်ရကြားရတတ်တယ်"

"ကိုယ့်ဘာကိုယ်မြင်ရကြားရမှတော့ မမဆီ လာဘ်တင်ဖို့ လိုပါ့မလား. . ပြန်ပေး. ."

ဦးစိုးဝေက ဖလားထဲနှိုက်မည်ပြုသဖြင့် ဒေါ်ခင်မမက ဟန့်တားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိစွံချင်လို့လား. . နားထား. ."

ဦးစိုးဝေ လက်တွန့်သွား၏။ လက်တွန့်သော်လည်း ပါးစပ်ခတွန့်ဘဲ လျှာရှည်နေ၏။

"ဆရာမ မမရယ်. . စွံချင်းစွံ မျက်စိတော့မလုပ်ပါနဲ့။ တစ်ကိုယ်လုံးစွံပါရစေ"

"စွံချင်ရင် လာဘ်တင်"

"ဗျာ. . နောက်တာ. . မစွံချင်ပါဘူး. . ဟီး"

ဦးစိုးဝေ လျှော့ချသွား၏။ အားအားရှိ လာဘ်ပဲတင်ခိုင်းနေသည်ကိုး။ ဘာမှလည်း မဟောသေး။

"ကဲ. . ကဲ. . ကြာတယ်။ အပိုတွေမပြောနဲ့တော့။ ဆက်ရှင်ပြည့်သွားလို့ လာဘ်ထပ်တင်နေရဦးမယ်"

လာဘ်ထပ်တင်ရဦးမည် အသံကြားသဖြင့် ဦးစိုးဝေ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ငြိမ်သွား၏။

သည်တော့မှ ဒေါ်ခင်မမက ကိုယ်တိုင်ပင် မျက်စိမှိတ်၍ အိပ်မည်ကြံ. . အဲ. . အာရုံပြုနေတော့၏။

ဦးစိုးဝေကတော့ လှတပတ ဒေါ်ခင်မမကို အားကိုးတကြီးနှင့် ကြည့်နေရှာ၏။ ဟုတ်မှာ. . ။

ဦးစိုးဝေက ဒေါ်ခင်မမကိုကြည့်ရင်း မရိုးမရွဖြစ်နေ၏။

ဟွန့်. . မရိုးမှတော့ ရွပြီပေါ့။

မျက်စိမှိတ်ထားသော ဒေါ်ခင်မမ၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေ၏။ အားမရ၍ တစ်ကိုယ်လုံး သိမ်းကျုံးကြည့်နေပြန်၏။

"ဘာကြည့်တာလဲ"

"ဟိုက်. . သိသဟ"

"သိနေတယ်လေ. . မင်းတို့အကြည့်တွေကိုဝဲပစ်လိုက်၊ မင်းတို့လည်း ဂိုးအဝေး. ."



ဒေါ်ခင်မမ မျက်လုံးမဖွင့်ဘဲ ဆက်ပြောတော့မှ ဦးစိုးဝေတသူ့ပြောတာမဟုတ်မှန်း သိသဖြင့် သက်ပြင်းခိုးချ၏။ ဆက်လက်ကြည့်နေ၏။ ရေဆေးငါးအလား ဖြူဖွေ့ထွား ဒေါ်ခင်မမတစ်ကိုယ်လုံးကို ကြည့်နေတော့၏။

ကြည့်ပေါ့. .။ နှစ်ထောင်ကြီးတောင်လာဘ်တင်ထားရတာကိုး. .။

ထိုစဉ် မျက်လုံးမှိတ်ထားသော ဒေါ်ခင်မမ နှုတ်ဖျားလေးများ လှုပ်လာ၏။

"ဟော. . မြင်ပြီ. . မြင်ပြီ. ."

"ဘာ. . ဘာမြင်တာလဲ ဆရာမ"

"မင်းသား. . မင်းသား ပင်လယ်ကမ်းစပ်ရောက်နေတယ်"

"ဗျာ. . ပင်လယ်ကမ်းစပ်မှာ"

"ဟုတ်တယ်. . လှိုင်းလုံးကြီးတွေကြားမှာ ဘောကိုင်ပြီး ရပ်နေတယ်"

"ဆရာမ. . သားလေး ဘာများဖြစ်နေလဲဟင်"

"ဘာမှမဖြစ်ဘူး။ ရေကူးမလို့ထင်တယ်။ ဟော. . ဟော. . ရေထဲဆင်းသွားပြီ"

"ဘုရား. . ဘုရား. . ရေထဲများ ဆင်းသေမလား"

"မဖြစ်နိုင်ဘူး။ ဘောကိုင်ပြီး ဆင်းသွားတာ"

ဘောကိုင်ဆင်းသည့် ကိစ္စ မရှင်းလင်းသဖြင့် ဦးစိုးဝေက ရှင်းအောင်မေးသည်။

"ဆရာမ. . ဘယ်ဘောကိုကိုင်ဆင်းတာလဲဟင်. ."

"ကားကျွတ်ထင်တယ်။ ဘောမည်းမည်းပဲ"

"ဆရာမ. . ဘယ်ဘောက ဖြူဖြူရှိလို့လဲ"

"သိဘူးလေ. . တိတ်တိတ်နေ။ မင်းသား လှိုင်းကြားမှာ မျောနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . ကျွန်တော့်သားလေး သေပါပြီ"

"ဘာပြောနေတာလဲ၊ မင်းသားက လှိုင်းစီးတာ။ သေစရာ လား။ ဟော . . မင်းသားက ဒီဘက်ကိုကြည့်တယ်။ နေပါဦး . . ။ မင်း သားကို သိပါတယ်။ ဘယ်သူပါလိမ့်"

"စိုးမင်းဇော်လေ . ."

"ဟုတ်ဘူး"

"သားငယ် . . သားငယ် . . အိမ်မှာခေါ်တာ"

"ဟုတ်ဘူး"

"ဟုတ်ပါတယ် ဆရာမရယ်"

"မဟုတ်ဘူး . . ဒါ နာမည်ကြီးမင်းသားပဲ။ ဩော် . . သိပြီ . . သိပြီ . . လူမင်း"

"ဗျာ . . ကျွန်တော့်သားက လူမင်း မဟုတ်ပါဘူး။ စိုးမင်းဇော်ပါ"

"ရုပ်ရှင်မင်းသား လူမင်းကို ပြောနေတာ။ တိတ်တိတ်နေ . . အာရုံပျက်တယ်"

ဦးစိုးဝေ ငိုင်သွားရ၏။ ငိုပစ်လိုက်ချင်စိတ် ပေါက်သွား၏။

ဒေါ်ခင်မမကတော့ သူမြင်နေရသည့် ရုပ်ရှင်ရိုက်ကွင်းထဲမှ မင်းသားလူမင်းအား မြင်နေဆဲဖြစ်ပုံရ၏။ မျက်လုံးမှိတ်ရင်း ပြောနေ သေး၏။

"ဟော . . ဟော . . မင်းသား ဘောကိုင်ပြီး တက်လာပြီ။ ခန့်ချောကြီးတော့ . ."

ဟုတ်ကဲ့ . . ။

မင်းသားလူမင်း ခန့်ချောကြီးလုပ်နေသော ဒေါ်ခင်မမအား စိတ်မရှည်တော့သော ဦးစိုးဝေက တိတ်တိတ်လေး လက်သီးဆုပ်ပြပြီး သကာလ ဖလားထဲမှ ငွေနှစ်ထောင်ကို အသာပြန်နှိုက်ကာ ထပြေးလေ တော့၏။



အတန်ကြာမှ ဆရာမဒေါ်ခင်မမ မျက်လုံးဖွင့်ကြည့်တော့ လူရော ငွေပါ မမြင်တော့သဖြင့် ညည်းလိုက်ရှာသည်။

"ဟောတော့ . . ပျောက်စေဆရာနဲ့ တွေ့သွားပြီတော့"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ‹၃›

"မြတ်မိုးဆွေ . . ဟေ့ . . မြတ်မိုးဆွေ"

အိမ်ရှေ့မှ ကမျောသောပါးခေါ်သံကြောင့် မြတ်မိုးဆွေ ခေါင်းထောင်ကြည့်သည်။

"ဟဲ့ . . မျိုးမျိုး . . ဘယ်ကလှည့်လာလဲ"

"ဒီကိုပဲ တည့်တည့်လာတာ။ သတင်းထူးပါတယ်ဟ"

သတင်းထူးဆို၍ မြတ်မိုးဆွေ ပျော်သွားသည်။ မဟုတ်မှ လွဲရော။ သတင်းထူးဆို စိုးမင်းဇော်သတင်းပင် ဖြစ်ရမည်လေ။ မဟုတ်ရင်တော့ လွဲပေါ့။

"ဟဲ့ . . တံခါးစေ့ထားတာ။ တွန်းလိုက် . . လာ . . ဝင် . . မြန်မြန်"

မြတ်မိုးဆွေက ပန်းရုံကြားမှ ပြေးထွက်လာရင်း ပြော၏။



မျိုးမျိုးကတော့ ခြံတံခါးကို တွန်းဖွင့်ဝင်လာနေပါပြီ။

"မျိုး . . ပြော . . ဘာသတင်းထူးလဲ။ သူ့သတင်းလား"

"ဖြည်းဖြည်းမေးပါကွာ . . မောနေပါမယ်။ ဟုတ်တယ်။ သူ့သတင်း . . ။ သူ အိမ်ပြန်ရောက်နေပြီ"

"တကယ် . . ဝမ်းသာလိုက်တာဟယ်"

"အဖြစ်သည်းမနေနဲ့။ သူနဲ့ ဆွေနဲ့ ဘာတော်လို့လဲ"

"အို . . တော်ချင် တော်လာမယ့်ဥစ္စာပဲ။ ကဲပါ . . သူ့ဆီသွားကြရအောင်"

"သွားမလို့ လာခေါ်တာပဲ။ တစ်ခါတည်း လိုက်ခဲ့။ သူ့အိမ် တန်းသွားမှာ။ တင့်ဆွေတို့တောင် ရောက်နေလောက်ပြီ"

"အိုကေ . . သွားစို့လေ . . လက်စ်ဂိုး"

"ဟဲ့ . . အဝတ်အစားလဲဦးလေ"

"လဲမှာပေါ့ . . ခဏလေးစောင့်။ အိမ်ပေါ်တက်ထိုင်။ မေမေ ရှိတယ်။ မေမေ့ကို ပြောလိုက်ဦး"

မြတ်မိုးဆွေက အဝတ်လဲရန် အိမ်ပေါ်ပြေးတက်သွား၏။ မျိုးမျိုး နောက်မှ ကပ်လိုက်သွားသည်။ အိမ်ပေါ်တွင် ပုတီးစိပ်နေသော မိခင်က လှမ်းမေး၏။

"ဟဲ့ . . သမီး . . ဒါက ဘယ်လိုဖြစ်လာတာလဲ"

"ဘာမှမဖြစ်ဘူး မေမေ . . ။ သတင်းထူးရလို့ သတင်းသွားမေးမလို့"

"သတင်းရပြီးမှတော့ သွားမေးစရာ လိုသေးလို့လား"

မိခင်ကြီးက စေ့စပ်သည်။ သတင်းထူးရပြီးမှတော့ သွားမေးစရာမလိုဟု ဆိုသည်။ မျိုးမျိုးက ဝင်ရောက်ဖာသည်။ (သတိ ... တာစာစိမမခင်ဗျာ . . ဖာသည်နေရာတွင် 'သယ်' ဟု ... စေနှင့် မှားရိုက်မိလို့ကတော့ ကိုယ့်ပြဿနာ ကိုယ်ရှင်း။ စာရေးသူ)

www.burmeseclassic.com



"မှတ်ဘူး အန်တီရဲ့. . ။ သတင်းထူးက အသံပဲကြားရတာ။ ရုပ်မမြင်ရသေးဘူး။ ဒါကြောင့် ရုပ်ရော၊ အသံရော မြင်ရကြားရအောင် သွားကြရမှာ"

"ရုပ်မြင်သံကြားက လွှင့်မှာလား။ အိမ်မှာထိုင်ကြည့်လေ"

မြတ်မိုးဆွေ၏မိခင်ကြီးက ရစ်နေသဖြင့် မျိုးမျိုး လျှာတစ်လစ် ဖြစ်သွားသည်။

ထိုစဉ်မှာတင် မြတ်မိုးဆွေ အဝတ်လဲပြီး ပြန်ထွက်လာ၏။ မိခင်ကို ခွင့်တောင်းသည်။

"မေမေ. . သမီးသူငယ်ချင်း ပျောက်နေတဲ့ကိစ္စလေ. . အခု ပြန်တွေ့ပြီ ကြားတယ်။ ရုပ်ပါမြင်ရအောင် သမီး သွားကြည့်လိုက်ဦး မယ်နော်"

"အေး. . သွား. . ကြာမနေနဲ့။ သမီးအဖေ အလုပ်ကပြန် မလာခင် ပြန်ရောက်ပစေ"

"ဟုတ်. . "

"အန်တီ ခွင့်ပြုဦးနော်"

"ခွင့်မပြုဘူးဆို ထိုင်နေမှာမို့လို့လား"

"အန်. . အန်တီ သိပ်နောက်တာပဲ။ ဒါကြောင့် အန်ကယ်က ချစ်တာနေမှာ. . သွားပြီနော်"

"သွား"

မြတ်မိုးဆွေ၏မိခင်က ခပ်တည်တည်ပြောနေသဖြင့် မျိုးမျိုး မျက်နှာပိုးသပ်ကာ ထသွားသည်။ မြတ်မိုးဆွေကတော့ လှေကားရင်း တောင် ရောက်နေလေပြီ။

သိပ်မသွားချင်ရှာဘူးလေ။

□□□



## အခန်း ‹၄›

ကျွန်တော့်အိမ်မှာ လူစုံတက်စုံရောက်နေကြ၏။

ကျွန်တော့်အား ဝိုင်း၍ မေးနေကြ၏။ ကျွန်တော်က ဟုတ် တာတွေရော မဟုတ်တာတွေပါ အာကောင်းကောင်းဖြင့် ရှိန်းနေသည်။

အားလုံး ပါးစပ်လေးတွေဟလို့၊ ခေါင်းလေးတညိတ်ညိတ် ဖြစ်နေကြသည်။

မြတ်မိုးဆွေကတော့ ကျွန်တော်ပြောသမျှအထဲတွင် ဖူးပွင့်ဝေ ဆို စိတ်အဝင်စားဆုံးဖြစ်နေသည်။

ကျွန်တော့်စကားအရဆို တစ္ဆေမလေး ဖူးပွင့်ဝေသည် သူနှင့် ညီအစ်မတော်နေသည်။

ကျွန်တော်ရှိန်းနေသည်ဟု ထင်နေသော်လည်း တကယ် မှော်

တာတွေပါနေမှန်းတော့ သိပုံရသည်။ ဖူးပွင့်ဝေနှင့်ပတ်သက်၍ ပြောသမျှ အမှန်တွေဖြစ်နေသဖြင့် အံ့ဩနေပုံရသည်။

တကယ်လည်း သူညီမလေး ဖူးပွင့်ဝေသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က ဆုံးပါးသွားခဲ့ပါသည်။ မဆုံးခင် လဝကမှာ လုပ်ခဲ့တာလည်း မှန်နေသည်ပဲလေ။

လူလစ်ချိန်တွင် မြတ်မိုးဆွေက ကျွန်တော့်နားကပ်၍ပြောသည်။

"ကိုစိုးမင်းဇော်"

"ခင်ဗျာ"

"ခုနပြောပြခဲ့တာတွေဟာ အကုန်အမှန်ပဲလား"

"ဟုတ်. ."

"ဖူးပွင့်ဝေနဲ့ တကယ်တွေ့ခဲ့လား"

"ဟုတ်. ."

"တစ္ဆေရှိတယ်ဆိုတာ နင်ယုံလား"

"ယုံရမယ်လေ. . ကိုယ်တိုင်ရောက်ခဲ့၊ တွေ့ခဲ့ပြီပဲဟာ"

"ကျွန်မတော့ မယုံဘူး"

"ဒါဆို မြတ်မိုးဆွေက ဘုရားဟောကိုတောင် မယုံတဲ့သဘောလား။ ဘုရားဟောထဲမှာတောင် ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲဆိုတာ ပါတယ်လေ။ အပယ်ဘုံသားတွေလေ။ မြတ်မိုးဆွေ အပယ်လေးရပ်ကို သိလား"

"သိသားပဲ။ အရပ်လေးပေလောက်ရှိတဲ့ မှင်စာမျိုးတွေ မဟုတ်လား"

မြတ်မိုးဆွေ ရမ်းတီးလိုက်၏။ တက်တက်စင်အောင် လွဲပါလေရော။ ကျွန်တော်က ဆရာကြီးဂိုက်ဖြင့် ပြောလိုက်သည်။

"ကျွတ်. . အပယ်လေးရပ်ဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ ဘုံလေးရပ်ကို ပြောတာ"



"ကလေးကအစ သိတယ်"

မြတ်မိုးဆွေက ခပ်တည်တည်ပြော၏။ မျိုးမျိုးက ဝင်ဖောသည်။

"အပါယ်လေးရပ်ဆိုတာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း သိပါတယ်ဟယ်။ မြတ်မိုးဆွေက နင့်ကိုရစ်နေတာ။ သူသိချင်တာ ဖူးပွင့်ဝေကိစ္စဟဲ့"

"ဟုတ်တယ်. . ဖူးပွင့်ဝေကိစ္စကိုပဲ ငါ သိချင်တယ်။ နင် တကယ်မဟုတ်ဘဲနဲ့ လျှောက်ပြောနေတာဆိုရင် နင့်ကို တရားစွဲမယ်"

"အေး. . ငါပြောတာတွေ မှန်နေတယ်ဆိုရင်တော့ ငါက နင့်ကို တရားပြန်စွဲရမလား"

"စွဲ. ."

"အေး. . စွဲမယ်. . ပုဒ်မ ထောင့်ငါးရာနဲ့ကို စွဲပစ်မယ်"

"အံမယ်. . ငါက နင့်ကို ပုဒ်မ လေးထောင့်ငါးရာနဲ့ ပြန်စွဲပစ်မယ်"

ကျွန်တော်နှင့် မြတ်မိုးဆွေတို့ အပြန်အလှန် ငြင်းခုံနေကြတုန်း တင့်ဆွေက ဝင်ဖောက်၏။

"စိုးမင်းဇော်ပြောတာတွေ ငါယုံတယ်။ ငါ နိုင်ငံခြားရုပ်ရှင်ကားတစ်ကား ကြည့်ဖူးတယ်။ ဂျန့်ပါတဲ့ဟ"

"အဝေးခုန်အားကစားသမားလား"

မျိုးမျိုးက ဝင်မေးခြင်းဖြစ်သည်။ တင့်ဆွေက ခေါင်းရမ်းပြရင်း. .

"မဟုတ်ဘူးဟ. . မင်းသားက သူ့မျက်စိရှေ့က မြင်ကွင်းကို စိတ်ကူးလိုက်တာနဲ့ အဲဒီနေရာ ရောက်သွားတာဟ။ စိုးမင်းဇော်မှာလည်း အဲဒီလို ပါဝါတစ်မျိုး ရသွားတာနေမှာ"

ဟုပြောရာ မြတ်မိုးဆွေက ဝင်မေး၏။

"ဘာပါဝါလဲ. . ။ အချိုရည်လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ အင်္ဂလိပ်လို အတိုကောက်တော့ အေကေကေ ပါဝါပဲဟ"

"အဓိပ္ပာယ်က. ."

မျိုးမျိုးက ဝင်မေးသည်။ တင့်ဆွေက ခပ်တည်တည်အာသာ ပြန်ပြ၏။

"အေကေကေရဲ့ အဓိပ္ပာယ်ကတော့ အူကြောင်ကြားပေါ့ဟာ"

"ဝါး. . ဟား. . ဟား"

ရေခဲမုန့်ကြော်ငြာဝင်ခြင်းမဟုတ်။ အားလုံး ဝိုင်းရယ်ကြခြင်း ဖြစ်သည်။

သူတို့ရယ်သံကြောင့် နောက်ခန်းတွင် ထမင်းစားရန်ပြင်နေသော ဦးစိုးဝေ ပြေးထွက်လာသည်။

"ဟော့. . ရေခဲမုန့်လား. . အန်ကယ့်ဖို့ပါဝယ်ထားလိုက်စမ်းပါ"

ဦးစိုးဝေကပါ ရေခဲမုန့်ထင်ပြီး မှာကြားကာ ပြန်ဝင်သွား၏။ အားလုံး မျက်နှာများက ပြုံးစေ့စေ့။

မပြုံးနိုင်သူမှာ ကျွန်တော်. .

နှုတ်ခမ်းကို ကိုက်၍ မျက်နှာထားတင်းတင်းလုပ်ထားမိသည်။ တစ်စုံတစ်ရာကို စေ့စေ့တွေးနေမိသည်။

စေ့စေ့တွေးတော့ ချေးရေးပေါ်သည်။ ကျွန်တော့်စိတ်ထဲမှ ပြင်းပြင်းပျပျဖြစ်လာလျှင်တော့ စိတ်ကူးရသို့ ရောက်သွားတတ်သည်။

ဂျပန်သွားဖို့ စိတ်ကူးတုန်းက ဘာကြောင့် မရောက်သနည်း။

စိတ်ဓာတ်အင်အားလိုပုံရသည်။ စိတ်နေပါဝါခြင်း ကွာခြားပုံရသည်။

သူတို့ကို လက်တွေ့ပြရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ယခုဆို ကျွန်တော့်စိတ်သည် ပြင်းပြနေပါပြီ။ ပြင်းတာကို အိပ်ပြလို့ မဖြစ်။ ဘယ်လောက်ပါဝါပြင်းကြောင်း ပြဖို့လိုသည်။



"ကဲ. . အားလုံးနားထောင်ကြ"

ကျွန်တော့်လေသံထန်ထန်ကြောင့် အားလုံး လှန်ကြည့်ကြသည်။ မျက်လုံး. . ။

ဘာပြောမလဲဟု နားစွင့်ကြသည်။ မျက်လုံးလေးတွေ ပုတ်ခတ်ပုတ်ခတ်လုပ်နေကြ၏။

ကျွန်တော်က လေသံမာမာဖြင့် စကားစပြောလိုက်သည်။

"အားလုံး ကြည့်လိုက်ကြစမ်း"

သူတို့အား ကျွန်တော့်ကို ပြူးပြဲ၍ စုပြုံကြည့်ကြသည်။

"ငါ့ကိုကြည့်ခိုင်းတာမဟုတ်ဘူး။ နံရံက ပြက္ခဒိန်ကို ကြည့်ခိုင်းတာ"

အားလုံး ပြက္ခဒိန်ရှိရာသို့ မျက်နှာမူသွားကြ၏။ ယိမ်းကကြသလိုပါပဲ။

"တွေ့ကြလား"

ကျွန်တော့်လေသံမာမာ. .

အားလုံးက လေသံပြင်းပြင်းဖြင့် ပြန်ပြောကြသည်။

"တွေ့တယ်. ."

"မြင်တယ်. ."

"နှစ်ထောင်ရှစ်ပြက္ခဒိန်လေ. . မြင်သားပဲ"

ကျွန်တော်က လေသံပြင်းဖြင့် ပြန်ပြောလိုက်၏။

"သေချာကြည့်ထားကြ။ ပြက္ခဒိန်ထဲက ရှုခင်းဟာ ဂျပန်ပြည်က ဖူဂျီယာမတောင်ပဲ။ အဲဒီတောင်မှာ ဖုံးလွှမ်းနေတဲ့ ဆီးနှင်းတွေကို ငါ ယူလာပြမယ်"

ကျွန်တော့်စကားကြောင့် အားလုံး မျက်လုံးတွေပြူးကျန်ကြ၏။ ကျွန်တော့်ကို ပြူးကြည့်နေကြသည်။ အချင်းချင်း လက်ကုပ်နေကြ၏။

www.burmeseclassic.com



မျိုးမျိုးက ခေါင်းခါပြနေသည်။ မြတ်မိုးဆွေကတော့ ရင်ဘတ်လေးဖိရင်း တွေးနေ၏။

"ဝမ်းနိုင်းနိုင်း ဆက်ရမှာလား၊ စိတ်ရောဂါကုဆေးရုံဆက်ရမှာလား၊ မီးသတ်ဆက်ရမှာလား.. တစ်ခုခုတော့ လုပ်မှထင်တယ်"

မြတ်မိုးဆွေ တွေးနေတာကို ကျွန်တော် ရိပ်မိသဖြင့် ခပ်ထန်ထန်ခေါ်လိုက်သည်။

"မြတ်မိုးဆွေ"

"ဟဲ့.. ပလုတ်တုတ်"

"ဘာတွေ တွေးနေတာလဲ"

"ဟို.. ဟို.. ပါဝါ.. ပါဝါ.. အေကေကေပါဝါ.."

"မယုံဘူးလား"

"ဘယ်လိုပြန်ပြောရမှန်းတောင် မသိဘူး။ နေကောင်းလားဟင်"

"ကိုယ့်ကို အထင်စမောနေတယ်ပေါ့"

"ဟုတ်.. အယ်.. မဟုတ်"

"ကဲ.. ကြာတယ်ဗျာ.. မကြာခင် ဂျပန်ပြည်က ဆီးနှင်းခဲတွေမြင်ရစေမယ်.. ကဲ.. ကြာသလားလို့"

ကျွန်တော်က မခံချင်စိတ်ဖြင့် ပြက္ခဒိန်ကို စေ့စေ့ကြည့်ကာ ဖူဂျီယာမတောင်ကြီးကို စူးရဲစွာ ကြည့်လိုက်၏။

လက်တစ်ဖက်က ရင်ဘတ်မှာကပ်ပြီးသကာလ တစ်ဖက်က မိုးပေါ် မြှောက်ထားလိုက်သည်။

စူပါမင်းလိုလို ဘာလိုလို..။

သိမ့်ခနဲဖြစ်သွားသလို ခံစားလိုက်ရ၏။

ထို့နောက်မှာတော့...

□□□

## အခန်း ‹၅›

"ပျောက်သွားပြီ.. ပျောက်သွားပြီ.."

"ဟယ်တော့.. တကယ်ပျောက်သွားတာ.."

"ဟီး.. ဟီး.. စိုးမင်းဇော်ရေ.. ဘယ်ရောက်သွားရတာလဲ.. ပျောက်ပြန်ပြီဗျ"

အိမ်ရှေ့မှအသံများကြောင့် အဘွားတင်နှင့် ဦးစိုးဝေတို့ပါ ပြေးထွက်လာကြ၏။

"ဟဲ့.. ဘာပျောက်ကြလို့လဲ"

"ဘာပျောက်လို့လဲ.. ပိုက်ဆံလား"

"မဟုတ်ဘူး အန်ကယ်ရဲ့.. လူ.. လူ.. ပျောက်တာ"

"ဩော်.. ဒါများ.. အလန့်တကြား.. ရှာကြလေ.. တွေ့မှာပေါ့။ လာကတည်းက ပါလာလို့လား"

www.burmeseclassic.com



"ပါလာစရာမလိုဘူး အန်ကယ်ရဲ့။ ဒီအိမ်ကလူ ပျောက်တာ"

"ဘယ်သူလဲ"

"စိုးခင်ဇော်"

"တိုက်. . ဒီကောင် ပျောက်ပြန်ပလား။ ဒေါ်ခင်မမဆီပြေးမှ. ."

ဦးစိုးဝေက အရေးထဲ အကြားအမြင်ဆရာမကြီးထံ ပြေးမည်ချည်း လုပ်နေသဖြင့် အဘွားတင်က ဆွဲထားရသည်။

"ဟဲ့. . စိုးဝေ. . ထစ်ခနဲရှိ ခင်မမ တ,မနေနဲ့။ သားပျောက်ပြန်ပြီ၊ အိမ်ထဲမှာရှာ"

"ဟုတ်ကဲ့. ."

ဦးစိုးဝေ ဧည့်ခန်းမှာ ပတ်ရှာ၏။ အားလုံးလည်း ဝိုင်းရှာကြ၏။ ထိုင်ခုံအောက်များ၊ ဗီရိုထဲ၊ ဖျာလိပ်ထဲမကျန် ရှာကြ၏။ မတွေ့။ မတွေ့ကြသည့်အဆုံး အားလုံးပင် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ကြောင်စီစီဖြစ်နေကြသည်။

ဘယ်လိုလဲ. . ဘာလဲ. . ဟူသော အကြည့်မျိုးတွေဖြစ်နေကြသည်။

တင့်ဆွေက စပြောသည်။

"ဒီကောင် မခံချင်စိတ်နဲ့ ကီထည့်ပြီး လစ်သွားတာ။ ပါဝါ. . သူ့မှာ တကယ် ပါဝါရှိနေပြီ"

"ဟဲ့. . ငါ့မြေးမှာ ပါဝါရှိတာ ကြာပြီ။ အရင်က ဒီလိုမဖြစ်ဖူးပါဘူး"

အဘွားတင်က သူ့မြေး ပါဝါအချိုရည်ဘူးတွေ သောက်တတ်၍ ပါဝါရှိတာလို့ပြောခြင်းဖြစ်၏။ ဦးစိုးဝေက ဖြတ်ပြောသည်။

"အမေကလည်း. . ပါဝါဆိုတာ အချိုရည်ပြောတာမဟုတ်ဘူး။ စွမ်းအင်ကို ပြောတာ။ စိတ်စွမ်းအင်ကို ပြောတာ"



"ဟုတ်လား. . ဒုက္ခပါပဲ။ ထစ်ခနဲရှိ ဒီလို ပျောက်ပျောက်နေရင် ဘယ်လိုလုပ်မလဲ။ ရှာကြပါဦး။ ငါ့မြေးလေး ဒုက္ခရောက်နေပြီမယ်"

အဘွားတင်က စိုးရိမ်တကြီးပြောတော့ ဦးစိုးဝေက အားပေးသည်။

"အမေ ဘာမှမပူနဲ့။ ကျွန်တော် အကြားအမြင်ဆရာမကြီးဆီ ပြေးမေးလိုက်မယ်"

"အရေးထဲ မင်းကလည်း ဇမ္ဗော်။ အားအားရှိ ဒီဆရာမ. . အိမ်သာခေါ်ပင့်ထားလိုက်တော့. ."

"တကယ်. ."

အရေးထဲ ဦးစိုးဝေက တကယ်လား လုပ်နေ၏။ အဘွားတင်မျက်စောင်းထိုးသည်။

မြတ်မိုးဆွေက ညည်းရှာသည်။

"ဒါ. . သမီးတို့ကြောင့် ဖြစ်ရတာ။ သမီးတို့က သူ့ကို မယုံသလို ဝိုင်းရယ်လိုက်ကြလို့ ရှက်သွားတာ"

"ဟုတ်တယ်. . ရှက်ပြီး ရှက်ကီထည့်လိုက်လို့ တကယ်ပျောက်သွားတာ"

မျိုးမျိုးက မျက်နှာငယ်လေးနှင့် ဝင်ပြောရှာသည်။ တင့်ဆွေသော့ လူတတ်ကြီး လုပ်ပြော၏။

"ဘာမှ ပူမနေကြပါနဲ့။ ဒီကောင် မကြာခင် ရောက်လာမှာပါ။ အကြာကြီး မနေဘူး။ ဟို ဖူဂျီယာမတောင်က ဆီးနှင်းတွေ သွားပြီး ပြန်လာမှာ။ သက်သေပြမလို့လေ. ."

တင့်ဆွေစကားကြောင့် အားလုံး ဟိုမျှော် ဒီမျှော် မျှော်ကြည့်ကြ၏။

စူပါမင်းလို ဝုန်းခနဲ ခေါင်မိုးပေါ်ကပဲ ကျလာမလား။ မြတ်မင်းတံခါးကပဲ ပျံဝင်လာမလား တွေးရင်း မျှော်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . .

"ဝုန်း . . ဝရုန်း . ."

"အား . . ချမ်းတယ်ဗျ . . ခိုက် . . ခိုက် . . ခိုက်"

ဧည့်ခန်းထဲသို့ ဘွားခနဲ ကွေးကွေးလေးရောက်လာသော ကျွန်တော့်ကိုကြည့်၍ အားလုံး အံ့အားသင့်နေကြသည်။

ကျွန်တော်က လက်ထဲမှ ဦးထုပ်ကို တင့်ဆွေအား လှမ်းပေး ရင်း ပြောလိုက်၏။

"ဒါ . . ဒါ . . ဖူဂျီယာမက ဆီးနှင်းတွေ . .။ အားလုံး နည်း နည်းစီ စားလိုက်ကြ . . အား . . ချမ်းလိုက်တာဗျာ"

ကျွန်တော့်မှာ တစ်ကိုယ်လုံး ဆီးနှင်းများတင်လျက် တခိုက် ခိုက်တုန်နေသဖြင့် အားလုး အံ့အားသင့်နေကြသည်။

"အီး . . ချမ်းတယ် . . ဘာကြည့်နေကြတာလဲ . . ချမ်းတယ် ရေ . . ရေ . . ပေးပါ"

အဘွားတင်က ပျာပျာသလဲ ရေခဲသေတ္တာထဲမှ ရေပုလင်း ထုတ်လာပေး၏။

"အံ့မယ်လေး . . ချမ်းပါတယ်ဆိုမှ . . ရေနွေးပူပူလေးပေးပါဗျ"

အဘွားတင်က ဓာတ်ဘူးပြေးဆွဲပြီး ရေနွေးငှဲ့ပေး၏။ ကျွန် တော် မော့ချလိုက်ပါသည်။

"အား . . ပူတယ် . . ပူတယ်"

ကျွန်တော် အော်မိသဖြင့် အဘွားတင်က မျက်မှောင်ကုပ်က ပြော၏။

"အမျိုးမျိုး . . အခု ချမ်းတယ် . . အခု ပူတယ်နဲ့ . . မူလ သွန်နီ"

"တကယ်ချမ်းတာ အဘွားရဲ့ . . ကျွန်တော် ဂျပန်က ပြန်လာ တာ"



"ဟုတ်ဘဲနဲ့"

အဘွားက မယုံသလို ပြော၏။

"ဟုတ်ပါတယ် . . ဟိုမှ သက်သေ ဖူဂျီယာမတောင်က ဆီး နှင်းတွေ၊ ဦးထုပ်နဲ့ ကောက်ထည့်လာတာ"

တင့်ဆွေလက်ထဲရှိ ဦးထုပ်ထဲမှ ဆီးနှင်းခဲများကိုကြည့်၍ အဘွားတင် ဇဝေဇဝါဖြစ်နေသည်။

မြတ်မိုးဆွေကတော့ သေချာအောင် ထပ်မေးသည်။

"ကိုစိုးမင်းဇော် . . တကယ်ပဲ ဂျပန်ကပြန်လာတာနော်"

"အင်းလေ . ."

"ဒါဆို . . ကားပါလာလား"

"ဟင့်အင်း . ."

"အပေါ်စက်ရော . ."

" နိုး . ."

"အောက်စက်"

"ဟင့် . . အင်း"

"ရေခဲသေတ္တာ၊ ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်ကင်မရာရော . ."

"ပါဘူး . . ဆီးနှင်းပဲပါတယ်"

"ဂျပန်ရောက်ရက်နဲ့ အဖြစ်မရှိလိုက်တာ။ ဆီးနှင်းပဲ သယ်ခဲ့ ရတယ်လို့"

"အန်"

ကျွန်တော် ညစ်သွားသည်။ ပါဝါကို တန်ဖိုးမထား၊ ပစ္စည်း မက်တဲ့ မိန်းကလေးပါလား တွေးမိသည်။ ဘာမှတော့ မပြောရဲ။

လောလောဆယ် ကျွန်တော် ချမ်းနေသည်။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ဂျပန်ရောက်လျက်နှင့် ဆီးနှင်းပဲပါလာသည်ဆိုတော့ လူညံ့ဖြစ်ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းကို ဗျင်းဗျင်းနေအောင် ကုတ်မိသည်။ ကျွန်တော့်ခေါင်းပေါ်မှ ဆီးနှင်းတချို့ ကျလာ၏။

ထိုဆီးနှင်းများကို တစ်လှည့်၊ သူ့လက်ထဲမှ ဆီးနှင်းများကို တစ်လှည့်ကြည့်ရင်း တင့်ဆွေ အလန့်တကြားအော်သည်။

"ဟာ. . ဟ. . ပြက္ခဒိန်ထဲက ဖူဂျီယာမတောင်ထိပ်က ဆီးနှင်းတွေမှာ ကွက်ပြီးပျောက်နေတယ်ဟ"

အားလုံး ပြက္ခဒိန်ကို လှမ်းကြည့်ကြသည်။

"ဟုတ်ပါ့"

ပြက္ခဒိန်ထဲမှ ဖူဂျီယာမတောင်ထိပ်နေရာတွင် ဆီးနှင်းတချို့ ပျောက်နေသည်။ ကွက်ကွက်လေး ဖြစ်နေ၏။

"အစက တစ်တောင်လုံး ဆီးနှင်းတွေအပြည့်ပါ"

"ဟုတ်တယ်. . ခုနကပဲ ကြည့်ကြသေးတာ။ ဆီးနှင်းတွေ အပြည့်ပဲ"

"ခုနက ခုလို ကွက်မနေဘူး"

တစ်ယောက်တစ်ပေါက်ပြောနေကြ၏။ အဘွားကလည်း ရောက်၍ ပြက္ခဒိန်ကပုံကို ကြည့်နေ၏။ ဖေဖေကလည်း ကြည့်ရင်း တစ်စုံတစ်ရာ တွေးနေဟန်ရှိသည်။

ပြီး. . ကျွန်တော့်ကို လှမ်းကြည့်သည်။

ကျွန်တော်က လက်မထောင်ပြလိုက်မိ၏။ ဖေဖေက လက်သီးဆုပ်ပြသည်။ သတိထားပေါ့။

ကျွန်တော်က ခိုက်ခိုက်တုန်စွာချမ်းနေသည့်ကြားမှ မတ်တတ်ရပ်လိုက်သည်။

အားလုံး ကျွန်တော့်ကို ဝိုင်းကြည့်နေကြသည်။

တင့်ဆွေက လက်ထဲမှ ဆီးနှင်းများကို တစ်လှည့်၊ ပြက္ခဒိန်က ဆီးနှင်းကွက်ကို တစ်လှည့် ကြည့်နေသည်။



အားလုံး အကြည့်များကလည်း တင့်ဆွေအတိုင်းပင်။

ကျွန်တော်က သူတို့အားလုံးကိုကြည့်ကာ ထိမထင်ဟန်ဖြင့် ပြောလိုက်၏။

"အေး. . အခု တင့်ဆွေလက်ထဲက ဆီးနှင်းတွေဟာ ဖူဂျီယာမတောင်ထိပ်ကပဲ။ ငါ အဲဒီနေရာကယူခဲ့တာ"

ပြောလည်းပြော၊ ပြက္ခဒိန်က ကွက်နေသော ဆီးနှင်းကွက်နေရာလေးကိုလည်း လက်ညှိုးဖြင့် ပြလိုက်သေး၏။

အားလုံး ဘာမှပြန်မပြောကြ။

ကြောင်ကြည့်ကြွက်ကြည့် ဖြစ်နေကြသည်။

ကျွန်တော်က ခပ်ပြုံးပြုံးလေးဖြင့် ဆက်ပြောလိုက်၏။

"အေး. . အခုခေါက်က ရုတ်တရက် တောင်ထိပ်ကို တန်းသွားရတာမို့ ဆီးနှင်းပဲ ပါလာတာ။ နောက်အခေါက်တွေဆိုရင် ကားပါ ထမ်းပြန်လာခဲ့မယ်"

ကားပါမည်ဆိုသဖြင့် မြတ်မိုးဆွေမျက်နှာလေး ဝင်းသွားသည်။ ကျွန်တော့်ကို လှမ်းပြော၏။

"စိုးမင်းဇော်. . တကယ်နော်"

"တကယ်. . ကားထဲမှာ တီဗီရော၊ အောက်စက်ရော၊ ဒစ်ဂျစ်တယ်ကင်မရာတွေရော ထည့်လာခဲ့ဦးမှာ"

"ဒါမှ ဒို့မောင်လေးတော့"

"ဟေး. ."

"ဟေး. ."

"ဟေး. ."

အားလုံး ဝိုင်းအော်ကာ ကောင်းချီးပေးကြ၏။ ကားပါမည်ဆိုတာကိုး. .။

ဖေဖေက သူလိုအပ်နေသည့်ပစ္စည်း မှာနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သား . . နောက်တစ်ခေါက်သွားရင် ဂျပန်မလှလှလေးပါ ထားခေါ်တင်နဲ့"

ကျွန်တော် ပြုံးမိ၏။

ဖေဖေက သား ကားရော ပစ္စည်းပါ ထမ်းလာတာ မြင်ချင်ပုံ ရ၏။

ခေတ်မီ၊ ခေတ်သစ် ဖေဖေပါတည်း။

❑❑❑

## အခန်း ‹၆›

"ဂျာနယ်တွေရမယ် . . တစ္ဆေတိုင်းဂျာနယ်၊ အမှောင်တန်း ဂျာနယ်၊ ခပ်သွက်သွက်ဂျာနယ်တွေ စုံတယ်နော်"

"ဂျာနယ်တွေ . . ဂျာနယ်တွေ . . သတင်းထူးပါတယ်။ ရှိုးပွဲမှာ မယ်ဘွဲ့ရသွားတဲ့ မော်ဒယ်လ်မလေးရဲ့နောက်ကွယ်က ဝိညာဉ်လူသား၊ ဘာလိုညာလို သတင်းတွေ ဖတ်ရမယ်နော်"

မှိုင်းပျပျ တစ္ဆေပြည်ကြီးဝယ် ဂျာနယ်များ အရောင်းသွက်နေ၏။

အာပလာမယ်ဘွဲ့ရသွားသော ဖူးပွင့်ဝေ၏သတင်းတွေ လှိုင်နေသည်။ ဖူးပွင့်ဝေအား လူသားဝိညာဉ်က ကူညီစောင်မသဖြင့် မယ်ဘွဲ့ရသွားသည် စသည်ဖြင့် စုံနေသည်။

ဖူးပွင့်ဝေကို စောင်မသူမှာ ဝိညာဉ်လူသားတဲ့။ စိုးမင်းဇော်ကို ပြောခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးမင်းဇော် တစ္ဆေပြည်မှာမွေ့ခဲ့သမျှ တစ္ဆေတိုင်းဂျာနယ်က ဖော်ထုတ်ရေးသားထားသည်။ (ထိုအကြောင်းများကို 'တစ္ဆေချစ်သော ကျွန်တော်' ဝတ္ထု၌ ဖော်ပြထားပြီးဖြစ်သည်။ စာရေးသူ)

ဖူးပွင့်ဝေ၏ဘေးမှာလည်း ဂျာနယ်လစ်တွေ ဝိုင်း၍ဗျူးနေကြသည်။

စာစ္ဆေမှုခင်းဂျာနယ်မှ သတင်းထောက်မောင်က အပီရှိုးရင်းဘူးသည်။ အဲ. . ဗျူးသည်။ လူပြည်က သတင်းထောက်ခင်နှင့် ဘာတော်သည်လည်းတော့ မသိ။

သတင်းထောက်မောင်က မျက်လုံးပြူးကြီးနှင့် မေး၏။

"သမီးနာမည်က. ."

"ဖူးပွင့်ဝေပါ"

"အသက်က. ."

"ဆယ့်ကိုး. ."

"လှန်ဖို့လိုလား"

"ရှန်. ."

"ဆောရီ. . ချဲ့မှုနဲ့ ရောသွားလို့။ သမီးကို လူသားဝိညာဉ်က စောင်မနေတယ်ဆို"

"အို. . ဘယ့်နှယ့် စောင်မရမှာလဲ။ စောင်မရင် အရှက်ကွဲမှာပေါ့။ စောင့်ရှောက်တယ်လို့ ပြောရမှာပေါ့နော်"

"သမီးကို စောင့်ရှောက်တဲ့လူသားဝိညာဉ်က ဘိုးတော်လား"

"ဘယ့်နှယ့် ဘိုးတော်ရမှာလဲ၊ ငယ်ငယ်ချောချောလေးပဲ။ သမီးနဲ့ ရွယ်တူပဲ"

"အခုရော. . စောင့်ရှောက်သေးလား"

"ဟင့်အင်း. . ပြေးပြီ"

"ဘာဖြစ်လို့လဲ"



"လူနှင်ဂါထာကြောက်လို့တဲ့"

ဖူးပွင့်ဝေက တလွမ်းမက်မက် ပြောသည်။ တမြေ့မြေ့ ဆွေးနေပုံလည်း ရသည်။ တရွှေ့ရွှေ့အရောက် လှမ်းသွားချင်ပုံလည်းရသည်။

ဒါကိုမြင်သော သတင်းထောင်မောင်က ဖျတ်ခနဲ ဓာတ်ပုံရိုက်လိုက်သည်။

"ဦး ဘာလုပ်တာလဲ"

"သမီး ဖီးအပြည့်နဲ့ပုံလေး သဘောကျလို့ တစ္ဆေမလေးရဲ့ အလွမ်းဆိုပြီး ဂျာနယ်ထဲထည့်မလို့"

"ဦးနော်. . မ်းကို မပြောမဆိုနဲ့ တစ္ဆေစာနယ်ဇင်းကို တိုင်လိုက်ရမလား"

"မလုပ်ပါနဲ့ သမီးရယ်. . ဦးက သမီးလွမ်းနေပုံလေး သဘောကျလို့ပါ။ သမီးမျက်နှာလေးက လွမ်းနေတော့ ပိုလှတယ်"

"တကယ်"

"နှစ်ကယ်ပါ"

"ပြီးရော. . ထည့်လိုက်လေ. . စာနယ်ဇင်းလည်း တိုင်တော့ဘူး"

ဖူးပွင့်ဝေတစ်ယောက် အမြောက်ကျည်ထိပြီး ခွေကျသွားလေပြီ။ အောသဘူး. . ဦးသဘောဖြစ်သွားပြီလေ။

သတင်းထောင်မောင်က ပီတိဝေကာ သတင်းယူပြန်သွားပြီးနောက် စာရေးဆရာတစ်ယောက် ရောက်လာပြန်၏။

"ဒေါက်. . ဒေါက်. ."

"ဘယ်သူလဲ"

"ဦးပါ"

"ဘယ်က ဦးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာ မင်းမြတ်ကျော်ကောင်"

"ဪ. . သိတယ်. . သိတယ်. . ဝင်ခဲ့လေ"

ဆရာမင်းမြတ်ကျော်ကောင် ခပ်တည်တည်ဝင်လာ၏။ ဖူးပွင့်ဝေတို့ စေ့စေ့ကြည့်ကာ မေးသည်။

"သမီးနာမည်က ဖူးပွင့်ဝေနော်"

"ဟုတ်ကဲ့ရှင့်"

"သမီး မယ်ဘွဲ့ရထားတယ်နော်"

"မှန်ပါတယ်ရှင့်"

"သမီး မယ်ဘွဲ့ရတဲ့ကိစ္စမှာ ရဂမ္ဘီဆန်ဆန်ကိစ္စလေးတွေကြား လို့ လာခဲ့တာ"

"ရှန်. . ဂမ္ဘီရမဟုတ်ဘူးလား"

"မဟုတ်ဘူးကွဲ့. . သမီး အမှတ်လွဲနေတာ။ ဂမ္ဘီရဆိုတဲ့ အသုံး က လူ့ပြည်မှာ သုံးတာ။ ဦးတို့ တစ္ဆေပြည်မှာက ရဂမ္ဘီလို့ သုံးရတယ်။ သဘောချင်းက အတူတူပါပဲ"

ဆရာမင်းမြတ်ကျော်ကောင်က ရှင်းပြနေ၏။ သူရှင်းပြမှ ပိုရှုပ် နေသဖြင့် ဖူးပွင့်ဝေ ခေါင်းကုတ်သည်။

"ဦး. . ဘာသိချင်လဲ"

"သမီးကို ကူညီစောင့်ရှောက်တဲ့ လူသားဝိညာဉ်နဲ့ ဘယ်လို စတွေ့လဲ"

"ဟီး. . ပန်းခြံထဲမှာတွေ့တာ"

"ဘယ်လိုတွေ့လဲ"

"နောက်ကျောက စတွေ့တာ။ ထူးတော့ထူးတယ် ဦးရဲ့"

"ထူးပုံကို ပြောပါဦး။ ဦးက ရဂမ္ဘီဝတ္ထုရေးမလို့ လာတာ"

"ဦး. . ရဂမ္ဘီတွေ၊ ဂမ္ဘီရတွေ သမီး နားမလည်ဘူး။ ဦး ရှီးချင် ရာရှီး. . အဲ. . ရေးချင်ရာရေး. . ထူးခြားတာကို ပြောပြမယ်"



"ပြော. ."

ဆရာမင်းမြတ်ကျော်ကောင်က ဘောပင်နှင့် မှတ်စုထုတ်၍ ရေးမှတ်ရန် အသင့်ပြင်၏။

ဖူးပွင့်ဝေက ကောင်းတောင်းရှိုးတော့သည်။

"ဒီလို. . ဦးရဲ့. . သမီး နေ့တိုင်း အိပ်တိုင်းအိပ်မက်တွေ မက် တယ်။ အိပ်မက်ထဲမှာ မျက်လုံးစိမ်းကြီးနှစ်လုံးက သမီးကို စိုက်ကြည့် နေတယ်"

"အစိမ်းနုလား၊ အစိမ်းရင့်လား၊ ဖက်ဖူးရောင်လား"

"အို. . ဦးကလည်း. . မျက်လုံးစိမ်းဆိုတာ တင်စားပြောတာ။ မီးမသိတဲ့ တစိမ်းရဲ့မျက်လုံးကို ပြောတာ။ ဦးကလည်း စာရေးဆရာ လုပ်နေပြီး ပိန်းပ့ါ"

ဖူးပွင့်ဝေအပြောကြောင့် ဆရာမင်းမြတ်ကျော်ကောင် တွန့် သွား၏။

သို့သော် ဘာမှပြန်မပြော။ ဖူးပွင့်ဝေ၏အပြောကိုသာ ငုံ့လင့် ရင်း ဘောပင်တပြင်ပြင်လုပ်နေသည်။

"အဲဒီ အိပ်မက်က နေ့ခင်းအိပ်ချိန်ရောက်လို့ အိပ်ပြီဆိုတာနဲ့ မက်တော့တာပဲ"

"မျက်လုံးပဲလား၊ လူမပါဘူးလား"

"ဖြတ်မမေးနဲ့။ လာမယ်လေ. . အဲဒီမျက်လုံးစိမ်းကို မက်တိုင်း မီးရင်ဖို့ရတယ် ဦးရယ်. ."

ဖူးပွင့်ဝေက ရင်ဘတ်လေးဖိထားရင်း ဆက်ပြော၏။

"တစ်ရက်မွန်းလွဲပိုင်းမှာတော့ သမီး အိပ်မက်ရှည်ကြီး မက် တယ်"

"ဟုတ်ပြီ. . ဆက်ပြော"

"ဖြတ်မပြောနဲ့. . ဆက်တိုက်ပြောမလို့ဟာ. . အရှိန်ပျက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီဗျာ. . ဆက်ပြော"

ဆရာမင်းမြတ်ကျော်ကောင်ခမျာ ပခုံးတွန့်ရင်း ငြိမ်နေရတော့၏။ ဖူးပွင့်ဝေက ဆက်ပြောသည်။

"အဲဒီအိပ်မက်ထဲမှာတော့ သူက သမီးကို တစ်ကိုယ်လုံးပြတယ်"

"အဝတ်ရောပါရဲ့လား"

"ပါပါတယ် ဦးရဲ့။ စပို့ရှပ်နီ ဂျင်းဘောင်းနီနဲ့ လွင်မိုးစတိုင်နဲ့ပဲ"

"သမီးက လွင်မိုးကို သိလို့လား"

"လူ့ပြည်က နာမည်ကြီး မင်းသားပဲ မသိပဲနေမလား။ အွန်ခေတို့ ဘွန်စေတို့တောင် သိသေး"

"ဟုတ်ပါပြီဗျာ. . ဆက်ပြော"

"သူနဲ့မီး ပန်းခြံထဲမှာ လျှောက်လည်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကြည်နူးစရာ စကားလေးတွေဆိုကြတယ်။ ဟို ဗီဒီယိုကားထဲကလို လပ်ဆင်းပေါ့"

"ဟုတ်ပါပြီ. . ဆက်ပြော. . "

"အဲဒီလိုပဲ. . သူနဲ့ မကြာမကြာ အိပ်မက်မက်တော့ သမီး သူ့ကို စွဲလမ်းသွားတယ်။ စွဲလမ်းစိတ်နဲ့ တမ်းတနေရာက တစ်ရက်မှာ တိုင်းလွှာကျော်ပြီး သမီး လူ့ပြည်က ပန်းခြံထဲ ရောက်သွားတယ်"

"လဝကနဲ့တွေ့ရင်တော့ ညည်းသေပြီ"

"ကံကောင်းလို့ ဘယ်သူမှ မတွေ့ဘူး။ ပန်းခြံထဲမှာ သူ့ကို တွေ့လိုက်ရတယ်။ ဒါနဲ့ သမီးလည်း သူ့ကို လှမ်းခေါ်ပြီး ညာတာဝါတေးနဲ့ တစ္ဆေပြည်ထဲ မ,ချလာတာ"

"သမီးကတော့ လုပ်ပြီ။ တစဝက,က ဘာမှမပြောဘူးလား"

"ဟင့်အင်း. . တစ္ဆေဝင်မှုကြီးကြပ်ရေးက တစ္ဆေတွေက သမီးနဲ့သိတယ်။ သမီးက အဲဒီမှာ လုပ်ခဲ့ဖူးတာကိုး"



"ဒါနဲ့ တစ္ဆေပြည်ရောက်တော့ ဘာဆက်ဖြစ်ကြလဲ"

"ဦးသိပြီး၊ ကြားပြီးတဲ့အတိုင်းပဲလေ။ မော်ဒယ်လ်ပွဲမှာ သူဝင်ကူစောင်မ. . အဲ. . စောင့်ရှောက်လို့ သမီး မယ်ဘွဲ့ရတာ။ သူ့ကျေးဇူးပဲလေ. . သမီး သူ့ကို သတိရတယ်"

"အခု လူသားဝိညာဉ် ဘယ်ရောက်သွားပြီလဲ"

"ပြန်သွားပြီ"

"ဘာနဲ့ပြန်တာလဲ"

"အောက်လမ်းက. . "

"ပြန်လာဦးမှာလား"

"သိဘူးလေ"

"ဒီလောက်ဆိုရင်တော့ ဖြစ်ပါပြီ။ ဦး လုံးချင်းတစ်အုပ်ရေးလိုက်တော့မယ်"

"ဟင်. . ဘာမှလည်း ဟုတ်တိပတ်တိ မပြောရသေးဘဲနဲ့"

"မလိုဘူး။ ရတယ်။ နည်းနည်းပြောရင် များများရေးလို့ရပြီ။ ကြာခင် လုံးချင်းထွက်လာမယ်"

"ဇွတ်တော့. . "

"ဝတ္ထုထွက်ရင် လာပေးမယ်"

"ဝတ္ထုနာမည်က. . "

"ကျွန်မချစ်သူ ဝိညာဉ်လူ တဲ့ မှတ်ထားဦး"

"ဟုတ်. . ကျွန်မချစ်သူ ဝိညာဉ်လူ. ႏ ဦးက တော်သားပဲ။ နာမည်ပေး မိုက်တယ်"

"မိုက်ရမယ်လေ. . ဒီလိုပဲ လုပ်စားနေရတာ။ ကဲ. . ပြန်ဦးမယ်၊ ဘိုင့်. . "

"ဘိုင့်"

စာရေးဆရာ မင်းမြတ်ကျော်ကောင် ပြန်သွားတော့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



မင်းဘီလူး ရောက်လာ၏။

သူတလည်း ရှေးနည်းအတူပင် ဖျားပြီး လုံးချင်းရေးဦးမတဲ့။

ဝတ္ထုနာမည်က . .

'ဝီညာဉ်လူသား ကျွန်မရည်းစား' တဲ့။

တတ်လည်း တတ်နိုင်ပါ့။

ဖူးပွင့်ဝေကတော့ အကုန်ကြိုက်သည်။ ရေးလေ. . ရေးပေါ့. . ။ သူတို့ရေးလေ သူ့နာမည်ကြီးလေပဲ မဟုတ်လား. . ။

ဖျားဆရာတွေ ရှဲသွားမှ ဖူးပွင့်ဝေ အတွေးနယ်ချဲ့ရတော့သည်။

သူမအတွေးများက လှူပြည်ဆီသို့ . . ။ လှူပြည်က စိုးမင်းဇော်ထံ သူမအတွေးလှိုင်းများ ရောက်နေသည်။

သူမ၏ အတွေးများက ကမ္ဘာလောကကြီး၏ လှိုင်းကွန်ယက်အတွင်းသို့ ရောက်သွားသည်။

သို့နှင့်. . . ။

□□□

## အခန်း ‹၇›

ကျွန်တော် အိပ်မက်တွေ မက်နေ၏။

အိပ်မက်ထဲမှာ ဖူးပွင့်ဝေက ကျွန်တော့်ထံ ပြေးလာနေသည်။

နေရာက ချောင်းသာလိုလို၊ မြစ်သာလိုလို၊ ပင်လယ်သာလိုလို၊ ဒေဝန္ဒရာသာလိုလို၊ သဲသောင်ကမ်းစပ်လေးမှာ ဖြစ်၏။

ကျွန်တော်တို့နှစ်ဦးရှိရာ သဲသောင်ဆီသို့ လှိုင်းလုံးဖွေးဖွေးတွေ ပြေးတက်လာနေသည်ဆိုတော့ ချောင်းသာတို့၊ မြစ်သာတို့ မဖြစ်နိုင်။

ပင်လယ်သာပဲ ဖြစ်လိမ့်မည်။

ပင်လယ်သာ သဲသောင်မြွမြွမှာ ဖူးပွင့်ဝေနှင့် ကျွန်တော်တို့ တိုက်ငါးဆယ်ခန့် အကွာအဝေးမှာ မျက်နှာချင်းဆိုင်ရှိနေကြသည်။ တစ်ဦးနှင့်တစ်ဦး လက်များ ရှေ့သို့ဆန့်တန်းထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါ ကိုရယ်. . ဖက်လှဲ့ပါ" ဟူသော ပုံစံမျိုး။

ကျွန်တော်ကလည်း 'ဖက်မဟ' ဟု အားခဲလျက် အပြေးချီတက်၏။

ဖူးပွင့်ဝေကလည်း လက်ဆန့်တန်းကာ အပြေးလာနေသည်။ သူမ၏ နက်မှောင်သော ဆံကေသာရှည်လျားလျားက လေမှာလွင့်နေသည်။

လည်တိုင်က ပိုးပဝါဖြူလွလွလေးကလည်း လေမှာနွဲ့နေ၏။ လှတပတမြင်ကွင်း. . ။

ရုပ်ရှင်တို့၊ ဗီဒီယိုတို့ဆို လပ်ဆင်းရိုက်ချက်. . ။ စလိုးမိုးရှင်းပြကွက်. . ။ သာသာလေး ပြေးဖက်ကြ၊ ခါးလေးက ကိုင်မြှောက်ခိုက်မင်းသမီးက ခြေထောက်ကို နောက်သို့ မြှောက်ထားလိုက်. . ။

ရှေ့မြှောက်လို့လည်း မဖြစ်ဘဲကိုး။ ခြေထောက် ရှေ့မြှောက်လိုက်ရင် ဘောလုံးကန်သလိုကြီး ဖြစ်သွားမှာပေါ့။

ကျွန်တော်ကလည်း ရုပ်ရှင်ထဲကလိုပင် ဖူးပွင့်ဝေကို ပြေးဖက်ပြီးသကာလ ခါးလေးက မြှောက်ကာ ရေထဲပစ်ချဖို့ ကြံထားသည်လေ။

ဟုတ်ပ့ါ. . ။

ထူးမှလေ. . ။ ခါးကနေမ,ပြီး အလေးခံနေရမည့်အစား ရေထဲပစ်ချလိုက်တာကမှ ဖလူး. . ဖလူး ဖြစ်နေတုန်း ဆွဲထူ၊ ရင်ခွင်ထဲထည့်၊ 'ဆောရီးနော်' ဆိုပြီး အာဝါးပေး၊ ကဲ. . မပိုင်ပါလား။

ဟုတ်ကဲ့. . ပိုင်ဖို့ နီးပါပြီ။

ဖူးပွင့်ဝေနှင့် ကျွန်တော်တို့ ကိုက်ငါးဆယ်မှသည်. .

ကိုက်သုံးဆယ်. .

နှစ်ဆယ်. .

တစ်ဆယ်. .

ငါးတိုက် အကွာထဲ ရောက်လာပြီ။



ကျွန်တော် မျက်စိစုံမှိတ် သိမ်းကျုံးဖက်လိုက်၏။

"တိုက်တရော. ."

ကျွန်တော် ဘာဖြစ်သွားသည်မသိ။ လေကိုဖက်မိသလိုဖြစ်ပြီး သဲသောင်ပေါ် ဟပ်ထိုးလဲသွားတော့သည်။

ပါးစပ်ထဲ ဝင်လာသော သဲများကိုထွေးထုတ်ပြီး ငုတ်တုတ်ဘဝနှင့်ပင် ဖူးပွင့်ဝေကို လှည့်ကြည့်လိုက်တော့. . ဘာပြောကောင်းမလဲ ပြေးကောင်းတုန်း. . ။

ကျွန်တော် ကျုံးအော်စစ်စစ် ကျုံးအော်လိုက်သည်။ သဲများကို ဆုပ်ကိုင်ကျုံးရင်း အော်လိုက်ခြင်းပါ။

ကျုံးအော်သည်ဆိုသော စကားရပ်သည် ဤနေရာတွင် တော်တည့်အမှန်ကန်ဆုံးပင် ဖြစ်လိမ့်မည်။

"ဖူးပွင့်ဝေ. . ရပ်. . စတော့. . စတော့"

ကျွန်တော့်အသံကြား၍ ဖူးပွင့်ဝေ ရပ်သည်။ လှည့်ကြည့်သည်။

"ဟင်. ."

ဖူးပွင့်ဝေ အံ့အားသင့်သွားသည်။

ဇဝေဇဝါဖြစ်နေပုံရသည်။ သေချာအောင် ကျွန်တော်က ကျုံးအော်လိုက်ပြန်သည်။

"ပြန်လာလှည့်တော့ ချစ်သူ ဖူးပွင့်ဝေ"

"ဟုတ်. ."

'ဟုတ်' ဆိုကာ ခေါင်းလေးညိတ်လျက် ပြန်လှည့်လာသည်။ သက်ကလေး လေထဲမှာ ဆန့်တန်းထားဆဲ။ ပြေးလာလှည့်ပါ၊ ဖက်လှဲ့ပါ ဆိုသည့် ပုံစံမျိုး။

သည်တစ်ခါတော့ ကျွန်တော် သေချာအောင် ပြင်ဆင်ရသည်။

www.burmeseclassic.com



သဲများကို ခါထုတ်ရင်း ခုန်ဆွခုန်ဆွနဲ့ သွေးပူလေ့ကျင့်ခန်း အရင်လုပ်လိုက်သည်။

ပြီး. . လက်ကိုဆန့်တန်းလိုက်သည်။ တစ်နာရီ ဆယ့်ငါးမိုင်နှုန်းဖြင့် ကျွန်တော် စပြေးသည်။

နီး. . နီး. . နီး. . လာပါပြီ။

သည်တစ်ခါတော့ မျက်စိမမှိတ်ဘဲ သိမ်းကျုံးဖက်ဖို့ တွေးကာ အတင်းဖြဲထားလိုက်သည်။ မျက်လုံးဖြစ်ပါ၏။

အနားရောက်သည်နှင့် တအားပင် သိမ်းကျုံးဖက်လိုက်သည်။

"ဟိုက်. . သွားပြန်ပဟ"

ကျွန်တော် ဟပ်ထိုးလဲပြန်သည်။ ပါးစပ်ထဲ သဲတွေဝင်ပြန်ပြီ။ မျက်စိထဲပါ ဝင်သမို့ ပွတ်သပ်ရင်း လှည့်ကြည့်လေတော့. .

ဖူးပွင့်ဝေက ပြေးနေဆဲ. . ကျွန်တော် ကျုံးအော်ရပြန်၏။

"ဟိုး. . စတော့. . ဖူးပွင့်ဝေ. . စတော့. . "

ဖူးပွင့်ဝေ ရပ်သည်။ လှည့်ကြည့်သည်။ ကျွန်တော့်အဖြစ်ကို မြင်တော့ ဇဝေဇဝါနှင့် သေချာအောင်လှမ်းမေးသည်။

"အစ်ကို. . ဘယ်လိုဖြစ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲ"

"ပြေးဖက်မလို့နဲ့ ဘာလို့ ဒိုက်ထိုးနေရတာလဲ"

"ဟာ. . ဖက်တာပဲဟ. . မင်းကိုယ်လုံးက လေဟာနယ်လို ဖြစ်နေတာဟ"

သည်တော့မှ ဖူးပွင့်ဝေ မေးထောက်စဉ်းစားကာ ပြန်ပြောသည်။

"ရော်. . ဟုတ်သားပဲ။ ရှင်နဲ့ကျွန်မက ဘဝချင်းမှ မတူဘဲ။ ဘယ်လို ဖက်လို့ရမှာလဲ. . ဆောရီးနော်. . "

"တောက်. . စောစောက ပြောပါလား။ ဖလင်ကုန်တယ်"



"ရော်. . ရုပ်ရှင်ရိုက်နေကြလို့လား"

"ရိုက်ဖြစ်ရင် ပြောတာပါ"

"ရုပ်ရှင်ရိုက်ရင် ကျွန်မ ပါလို့ရမလား"

"ရတာပေါ့. . အခုကားတွေထဲမှာ ဝိညာဉ်တွေ၊ တစ္ဆေတွေ ပါမှပေါ့"

"တကယ်. . "

"အဟုတ်ပဲ"

"ဟီး. . ကျွန်မ ရုပ်ရှင်ရိုက်ဖြစ်လို့ကတော့ လူတွေကို ခြောက်ပြလိုက်ဦးမှာ"

"ဟင်. . နင်က မော်ဒယ်လ်တစ္ဆေဆို. . မခြောက်တတ်ဘူးဆို. . "

"တစ်ခါတလေတော့လည်း ခြောက်ကြည့်ချင်တာပေါ့"

"ကဲ. . နောက်မှခြောက်. . အခု ဘာဆက်လုပ်ကြမှာလဲ။ ဖက်လည်းမရ၊ အင်တာနက်လည်းမရနဲ့"

ကျွန်တော် စိတ်ပျက်စွာ ပြောမိသည်။ လှတပတလေး ဖူးပွင့်ဝေကို ကျိတ်မနိုင်ခဲမရ ကြည့်နေမိသည်။

ကြိတ်နိုင်သည့် အံကိုသာ ကြိတ်ထားရင် ပြောလိုက်မိသည်။

"ဖူးပွင့်ဝေ. . ငါ ဘာဆက်လုပ်ရမှာလဲ"

"ဒီလိုလုပ်. . ရော့. . ဒီပဝါစကို ဆွဲလိုက်"

ဖူးပွင့်ဝေက ပဝါစကို လှမ်းပေးသည်။ ကျွန်တော်က ပဝါကို ဆွဲလိုက်သည်။

"ကိုင်ထား. . "

ဟုဆိုကာ ဖူးပွင့်ဝေက ကျွန်တော့်ကို ပတ်ပြေးသည်။ လိမ်ညှာသွားခြင်းမဟုတ်။ လူကို အလယ်ထားပတ်နေခြင်းဖြစ်၏။

သူ သုံးပတ်ပတ်တော့ ပဝါစရှည်ရှည်က ကျွန်တော့်ကို သုံးပတ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်ဝေက ကျွန်တော့်ကို ဖြည်းဖြည်းချင်း ဆွဲယူ၏။

တုတ်ပ့ါ. .။

ကျွန်တော်သူ့အနီးသို့ နီးနီးသွားသည်။ အိုကေမှာ စိုပြေတော့မည်လား. . ဟိ။

ဖူးပွင့်ဝေက အတင်းကျပ်ကျပ်လေးဆွဲတော့ ကျွန်တော် တင်းတျပ်မှုဒဏ်ကြောင့် အော်မိသည်။

"အာ. . ကျပ်တယ်. . လွှတ်. . လွှတ်"

"မရုန်းနဲ့လေ. . မရုန်းနဲ့။ သားကို ဆေးကုမလို့. . "

ဖေဖေ့အသံကြောင့် ကျွန်တော် မျက်လုံးဖွင့်ကြည့်မိသည်။

"အို. . ဖေဖေ. . ဒါ. . ဘာလုပ်တာလဲ။ သားကို ဘာလို့ကြိုးနဲ့တုပ်ထားရတာလဲ။ သူက ဘယ်သူလဲ"

ကျွန်တော့်မေးခွန်းပေါင်းများစွာကို ဖေဖေက အေးအေးလေးရှင်းပြ၏။

"ဒါက. . ဒေါက်တာယန်ယန်တဲ့"

"ခေါက်ဆွဲကုမ္ပဏီကလား. . "

"မှုတ်ဘူး။ အင်္ဂလန်မှ ဆေးသုတေသနလုပ်နေတာ။ မြန်မာပြည်ရောက်တုန်း ဖေဖေ့မိတ်ဆွေက တစ်ဆင့်စကား စပ်မိလို့ သားကို ဆေးကုမလို့တဲ့"

"ဟုတ်တယ်. . ကလေး. . ကလေးကို ဒေါက်တာ စစ်ဆေးမယ်. . ဆေးကုမယ်လေ. . နေကောင်းသွားမှာပါ"

ဒေါက်တာယန်ယန်ဆိုသူက မြန်မာစကား မပီမသနှင့်ပြော၏။ ကျွန်တော် ခေါင်းခါရင်း အော်မိသည်။

"ဆေးကုမှာ ကြိုးတုပ်ထားရလား။ အခု ဖြည်ပေး။ ကျွန်တော် အရူးမှ မဟုတ်တာ"

"သား မရူးမှန်း ဖေဖေသိပါတယ်။ ဒါပေမဲ့ သားက ရုတ်ဆို



ပျောက်သွားတတ်လို့ ဒီလိုလုပ်ထားရတာ။ ခနလေး သည်းခံနော်"

ကျွန်တော် ဘာမှ ဆက်မပြောနိုင်။ ဖေဖေကိုယ်၌ စိမ်သောင်ရှက်နေတာဆိုတော့ ကျွန်တော် ငြိမ်နေမိတော့သည်။

ဒေါက်တာယန်ယန်က ကျွန်တော့်အား မေးခွန်းတွေ မေးတော့၏။

"လူကလေး တစ္ဆေပြည်ရောက်ခဲ့တယ်နော်"

"ဟုတ်"

"ဘာနဲ့သွားလဲ"

"အောက်လမ်းက. . "

"ဘယ်သူနဲ့လဲ"

"ဖူးပွင့်ဝေနဲ့"

"ဖူးပွင့်ဝေဆိုတာ မော်ဒယ်လ်တစ္ဆေမလေးလား. . "

"ဟုတ်. . လှတပတလေး"

"လူလေး. . သူနဲ့အတူ အိပ်ခဲ့လား"

"အိပ်ဘူး။ စိတ်ကူးနဲ့တော့ အိပ်တာပေါ့"

"သူနဲ့မအိပ်တာ သေချာတယ်နော်"

"သေချာတယ်။ အိပ်လို့လည်းမရဘူး။ သူ့လက်က အေးစက်စက်နဲ့။ ကိုယ်လုံးသာဖက်မိလို့ကတော့ ရေခဲတုံးဖက်ရသလိုနေမှာ"

"ဟုတ်ပြီ. . ဒါဆို. . လူလေး တစ္ဆေပြည်မှာ ဘာတွေစားခဲ့လဲ"

"အစုံပဲ။ အစုံတွယ်ခဲ့တယ်။ ထမင်းဆိုင်က တစ္ဆေမလေးကိုတောင် တွယ်ချင်တယ် ပြောခဲ့သေးတယ်"

"တွယ်တယ်ဆိုတာ စားတာကို ပြောတာလား"

"ဟုတ်. . "

"ကဲ. . ကဲ. . ဒီလောက်ဆို ရပါပြီ။ လူလေးကို သွေးစစ်ရမယ်။ သွေးနမူနာနည်းနည်းဖောက်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဖောက်နဲ့"

ကျွန်တော်က ငြင်းလိုက်၏။ ဖေဖေက ဝင်၍ဖြောင်းဖြသည်။

"သွေးနမူနာယူတာပဲ သားရယ်. . သွေးစစ်ကြည့်မှ သိမှာပေါ့"

ဖေဖေ့စကားကြောင့် ကျွန်တော် ဘာမှမပြောတော့။

ဒေါက်တာယန်ယန်က လက်မှသွေးဖောက်ယူပြီး ကြိုးဖြည်ပေးသည်။ ဖေဖေ့အား နောက်နေ့ သူ့ရုံးခန်းသို့လာရန် မှာကြား၍ ပြန်သွားသည်။

ဖေဖေက ဒေါက်တာအား လိုက်ပို့တော့ ကျွန်တော် ကုတင်ပေါ်မှာ ငုတ်တုတ်ကျန်ခဲ့၏။ ကုတင်မှာ အိပ်ပျော်နေသော ကျွန်တော့်အား ဘယ်အချိန်က ကြိုးတုပ်လိုက်ကြသည်မသိရ။

ကျွန်တော်သိသည်မှာ. .

ငွေသောင်ယံသဲပွင့်လေးများကြားမှ ဖူးပွင့်ဝေနှင့် ကျွန်တော်တို့ ဖက်ဖို့ကြနေခိုက် ဖူးပွင့်ဝေ၏ ပဝါဖြူလေးနှင့် ကျွန်တော့်ကို ရစ်နှောင်ဆွဲယူတာပဲ သိတော့သည်။

"အဲဒါ. . သံယောဇဉ်ကြိုးတစ်မျှင်တဲ့လား စိုးမင်းဇော်. . ပြော"

ဟု ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်တော့ ချက်ချင်းပြန်ဖြေသည်။

"သိဘူးလေကွာ. . မင်းနဲ့ငါ တူတူပဲဟာ. . ပြုံးအတူ၊ တုံးအတူပါပဲကွာ"

ကဲ. . ဘာဆက်လုပ်ရမှာတဲ့တုန်း. . ။

❑❑❑

## အခန်း ‹၈›

ကျွန်တော့်စိတ်တွေ မြတ်မိုးဆွေဆီရောက်နေ၏။ ကျွန်တော်တို့တတွေ ကျောင်းပိတ်ထားသဖြင့် တော်ရုံနှင့်မဆုံဖြစ်ကြတော့။

တင့်ဆွေကတော့ ကျွန်တော့်ထံလာတတ်သည်။ သူနှင့်ကတော့ အမြဲဆုံဖြစ်သည်။

တင့်ဆွေနှင့် ကျွန်တော်တို့နှစ်ယောက် မြတ်မိုးဆွေအား ပိုးပမ်းသောကိစ္စမှာ ဘာမှ ထူးမလာသေးဘဲ ရှိနေသည်။

သည်ကြားထဲတွင် ကျွန်တော်၏ ပါဝါကိစ္စကြောင့် ဟိုကိစ္စကို မေ့နေကြသည်။

ယခုတော့ ထူးထူးခြားခြား ကျွန်တော် မြတ်မိုးဆွေကို သတိရနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်မိုးဆွေကြည့်ရတာ တင့်ဆွေနဲ့လည်း အဆင်ပြေပုံတော့ မပေါ်သေးပါဘူး"

"ဒီကောင် ငါပျောက်နေတုန်း ဘာတွေများ နှုးထားပြီလဲ"

"မဖြစ်သေးပါဘူး။ မြတ်မိုးဆွေကို ဖွင့်ပြောတော့မှ. ."

ကျွန်တော် အမျိုးမျိုးတွေးရင်း စိတ်ပူနေမိသည်။ တင့်ဆွေကို ကျွန်တော် စိတ်မချ။ မြတ်မိုးဆွေအတွက်လည်း ပူနေမိသည်။ ပူချင်းပူ မြတ်မိုးဆွေက ပူရမှာမဟုတ်။

မြတ်မိုးဆွေအားတွေ့လိုစိတ်များပြင်းပြလာသည့် ထိုခဏဝယ်. .

ကျွန်တော့်တစ်ကိုယ်လုံး သိမ့်ခနဲ ဖြစ်သွား၏။

"ဝုန်း. . ဝရုန်း. . ဖလူး. . ဖလွ း. . ပက်တယ်ဟ"

"ဟောတော့. . ဘာကောင်ကြီးပါလိမ့်. . ။ ရေနဲ့ပက်မိနေပြီ။ အောင်နက်များလား"

မြတ်မိုးဆွေက ရေပိုက်ရွှဲတည့်တည့် ငုတ်တုတ်လေးရောက်လာသော ကျွန်တော့်ကိုကြည့်ကာ အောင်နက်လား၊ အောင်ဖြူလား လုပ်နေ၏။

"ရက်စက်လိုက်တဲ့ ချစ်သူရယ်၊ ချစ်သူကို ရေနဲ့လည်းပက်၊ အောင်နက်လို့လည်း ပြောနဲ့. ."

ကျွန်တော် ရင်နာစွာ တွေးမိသည်။ ပါးစပ်ကတော့ အော်မိသည်။

"ဝူး. . ဖလူး. . မွှန်းတယ်. . ရေနဲ့မပက်ပါနဲ့တော့. ."

"ဟယ်တော့. . ကိုစိုးမင်းဇော်. . ဘယ့်နှယ့်လုပ် ရေပိုက်ရွှဲ ငုတ်တုတ်ရောက်လာရတာလဲ"

"မင်းလေးကို သတိရလို့. . ရှိုရှို. . မင်းလေးကို စွဲလမ်းလို့. . ရှိုရှို. . မင်းလေးကို တမ်းတလို့. . ရှိုရှို. . ဖူး. . ဖလူး. . ချမ်းတယ်. . ဟ. . အား. . ရှိုရှို"



"သတိရရင်လည်း အိမ်ရှေ့တံခါးက ဝင်လာပါလား"

"မှတ်ဘူးလေ. . သတိရတုန်း. . ဝုန်းဆို အော်တိုရောက်လာတာ"

မြတ်မိုးဆွေက ရေပိုက်ကိုချကာ မေးထောက်စဉ်းစားရင်း ကျွန်တော်၏ ပါဝါစွမ်းအင်ကို သတိရသွားဟန်ဖြင့်ပြော၏။

"သိပြီ. . နင် ပါဝါနဲ့ ရောက်လာတာ" နင့်ပါဝါကလည်းဟာ. . ချက်စိမပါသလိုပဲ။ ရေပက်နေတဲ့ ပိုက်ရှေ့တည့်တည့်ရောက်ရတယ်လို့"

"အွန်"

ကျွန်တော် မဲ့သွားမိသည်။ သူနှင့်ကျမှ ကျွန်တော့်ပါဝါမှာ ချက်ကန်းပါဝါဖြစ်ရတော့သည်မဟုတ်လား. . ။

"မအွန်နဲ့။ ပြော. . ဘာပြောချင်လို့လဲ။ ဘာဖြစ်ချင်လို့လဲ။ ဘာဆိုချင်လို့လဲ"

မြတ်မိုးဆွေက အပြတ်မေး၏။ ကျွန်တော် မဖြေနိုင်သေး။ လက်လေးပိုက်၍ ခိုက်ခိုက်တုန်နေ၏။ တုန်နေရင်းမှ ကျွန်တော့်ပါဝါကို ကျွန်တော် မယုံသလို ပြန်သုံးသပ်နေမိ၏။

"ငါ့ပါဝါကလည်း အချမ်းတွေနဲ့ချည်း ကြုံနေရတယ်။ နောက်တစ်ခါဆို ရေတွင်းထဲများကျရင်တော့ ပြဿနာပဲ"

"ဟဲ့. . ပြောလေ. . မေးတာမဖြေဘဲ ဘာလို့ တစ်ကိုယ်လုံး နှံ့နေရတာလဲ"

ချမ်းလို့တုန်တာကိုများ တစ်ကိုယ်လုံးနှံ့နေတယ်။ လုပ်ချလိုက်ရင်ပြီ။ ကြား. . ကြား. . ဖူးဆောင်။ ဒူးနှံ့တာပဲ ကြားဖူးပါရဲ့။

"ချမ်း. . ချမ်းနေတာပါဟ"

"ချမ်းရင်လည်း ပြန်"

"အယ်. ."

www.burmeseclassic.com

www.burmeseclassic.com



"မအယ်နဲ့. . ။ ရေစိုကြီးနဲ့ အိမ်ပေါ်ခေါ်လို့လည်း မဖြစ်ဘူး။ ဒီတပဲပြန်"

"ဘယ်လိုပြန်ရမှာလဲ"

"နင်လာသလိုပဲပြန်ပေါ့"

"ဟ. . ပြန်လို့မရတော့ဘူး။ ပါဝါတွေ ရေစိုကုန်ပြီ။ အေးစက်စက်တွေဖြစ်ကုန်ပြီ"

"ဟင်. . နင် ဂျပန်ကတောင် အေးစက်စက်နဲ့ ပြန်လာသေးတာပဲ"

"အဲဒါက မခံချင်စိတ်နဲ့ဟ. . ။ နောက်ပြီး နင်ရှိတဲ့နေရာ ပြန်ရမှာဆိုတော့ စိတ်က သီတယ်၊ ပြင်းပြတယ်၊ စိတ်ကြီးတယ်လေ"

"အဲဒါဆိုလည်း စိတ်ကြီးဝင်ကီထည့်ပြီး ပြန်ပေါ့"

"ကြိုးစားကြည့်မယ်"

ကျွန်တော် ကီသွင်းကာ အိမ်ကို စိတ်ညွတ်ကြည့်၏။

မရ. . ။

ဘယ်လိုမှမရသဖြင့် မြတ်မိုးဆွေအား ညောင်နာနာဖြင့် ပြောရတော့၏။

"ငါ ပြန်လို့မရတော့ဘူး။ ငါ့ကို တစ်ခုကူညီဟာ"

"ဘာကူညီရမှာလဲ"

"ငါ့ကို ငွေနှစ်ထောင်ချေးဟာ"

"ရော်. . ဘာလုပ်ဖို့"

"ပြန်ရော်မှာပါဟာ. . ငါ့ပါဝါနဲ့ ပြန်မရလို့ အင်ဂျင်ပါဝါနဲ့ ပြန်မလို့။ ကကငှားပြန်မလို့ဟ"

"ရော်. . နင့်ပါဝါကလည်း တစ်မျိုးတော့။ အရေးထဲ ဆီပိတ်နေသလိုပဲ။ နေဦး. . ငါ ပိုက်ဆံတက်ယူလိုက်ဦးမယ်"

မြတ်မိုးဆွေက ရေအိုးလေးကိုလှုပ်ကာ အိမ်ပေါ်တက်သွား၏။



ကျွန်တော့်နားထဲမှာတော့. .

"အိုးလေး. . လှုပ်ပါဟော့. . အိုးလေးလှုပ်ပါဟော့. . "

ဟူသော သီချင်းသံများ ကြားနေရသလိုပင်။

မြတ်မိုးဆွေက ပိုက်ဆံကိုင် ပြန်ဆင်းလာကာ ပေးလည်းပေး ပြောလည်းပြောသေး၏။

"ရော့. . ဒီမှာ နှစ်ထောင်၊ ပြန်ပေးရမယ်နော်"

"အေးပါဟာ"

"နေဦး. . နင် ဒီလို ပါဝါထည့်ပြီး ငါ့အခန်းထဲများ ရောက်လာလို့ကတော့ ပါဝါရော၊ ရိန်းဂျားရော နားမလည်ဘူး သုံးခွန်ခြောက်နဲ့ ပြီပြီမှတ်"

"ဒွဲ. . လား"

ကျွန်တော်က မြတ်မိုးဆွေဂဏန်းသုံးလုံးပေးသည်ထင်၍ မေးမိ၏။ မြတ်မိုးဆွေက အားရစရာပြောသည်။

"အေး. . တည့်ပဲ. . အချုပ်ထဲကို တည့်တည့်ပဲ"

ကျွန်တော် ဘာမှ ပြန်မပြောတော့။ ငွေနှစ်ထောင်ယူကာ သူ့ခြံထဲမှထွက်ခဲ့မိတော့၏။

ချစ်တာတွေလည်း ရင်ဖွင့်ဖို့ ဝေးစွ. .

လက်လေးပိုက်ကာ ခေါင်းငိုက်စိုက်နှင့် ပြန်ခဲ့ရတော့၏။

ပိုဆိုးသည်က ကျွန်တော့်ကိုကြည့်ကာ ဘယ် ကကအငှားယာဉ်တမှ မတင်ကြ။

"ကားရေစိုမယ်။ နောက်ကားစီး"

ဟုချည်း ပြောနေကြ၏။

ကံဆိုးလှပါဘိ စိုးမင်းဇော်. . ။

ငွေနှစ်ထောင်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း တအိလှမ်းချင်း လမ်းလျှောက်ခဲ့ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အော်. . လမ်းပေါ်မှာ ရေစိုလူသား ကျွန်တော် တစ်ယောက်တည်း. . ။ ကြောင်ပဲ့. . ။

☐☐☐

## အခန်း ‹၉›

ဒေါက်တာယန်ယန်၏ သီးသန့်စာတ်ခွဲခန်းလေးထဲမှာတော့ လူသုံးဦးခေါင်းချင်ဆိုင်တိုင်ပင်နေကြ၏။

ထိုသုံးဦးမှာ ဒေါက်တာယန်ယန်၊ ဒေါက်တာချဥ်ချဥ်နှင့် တပည့်ကျော် ကြာဆံတို့ဖြစ်ကြ၏။

ဒေါက်တာယန်ယန်က စားပွဲပေါ်မှ စာရွက်များကို လှန်ကြည့်ရင်း စကားဆို၏။

“ဒီ. . သွေးစစ်ချက်မှတ်တမ်းအရဆိုရင်တော့ ဒီကောင်လေးရဲ့ သွေးထဲမှာ အဆင့်မြင့် နျူကလီးယားဓာတ်လှိုင်းတွေ စီးပျော်နေတယ်”

“ဟုတ်တယ် ဒေါက်တာ. . ကျွန်တော် စစ်ဆေးတိုင်းတာချက်အရ နျူကလီးယားဓာတ်လှိုင်းပါဝင်မှုဟာ ခြောက်ဆယ်ရာနှုန်းရှိနေပါတယ်”

www.burmeseclassic.com



ဒေါက်တာချဉ်ချဉ်ဟာ ဝင်ပြောခြင်းဖြစ်သည်။ တပည့်ကြာဆံ တတော့ ဘာမှမပြော။ ပြောလည်းမပြောတတ်။ သူ့အလုပ်က ခိုင်းတာ လုပ်ဖို့ပဲဖြစ်သည်။ လက်ညှိုးထောင်ခေါင်းညိတ် ဟုတ်ဟုတ်မဟုတ် မှူတ် ဟုတ်လိုက်ဖို့ပဲဖြစ်သည်။

ဒေါက်တာယန်ယန်က မေးစေ့ကို ပွတ်ကာ စဉ်းစားရစ်းမှ တပည့်ကြာဆံကို အပြင်သို့လွှတ်လိုက်သည်။

"ကဲ. . ကြာဆံ. . ဒီမှာ ငါနဲ့ ဒေါက်တာချဉ်ချဉ်တို့ ညှိနှိုင်း တိုင်ပင်စရာတွေရှိတယ်။ မင်း အပြင်တံခါးကထွက်စောင့်"

"ဟုတ်"

"ဘယ်သူလာလာ ပေးမဝင်နဲ့"

"ဟုတ်"

"မင်း မဟုတ်တာ ဘာရှိလဲ"

"ဟုတ်"

"အေး. . ဟုတ်ရင် သွားတော့"

"ဟုတ်. . ဟုတ်. . "

ကြာဆံက 'ဟုတ်ဟုတ်' ဆိုကာ သုတ်သုတ်ထသွားတော့၏။

ကြာဆံထွက်သွားမှပင် ဒေါက်တာယန်ယန်က စကားဆက် ပြော၏။

"ဒီမှာ ဒေါက်တာချဉ်ချဉ်ရဲ့ ကောင်လေးရဲ့သွေးထဲက ခာတ် ရောင်ခြည်တွေဟာ ပေါ့ပါးသွက်လက်ပြီး ထက်မြက်တဲ့ ပါဝါ ရှိနေ တယ်"

"ဟုတ်တယ် ဒေါက်တာ"

"အဲဒီပါဝါကို အတိုကောက်တော့ ဂျေပီပါဝါလို့ခေါ်တယ်"

"အရှည်အဓိပ္ပာယ်က. . "

"အရှည်အဓိပ္ပာယ်က ဂျန့်ပါပဲ။ ခုန်ပျံကျော်လွှားရောက်သွား



နိုင်တဲ့ စွမ်းအင်ကို ရည်ညွှန်းတာဖြစ်တယ်"

"ဂျေပီပါဝါကို သူ တစ္ဆေပြည်က ရခဲ့တာပေါ့နော်"

"ဟုတ်တယ်. . တစ္ဆေပြည်မှာ သူ စားသောက်ခဲ့တဲ့ တစ္ဆေ အစားအစာတွေကနေ ရခဲ့တာ။ သူကံကောင်းတာက တစ္ဆေမလေး နဲ့အတူ မအိပ်ခဲ့တာပဲ"

"အိပ်ခဲ့မိရင်. . "

"အိပ်ခဲ့မိရင် သူ ကံဆိုးသွားလိမ့်မယ်"

"ဘယ်လို ကံဆိုးမှာ ဒေါက်တာ"

"ရုပ်နဲ့ရုပ်ကြမ်း ခာတ်လှိုင်းခြင်း မတူကြတဲ့ ဘုံဘဝခြားသူတွေ တစ်ဦးနဲ့တစ်ဦး ကူးလူးဆက်ဆံလို့မရဘူး"

"ဆက်ဆံမိရင်. . "

"တစ်သက်ခံပေရော့ပဲ. . မြန်မာရာဇဝင်မှာ ပြည့်ရှင်မင်း တစ်ပါးဟာ ဘုံဘဝခြားက နတ်ပြိတ္တာမနဲ့ ဆက်ဆံမိလို့ လုံးပါးပါး အုံးစားသွားပြီး ဘဝပျက်ခဲ့ရဖူးတယ်။ ကြားဖူးလား"

"ကြားဖူးတယ်"

ဒေါက်တာချဉ်ချဉ် ရမ်းသမ်းကြားဖူးလိုက်၏။ မကြားဖူးပါ ဟုဆိုကာ အထင်စမောသွားနိုင်သည်မဟုတ်လား။

"ကောင်လေးလည်း တစ္ဆေမလေး ဆက်ဆံမိရင် ဘဝပျက် မှာ. . ။ အဲဒါပေါ့ မြန်မာစကားပုံမှာ လူတာမက်ရင် ညစာခက်မယ် တဲ့လေ"

ဒေါက်တာယန်ယန်က မြန်မာပြည်သို့ အရောက်များပြီး မြန်မာစကားတတ်သူပီပီ သိသမျှ ကြားဖူးသမျှနှင့် အပြတ်ထည့်နေ ၏။ ဒေါက်တာချဉ်ချဉ်ကတော့ ဖော်ရွေပေါ့။

ဒေါက်တာချဉ်ချဉ်က ခေါင်းတညိတ်ညိတ်လုပ်ရင်း မေး၏၊

"ဒီတော့ကာ. . ဒေါက်တာရဲ့အစီအစဉ်က. . "

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့ အစီအစဉ်က ဒီလိုဗျ. . "

တု အစချီကာ ဒေါက်တာယန်ယန်က ဒေါက်တာချဉ်ချဉ် နားကပ်၍ တီးတိုးလေးပြောနေတော့၏။

ဘာတွေပြောသနည်း. . ။

ဘာတွေ ကြံကြလေသနည်း. . ။

ဘာလုပ်ကြမှာနည်း. . ။

တုတ်ကဲ့. . ။

လောလောဆယ်တော့ ဘာမှမသိရသေးပါ။

❑❑❑

## အခန်း ‹၁၀›

တင့်ဆွေတစ်ယောက် အလုပ်တွေများနေသည်။ သူ့အာရုံ ထဲဝယ် သူငယ်ချင်းစိုးမင်းဇော်နှင့် ပတ်သက်၍ ဦးနှောက်စားနေ၏။

စိုးမင်းဇော်၏အဖြစ်က မယုံနိုင်။ သူကြည့်ဖူးသည့် နိုင်ငံခြား ရုပ်ရှင် Jumper ကားထဲကလို ဖြစ်နေသည်။

ထူးလည်းထူး၍ ဆန်းလည်းဆန်းနေ၏။

လောကမှာ ထူးဆန်းတာတွေ အများကြီးရှိတယ်။ ဒါကို သူ လိုက်မမီပါ။

သည်ကိစ္စနှင့်ပတ်သက်၍ သူ့ဦးလေးတော်သူ ဆရာဝန် စာရေးဆရာတစ်ယောက်ထံ သူချဉ်းကပ်မေးစမ်းခဲ့သေး၏။

"ဒါက ဒီလိုရှိတယ် ငါ့တူရဲ့။ သတ္တလောကကြီးမှာရှိတဲ့ သက် ရှိသတ္တဝါတိုင်းဟာ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းဖြစ်တည်နေကြတာပဲ ကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တုတ်တဲ့"

"ဒီနေရာမှာ ဖြစ်တည်မှုခြင်း မတူဘူးကွ"

"ဟုတ်ကဲ့"

"ဓာတ်နု၊ ဓာတ်ကြမ်း၊ ရုပ်နုး ရုပ်ကြမ်းဆိုတာ ရှိတယ်လေ"

"ဟုတ်. ."

"အကြမ်းဖျင်း ပြောရရင် တို့လို လူတွေ၊ တိရစ္ဆာန်တွေဟာ ရုပ်ကြမ်းသမားတွေဖြစ်ပြီး နတ်ပြဟ္မာတွေက ရုပ်နု၊ ဓာတ်နုတွေ ဖြစ်ကြတယ်။ ဒါကြောင့် သူတို့ကို မျက်စိနဲ့ မမြင်နိုင်ဘူး။ ဘယ်လောက်များ နုလဲဆို နတ်တွေများ စိတ်ဆိုးမိရင် တစ်ကိုယ်လုံး အငွေ့ဖြစ်ပြီး ပျောက်သွားတတ်တယ်"

"အံ့ဩစရာပဲနော်"

"မင်း စာတွေထဲ ဖတ်ဖူးမှာပေါ့။ တို့ လူတွေမှာတောင် နေရင်းထိုင်ရင်း လောင်မီးကျသလို မီးသွေးတုံးဖြစ်သွားရတဲ့အဖြစ်တွေ ရှိခဲ့တယ်၊ တစ်ကိုယ်လုံး လောင်ကျွမ်းသွားတဲ့အဖြစ်တွေ ရှိခဲ့တယ်"

"ဟုတ်ကဲ့. . ကျွန်တော်ဖတ်ဖူးပါတယ်။ အတော့်ကို အံ့ဩစရာကောင်းပါတယ်"

"အေး. . မင်းသူငယ်ချင်း စိုးမင်းဇော်ရဲ့အဖြစ်ကလည်း အံ့ဩစရာမဟုတ်တဲ့ အံ့ဩစရာဖြစ်ရပ်ပဲပေါ့ကွာ။ ဒီလိုမျိုးချည်း ဖြစ်တတ်တာတွေရှိပါတယ်"

"ဟုတ်မယ်နော်. .။ လူသားဖြစ်ပါလျက် သံထည်တွေ စားတဲ့သူ၊ ဘရိတ်ဓားစားတဲ့သူတွေလည်း ရှိတယ်နော်"

"ရှိတာပေါ့. . တို့ရန်ကုန် သာကေတဘက်မှာတောင် တစ်ယောက်ရှိသေးတယ်။ သူက ဘရိတ်ဓားစားတာ။ နောက်တစ်ယောက်ကတော့ ခရမ်းက လူငယ်တစ်ယောက်ရှိသေးတယ်"

"သန်လျင်ဘက်က ခရမ်းမြို့ကို ပြောတာလား"



"ဟုတ်တယ်. . ခရမ်းက မောင်ဝင်းနိုင်ဆို အိပ်နေရင် ခေါင်းရင်းက မီးခလုတ်ကို စမ်းဖွင့်ရင်းက ဓာတ်လိုက်ပြီး သူ့ကိုယ်ထဲမှာ လျှပ်စစ်ဓာတ်တွေ စီးဝင်နေတယ်။ သူ့လက်တစ်ဖက်နဲ့ မီးကြိုးကို ကိုင်ပြီး တစ်ဖက်က မီးလုံးကိုင်ရင် မီးလင်းတယ်။ တစ်ထောင်ဝပ် လျှပ်စစ်မီးဖိုကိုလည်း လင်းစေတယ်။ သူ့အစွမ်းကို တီဗီကတောင် ပြသွားဖူးသေးတယ်"

"ကြားတော့ ကြားမိတယ်။ ဂျာနယ်ထဲတောင်ဖတ်ဖူးသလိုပဲ"

"ဟုတ်တယ်။ ဂျာနယ်ထဲမှာလည်း အဲဒီအကြောင်း ပါဖူးတယ်။ လောကမှာ ထူးဆန်းတာတွေကတော့ အများကြီးပါပဲကွာ။ သိပ္ပံပညာနဲ့ ဖော်ထုတ်မရတဲ့ ဖြစ်စဉ်တွေလည်း အများကြီးပါပဲ"

သူ့ဦးလေး ပြောပြသမျှ တင့်ဆွေ နားထောင်ရင်း ခေါင်းတညိတ်ညိတ် ရှိချေ၏။ စိုးမင်းဇော်၏ အကြောင်းကို တွေးရင်း ဘာဆက်ဖြစ်မည်ကို သိလိုလှသဖြင့် မေးမိ၏။

"ကျွန်တော့်သူငယ်ချင်းရဲ့ ထူးခြားတဲ့ပါဝါဖြစ်စဉ်တွေဟာ ရှေ့အလားအလာ ဘယ်လိုဆက်ဖြစ်မလဲဟင်"

"ဒါကတော့ အချိန်က အဖြေပေးပါလိမ့်မယ်။ အခုပြောဖို့တော့ စောသေးတယ်ထင်တယ်"

ဦးလေးက တိကျရေရာသောအဖြေကို မပေးဘဲ အချိန်ကာလကို ကြည့်ဖို့ဆိုသည်ကို သူ သိလိုက်ပါဘိ။

တင့်ဆွေခမျာ စိတ်ကူးအတွေးများစွာဖြင့်ပင် ဦးလေးကို နှုတ်ဆက်၍ ပြန်လာခဲ့သည်။

သည့်နောက်. .

သူသည် နိုင်ငံခြားတိုင်းပြည်များမှ ဖြစ်ရပ်ဆန်းများ ပါဝင်သည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်များကို ရှာဖွေဖတ်ရှုလေ့လာခဲ့သည်။

လောက ထူးဆန်းထွေလာတွေ များလှသော်လည်း စိုးမင်း

www.burmeseclassic.com

www.burmeseclassic.com



ဇော်လိုလူစားတော့ တစ်ဦးမျှ မပါခဲ့ချေ။

ဒါဆို . . စိုးမင်းဇော်သည် ဘာလဲ . . ။

တင့်ဆွေတစ်ယောက် အတွေးချာချာလည်လျက်ရှိချေ၏။

□□□

## အခန်း ‹၁၁›

"စိုးမင်းဇော်ကိစ္စကို မင်း ဘယ်လိုစဉ်းစားထားလဲ ဆွေ"

မျိုးမျိုးက မေး၏။ မြတ်မိုးဆွေက မဖြေသေးဘဲ အအေးကို ...သောက်နေသည်။

ပြီးမှ . . စဉ်းစဉ်းစားစား ပြော၏။

"ကိုယ်လည်း ဘယ်လိုနားလည်ပြီး ဘယ်လိုစခန်းသွားရမယ် သိတော့ဘူး"

"တို့ ဘာဆက်လုပ်ကြမလဲ"

"ဘာမှ ဆက်လုပ်လို့ မရသေးဘူး။ သူ့အဖေကြီးကတော့ ...ခြားကနေ ရောက်နေတဲ့ ဒေါက်တာယန်ယန်နဲ့ ပြနေတယ်တဲ့"

"ဘာထူးတယ်တဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မကြားသေးဘူး။ အဲဒီကိစ္စ ကိုယ်လည်း နားစွင့်နေတာ။ တင့်ဆွေလည်း အတော်လေး စိတ်ဝင်စားနေတယ်"

"ဟင်း . . ဟင်း . . ကိုတင့်ဆွေလည်း အဲဒီကိစ္စကို စိတ်ဝင်စားနေရတာနဲ့ အချစ်ရေးကိစ္စ မေ့နေရတယ်ထင်ပ့ါ"

မျိုးမျိုးက မြတ်မိုးဆွေကိုကြည့်ကာ ခပ်ပြုံးပြုံးလေး ပြောလိုက်၏။ မြတ်မိုးဆွေကလည်း ပြုံးရယ်လျက် ပြန်ပြောသည်။

"ဟုတ်တယ်ဟ . . သူတို့နှစ်ယောက်လုံး အဲဒီပြဿနာနဲ့ အချစ်ရေးကိစ္စမှာ နှောင့်နှေးနေကြရပုံပဲ။ သနားပါတယ်"

"ဘယ်သူ့ကို သနားတာလဲ"

မျိုးမျိုး၏အမေးကို မြတ်မိုးဆွေ မဖြေဘဲ ပြုံးနေ၏။ မျိုးမျိုးကလည်း ဆက်မမေးတော့ဘဲ စကားလမ်းကြောင်း ဖွဲ့လိုက်သည်။

"ဒါထက် လာမယ့်ကြာသပတေးနေ့မှာ မင်းမွေးနေ့လုပ်မယ်ဆို . ."

"ဟုတ်တယ်လေ . . ဆယ့်ရှစ်နှစ်မြောက် မွေးနေ့လုပ်မှာ။ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ ကိုယ့်သူငယ်ချင်းတွေပဲ ဖိတ်မှာ . ."

"ကိုစိုးမင်းဇော်ကို ရှေ့ဆုံးကဖိတ်မှာမဟုတ်လား"

"ဟုတ်တယ် . . သူ့အိမ်အထိ သွားဖိတ်ဖို့ စဉ်းစားထားတယ်"

"စဉ်းစားမနေနဲ့။ သွားသာဖိတ်။ မရောက်တာကြာပြီ။ မျိုးလည်း လိုက်မယ်"

"ဒါဆို မနက်ဖြန်ပဲ သွားကြရအောင် . . မနက်ဖြန်မနက် ဆယ်နာရီလောက် မျိုး အိမ်ကစောင့်နေ။ ဝင်ခေါ်မယ်"

"အသင့်ပါပဲရှင်"

မျိုးမျိုးက ကတိပေး၏။ ကတိသာပေးသော်လည်း အအေးဖိုးပိုက်ဆံမပေးသဖြင့် မြတ်မိုးဆွေကပဲ ထုတ်ပေးလိုက်ရသည်။

အအေးဆိုင်ထွက်လာပြီး မြို့လယ် (၃၁) လမ်းဘက် ထွက်ခဲ့



ကြ၏။ အဲဒီမှာ မြတ်မိုးဆွေ မွေးနေ့ဖိတ်စာသွားရွေးရဦးမယ်။

ဖိတ်စာရွေးပြီး ပြန်ထွက်လာတော့ လူချင်းခွဲလိုက်ကြ၏။

မနက်ဖြန်မှပဲ ပြန်ဆုံကြဦးမည်။

□□□

မြတ်မိုးဆွေတစ်ယောက် မျိုးမျိုးအိမ်ရောက်တော့ နံနက်ကိုးနာရီခွဲပဲ ရှိသေး၏။ မျိုးမျိုးက ရေချိုးတုန်း . . ။

မြတ်မိုးဆွေအား မျိုးမျိုး၏မိခင် ဒေါ်ခင်မျိုးလှက ဧည့်ခံထားသည်။

"သမီးမွေးနေ့မှာ ဘာကျွေးမှာလဲ"

"ကြက်သားပလာတာကျွေးဖို့ စီစဉ်ထားပါတယ်"

"ကောင်းတယ် . . အန်တီလည်း ကြိုက်တယ်"

"အန်တီပါ လိုက်ခဲ့လေ"

"မလိုက်တော့ပါဘူးကွယ် . . သမီးတို့ လူငယ်တွေပဲ ပျော်ကြပါ"

"ဒါဆို . . အန်တီဖို့ ပါဆယ်ထည့်ပေးလိုက်မယ်လေ"

"အားနာစရာကွယ် . . များများထည့်"

ဒေါ်ခင်မျိုးလှက နောက်သလိုလို ဘာသလိုလို လုပ်ချလိုက်၏။ တကယ် ပါဆယ်ပေးထည့်လိုက်လည်း နည်းလား . . ။

မျိုးမျိုး ရေမိုးချိုးဖီးလိမ်းပြင်ဆင်ပြီးတော့ နံနက် ဆယ်နာရီအထိပင်။

မျိုးမျိုးမိခင် ဒေါ်ခင်မျိုးလှကို နှုတ်ဆက်၍ ထွက်ခဲ့ကြ၏။

သူတို့နှစ်ဦး၏ ခြေလှမ်းများက စိုးမင်းဇော်၏နေအိမ်ဆီသို့ . . ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ‹၁၂›

ကျွန်တော် ခေါင်းကို တွင်တွင်ခါနေမိသည်။ ကျွန်တော့်ရှေ့မှာတော့ ဖေဖေနှင့်အတူ ဒေါက်တာယန်ယန်ရှိနေပါ၏။

"ဟင့်အင်း. . ကျွန်တော် သွေးမလဲချင်ဘူး။ ဘယ်သူ့သွေးကိုမှလည်း အစားမထည့်ချင်ဘူး"

ကျွန်တော်က အတင်းငြင်းနေသဖြင့် ဒေါက်တာယန်ယန်မျက်မှောင်ကုပ်၍ အကြံအိုက်နေဟန်ရှိသည်။

ဒေါက်တာယန်ယန်က ကျွန်တော့်သွေးကိုစစ်ဆေးပြီးသဖြင့် သွေးလဲရန်လိုအပ်ကြောင်း လာပြောခြင်းဖြစ်သည်။ ဒေါက်တာယန်ယန်နှင့်အတူ ဒေါက်တာချဉ်ချဉ်ပါ ပါလာ၏။

ဒေါက်တာချဉ်ချဉ်ကတော့ ဘာမှဝင်မပြောဘဲ ကျွန်တော့်ကိုသာ အကဲခတ်သလို ကြည့်နေသည်။



ဒေါက်တာယန်ယန်က ကျွန်တော်ကို ဖျောင်းဖျသည်။

"လူလေး စဉ်းစားပါ။ လူလေးသွေးမှာ တစ္ဆေပြည်က မကောင်းတဲ့ဓာတ်တွေ ပါနေတယ်။ ကြာရင် လူလေး ဒုက္ခရောက်လိမ့်မယ်"

"ဟင့်အင်း. . ဘာဒုက္ခမှ ရောက်စရာမရှိဘူး။ ကျွန်တော့်ဟာ ကျွန်တော် အေးအေးနေပါရစေ. ."

ကျွန်တော် ငြင်းလိုက်သည်။ တကယ်တော့ ဒေါက်တာယန်ယန်၏မျက်လုံးများကို ကျွန်တော် မကြိုက်။ သူ ကျွန်တော့်အပေါ် မကောင်းကြံလိမ့်မည်ဟု ကျွန်တော် သိထားသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဖူးဖွင့်ဝေက အိပ်မက်ထဲမှာ ပြောထားပြီးဖြစ်သည်။

"စိုးမင်းဇော်. . နင့်ကို သွေးလဲမယ်ဆို လက်မခံနဲ့။ နင့်သွေးကိုယူပြီး သူတို့ကိုယ်ထဲထည့်ပြီး မကောင်းမှုဒုစရိုက်တွေ လုပ်ကြလိမ့်မယ်။ နင် သတိထားပါနော်"

ဖူးပွင့်ဝေက ကျွန်တော်ကို အိပ်မက်ထဲမှာ ဤအတိုင်းပြောသွားခဲ့သည်။ သူမကိုကြည့်ရသည်မှာ ကျွန်တော့်အတွက် ပူပင်နေဟန်ရှိသည်။

ဖူးပွင့်ဝေကို ကျွန်တော်ယုံသည်။ ဖူးပွင့်ဝေသည် ကျွန်တော်အကျိုးမဲ့မည်ကို လုပ်လိမ့်မည်မဟုတ်။ ကျွန်တော့်အကျိုးကိုသာ လိုလားသူဖြစ်သည်ဟု ကျွန်တော် လက်ခံယုံကြည်ထားသည်။

ကျွန်တော် အပြတ်ငြင်းသဖြင့် ဒေါက်တာယန်ယန်တို့ ပြန်သွားကြသည်။ ကျွန်တော့်ကိုလည်း စိမ်းစိမ်းကြည့်သွားသည်။

ကြည့်ပေါ့. . ။ ကျွန်တော်မမှုပါ။ တကယ်တမ်းဆို ကျွန်တော့်ကို ဆေးကုဖို့အတွက် ကျွန်တော့်ထံ သူလာစရာမလိုပါ။ ကျွန်တော်ကသာ သူ့ထံသွားရမှာဖြစ်၏။

သို့ပါလျက်. . သူက ကျွန်တော့်ထံလာနေခြင်းမှာ မရိုးဟု ကျွန်တော် သုံးသပ်မိသည်။ ဖူးပွင့်ဝေကလည်း သတိပေးထားခဲ့ပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာယန်ယန် ပြန်သွားပြီး ရွှေမနော်င်းခင်ပင် မြတ်မိုးဆွေတို့ ရောက်လာ၏။

မြတ်မိုးဆွေနှင့် မျိုးမျိုးတို့ကိုမြင်တော့ ကျွန်တော် ပျော်သွားသည်။ ခုနု ညစ်နေသောစိတ်များ ကြည်သွားသည်။

ကျွန်တော့်ကိုကြည့်၍ ဖေဖေက မှတ်ချက်ပြုသည်။

"အချိုးက ချက်ချင်းပြောင်းသွားတယ်။ မျက်နှာပိုးက အမျိုးမျိုးပဲ။ ငါ့ထက်ကဲမယ့်ကောင်"

ဖေဖေက ပြောပြီး ထသွား၏။ မြတ်မိုးဆွေတို့ကို နှုတ်ဆက်သွားသည်။

"သမီးတို့ ထိုင်ကြဦး။ အေးအေးဆေးဆေး စကားပြောကြ။ အန်ကယ် သွားစရာလေးရှိလို့"

ဖေဖေက ပြတ်သည်။ နပ်သည်။ ကျွန်တော့်အတွက် ခွင်ဖန်ပေးသွားခြင်းပင်။

တကယ်လည်း ဖေဖေက ကျွန်တော့်ကို မြတ်မိုးဆွေနှင့် သဘောတူနေ၏။ သဘောကျနေ၏။

ဖေဖေသဘောကျရခြင်းမှာ အကြောင်းရှိ၏။ ကျွန်တော် မြတ်မိုးဆွေနှင့် ပြေလည်သွားလျှင် ဖူးပွင့်ဝေနှင့်ကိစ္စပြတ်မည် မဟုတ်လား။

ဖေဖေ့မှာ ဖူးပွင့်ဝေနှင့် စပ်လျဉ်း၍ ကျွန်တော့်ကို ပူပင်နေသည်။

အရေးထဲ ကျွန်တော့်ခန္ဓာကိုယ်ထဲက သွေးများမှာ ဓာတ်ရောင်ခြည်များ စီးပျော်နေသည်ဆို၍ ပိုမိုစိတ်ပူနေရှာ၏။

ဖေဖေပျော်အောင် ကျွန်တော် ဘာလုပ်ရမည်နည်း။

သိပြီ. . ။

မြတ်မိုးဆွေကို အပီကြံရမည်။



ကိုယ့်အကြံနှင့်ကိုယ် မြတ်မိုးဆွေကို တိုးတိုးလေးခေါ် လိုက်မိ၏။

"မြတ်မိုးဆွေ"

"ရှင်"

"နေကောင်းလား"

"ကောင်းလို့ ဒီလာနိုင်တာပေါ့"

"ခစ် . . ခစ် . . "

မျိုးမျိုးက ရယ်သည်။ ရယ်နေရာမှထ၍ . .

"အရေးထဲ ဗိုက်နာလိုက်တာ။ ရေအိမ်ဝင်မယ်နော်"

ဟုဆိုကာ ထပြေးတော့၏။

ရှောင်တာနေမှာ . . ။

ဧည့်ခန်းထဲမှာတော့ ကျွန်တော်နှင့် မြတ်မိုးဆွေ နှစ်ယောက်တည်း။ အဘွားကလည်း နောက်ဖေးခန်းမှာ အလုပ်ရှုပ်နေ၏။

ကျွန်တော်က မြတ်မိုးဆွေကို ထပ်ခေါ် လိုက်သည်။

"မြတ်မိုးဆွေ"

"ရှင် . . "

"ထမင်းစားခဲ့ပြီးပြီလား"

"အေး . . မစားရသေးဘူး။ မင်းကျွေးမလို့လား"

ဟု ရုတ်တရက်ပြောလာသူကား တင့်ဆွေ . . ။ ဘယ်အချိန်ကများ တိုးတိုးတိတ်တိတ် အိမ်ပေါ်တက်လာပါလိမ့်။

တင့်ဆွေအသံကြားတော့ မြတ်မိုးဆွေ တွန့်သွားသည်။ ရှုတ်ကိုးရှုက်ကန်းဖြင့် တင့်ဆွေကို ပြောသည်။

"အစောကမဲ . . မွေးနေ့လာဖိတ်တာ။ တစ်ခါတည်း မိတ်သွားရတာပေါ့"

ပြောပြောဆိုဆို မြတ်မိုးဆွေက [illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



တင့်ဆွေ ဖိတ်စာကိုဖတ်ကြည့်ရင်း ပြော၏။

"အင်း. . ဘာလိုလိုနဲ့ မြတ်မိုးဆွေတောင် ဆယ့်ရှစ်နှစ်ပြည့်ပြီနော်. ."

"အဲဒါ. . ဘာဖြစ်လဲ"

မြတ်မိုးဆွေက ခပ်ငေါက်ငေါက်ပြန်မေး၏။ တင့်ဆွေ ဘယ်လိုခြေလှမ်းလှမ်းတော့မည်ဆိုတာကို သိနေသည်ပဲလေ။

တင့်ဆွေက မချိုမချဉ်မျက်နှာထားဖြင့် ဆက်ပြော၏။

"ငါကလည်း ရှေ့လဆို အသက်နှစ်ဆယ်ပြည့်ပြီဟ. ."

"သေဖို့နီးပြီပေါ့"

မျိုးမျိုးက လှမ်းပြောလိုက်ခြင်းဖြစ်သည်။ နောက်ဖေးခန်းမှ ထွက်လာသော မျိုးမျိုးကိုမြင်သဖြင့် တင့်ဆွေက လှမ်းနောက်သည်။

"ဟင်. . မျိုးမျိုး. . နင် နောက်ဖေးမှာ ဘာတွေဝင်စားနေတာလဲ"

"သေနာကောင်. . နင့်လိုမှတ်လို့လား. .။ ကဲ. . ဆက်ပြောပါဦး။ အသက်နှစ်ဆယ်ပြည့်တော့ ဘာလုပ်မှာလဲ။ မွေးနေ့လုပ်မှာလား"

မျိုးမျိုး ပြောပြောဆိုဆို ပြန်ဝင်ထိုင်သည်။ ခုနကတော့ ကျွန်တော်နှင့် မြတ်မိုးဆွေတို့နှစ်ဦးထဲမို့ နောက်ဖေးမှာ လျှောက်ပြေနေခြင်းဖြစ်၏။

ယခုတော့ တင့်ဆွေရောက်လာပြီမို့ ပွဲက ကြည့်မကောင်းပြီမို့ ပြန်ထွက်လာခြင်းပင်. .။

တင့်ဆွေက ဆက်ပြောသည်။

"ဟုတ်ဘူးဟ. .။ ငါက အသက်နှစ်ဆယ်ဆိုတော့ မြတ်မိုးဆွေထက် နှစ်နှစ်ကြီးတာပေါ့။ တို့မြန်မာစကားပုံမှာ ကြီးရင်ချီ၊ ငယ်ရင်မိုတဲ့"



"ဟောကောင် တင့်ဆွေ. . အဲဒါ ဘာဖြစ်လဲ။ ပြောစရာရှိတည့်တည့်ပြော။ ငါသိနေတယ်နော်"

ကျွန်တော် ဝင်ပြော၏။ တင့်ဆွေအထာကို ကျွန်တော် ရိပ်မိသည်။ ဒီကောင် လူကြားထဲမှာ ချိတ်တိတ်တိတ်လုပ်တော့မည်လေ။ အကယ်လည်း လုပ်သည်။

"ဘာမှ ထွေထွေထူးထူး မဟုတ်ပါဘူး။ ကြီးရင်ချီ၊ ငယ်ရင် မိုတားအရ မြတ်မိုးဆွေက မိုမယ်ဆို ခွင့်ပြုတယ်ပြောမလို့ပါ။ ဒါမှတော့တ် ကိုယ်ကကြီးတော့ ချီရမလားလို့"

တင့်ဆွေစကားကြောင့် မြတ်မိုးဆွေက ပြုံး၍လှမ်းမေးသည်။

"တင့်ဆွေ. . နင် တကယ်ချီချင်လို့လား. ."

"ဒကယ်ပေါ့. ."

"ဒါဆို နင် ငါ့ကိုမချီခင် တစ်ခုခုကို အစမ်းချီပြမလား"

"ချီပြမယ်. . ပြော. . ဘာချီရမလဲ"

"အမဲရိုး"

"ဟိ. . ခစ်. . ခစ်"

"ဝါး. . ဟား. . ဟား"

မြတ်မိုးဆွေက အပြတ်ဖွဲ့လိုက်တော့ မျိုးမျိုးနှင့် ကျွန်တော် ရယ်မိဖြစ်ကြသည်။

တင့်ဆွေ ပါးစပ်ပိတ်သွားသည်။ ဘာမှ ဆက်မချီ. . အဲ. . ဆက်မပြောတော့. .။

မြတ်မိုးဆွေကတော့ ပါးစပ်ကို လက်လေးနှင့်အုပ်၍ ရယ်နေသည်။

ရယ်နေရာမှ ကျွန်တော့်ကို လှမ်းကြည့်တော့ ကျွန်တော်က ပြုံးပြလိုက်သည်။

တစ်ဆက်တည်းပင် မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးဆွေ တုံ့ပြန်လိုက်ပုံက သင်းသည်။

"ကိုစိုးမင်းဇော်. . မျက်ကြောတွေလိုက်နေတယ်ထင်တယ်။ ဆရာဝန်နဲ့ပြဦး"

ကျွန်တော် အတော်လေး စိတ်ညစ်သွားသည်။ မြတ်မိုးဆွေသည် ကျွန်တော်တို့နှစ်ယောက်စလုံးကို ရယ်စရာသဖွယ် သဘောထားနေသည်လား. . ။

ကျွန်တော် စိတ်ပျက်စွာ မျက်လုံးနှစ်လုံးကို စုံမှိတ်ကာ ဆက်တီပေါ် မှီချလိုက်မိ၏။

ထိုစဉ် ကျွန်တော့်နားထဲသို့ ဖူးပွင့်ဝေ၏အသံလေး တိုးဝင်လာသည်။

"စိုးမင်းဇော်. . နင် စိတ်မပျက်နဲ့။ မမက နင့်အပေါ် တိမ်းမှာပါ။ သက်သက်မဲ့ ကြက်သွန်ဖြူရောင်းနေတာ"

ထိုအသံကြောင့် ကျွန်တော် မျက်လုံးဖွင့်ကြည့်မိသည်။

ကျွန်တော် လန့်သွား၏။ မြတ်မိုးဆွေ၏နောက်ဘက်နားမှာ ဖူးပွင့်ဝေ ရပ်လို့ပါလား. . ။

ကျွန်တော် ပြူးတူးပြဲတဲ မေးမိ၏။

"နင်. . နင်. . ဘာလာလုပ်တာလဲ"

"ငါ. . ဖိတ်စာလာဖိတ်တာလေ. . ဘာကြောင်တာလဲ"

မြတ်မိုးဆွေက သူ့ပြောသည်ထင်၍ ပြန်ပြော၏။ ကျွန်တော်က ခေါင်းခါကာ. .

"မြတ်မိုးဆွေကိုပြောတာမဟုတ်ပါဘူး"

ဟု ပြောမိလေရာ မြတ်မိုးဆွေက မျက်နှာထားတင်းတင်းဖြင့် ပြန်ပြော၏။

"ငါ မပြောလို့ ဘယ်သူ့ပြောတာလဲ။ မျိုးမျိုးနဲ့ အဝေးကြီး။ နင့်မျက်လုံးတွေက ငါ့ဆီမှာပဲဟာ. . "



"ဟာ. . မဟုတ်ဘူး။ ရှုပ်ကုန်ပြီ။ ဟော့. . ဟော့. . ပြန်တော့"

"ဘာ. . ငါ့ကိုနှင်တယ်"

သွားပြီ။ ကျွန်တော်က ဖူးပွင့်ဝေကိုပြောလိုက်ခြင်းဖြစ်သော်လည်း မြတ်မိုးဆွေက သူ့ပြောသည်ထင်ကာ ဒေါပွသွားတော့သည်။

ဖူးပွင့်ဝေကတော့ စပ်ဖြီးဖြီးလုပ်နေ၏။ ကျွန်တော်က ဖူးပွင့်ဝေကိုကြည့်ကာ နှုတ်ခမ်းကိုက်ထားလိုက်၏။

ဓါကိုပင် မြတ်မိုးဆွေက သူ့လုပ်ပြသည်ထင်ကာ ကောဖြန်၏။

"ဘာမှ လုပ်ပြမနေနဲ့။ ပြန်မယ်။ ငါ့မွေးနေ့လည်း လာမနေနဲ့တော့"

"အယ်. . "

မြတ်မိုးဆွေက တကယ်ပင် ထပြန်မည်လုပ်သဖြင့် အားလုံးဝိုင်းဆွဲထားကြရသည်။

ကျွန်တော်က မြတ်မိုးဆွေကို တောင်းပန်ရင်း ရှင်းပြရတော့သည်။

မြတ်မိုးဆွေက သိပ်ယုံချင်ပုံမပေါ်။ ဖူးပွင့်ဝေရောက်လာသည်ဟု ဆိုခြင်းအား လက်ခံချင်ပုံမရ။

ကျွန်တော်က ဖူးပွင့်ဝေ မကောင်းကြောင်းပြောတော့ ဖူးပွင့်ဝေက ကျွန်တော့်ကို လက်သီးနှင့် ရွယ်သည်။

ကျွန်တော် မသိချင်ယောင်ဆောင်နေလိုက်ရ၏။

မြတ်မိုးဆွေတို့ ပြန်သွားမှပင် ဖူးပွင့်ဝေနှင့် စာရင်းရှင်းရတော့မည်။

"ကဲ. . ဖူးပွင့်ဝေ. . ဘယ်လိုဖြစ်ပြီး ငါ့ဆီရောက်လာရတာလဲ"

"ဟီး. . အမှန်ဝန်ခံရရင်တော့ ငါ နင့်ကို သတိရလို့ နင့်ကို

www.burmeseclassic.com

www.burmeseclassic.com



သိမ်တွေ ချင်တဲ့ဆန္ဒ ပြင်းပြနေလို့ ဖျတ်ဆို နင့်ရှေ့ရောက်လာတာပဲ တ. . "

"နင်ကလည်း ပြဿနာပဲ"

"အဲဒါ ငါလုပ်တာမဟုတ်ဘူးဟ. . ပါဝါ. . ပါဝါ. . ဂျေပီပါဝါ ကြောင့် ငါရောက်လာတာ။ နင့်မှာလည်း ဂျေပီပါဝါတွေ ရှိနေတယ် မို့လား. . "

"အေး. . အဲဒါကြောင့် ငါလည်း ဒီမှာ ပြဿနာတွေ တက်နေတာပေါ့"

ကျွန်တော်က စိတ်ပျက်လက်ပျက် ပြောမိ၏။ ဖူးပွင့်ဝေက တော့ အရေးကြီးဟန်ဖြင့် သတိပေးစကားဆိုသည်။

"စိတ်ပျက်မနေနဲ့ဦး။ နင့်ကို ငါ သတိပေးထားတာ မှတ်မိလား"

"ဘာလဲ"

"နင့်ကို မကောင်းကြံမယ့်သူ ရှိတယ်။ နင့်သွေးကိုလည်း ယူပြီး အသုံးချကြလိမ့်မယ်။ နင် ဂရုစိုက်။ ငါလည်း ကြာကြာနေလို့ မရဘူး။ ပြန်မယ်"

ပြောရင်းပင် ဖျတ်ခနဲ ပျောက်သွားတော့၏။ မြန်လိုက်တဲ့ အမျိုး. . ။

"ဖူးပွင့်ဝေ. . ဖူးပွင့်ဝေ"

"ဖူးပွင့်ဝေ"

ကျွန်တော် လိုက်ခေါ်ကြည့်မိ၏။ ဘာသံမှ မကြားရ၊ မမြင်ရတော့။ ရုပ်မမြင် သံပျောက်ဖြစ်နေ၏။

ထိုစဉ်. .

နောက်ပါးမှ အသံတစ်သံတော့ ကြားရ၏။

"မြေးလေး. . ဘာလဲ. . ခြံထဲကပန်းပင်တွေလား. . ဟုတ်ပါ့. . အဖူးတွေပွင့်ပြီး ဝေနေတာ ဆန်းသလား"



အဘွားအသံတည်း။ ကျွန်တော် ရှက်ရှက်နှင့် တွေဝေစိုးရိမ် ချလိုက်သည်။

"ဟုတ်ပါ့ အဘွားရယ်. . ဖူးရာက ပွင့်ပြီး ဝေဆာနေလိုက်တာ ချစ်စရာနော်"

❑❑❑

www.burmeseclassic.com

## အခန်း ‹၁၃›

ဒေါက်တာယန်ယန်တစ်ယောက် သူ့ရုံးခန်းထဲမှာ လက်နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

ဒေါက်တာချဉ်ချဉ်ကတော့ မေးပွတ်ကာ စဉ်းစားနေ၏။ တစ်ဦးနှင့်တစ်ဦး စကားမပြောကြ။ အတွေးကိုယ်စီနှင့် ရှိနေကြသည်။

အတန်ကြာမှ ဒေါက်တာယန်ယန်က စကားစပြောသည်။

"ကျုပ်တို့ အနုနည်းနဲ့မရရင် အကြမ်းနည်း သုံးရလိမ့်မယ်"

"ဂွတ်တယ်ထင်ရင် ဒူးသာဒူးပါ ဒေါက်တာ။ အင်းစိန်ထောင်က အကျယ်ကြီးပါ"

ဒေါက်တာချဉ်ချဉ်က အားပါးတရ ထောက်ခံ၏။

"ရှုပ်. . အဲဒီကလေးထံက သွေးကိုရလို့ကတော့ ဘယ်ထောင်ကိုမှ မကြောက်ဘူး။ ကြောက်လို့လည်း မလိုတော့ဘူး"



"ဒါဆိုလည်း လုပ်လိုက်လေ ကြာသလားလို့"

"အေး. . လုပ်ရမယ်။ လုပ်ကို လုပ်ရမယ်"

"လုပ်လိုက်စမ်းပါ။ ရဲရဲကြီး လုပ်လိုက်စမ်းပါ"

ဒေါက်တာချဉ်ချဉ်က အပြတ်ကို အားပေးနေ၏။ ရွှံ့နေသလိုပင်။

"လုပ်ဆို မကြာခင် အကောင်အထည် ဖော်ရလိမ့်မယ်။ ကျုပ်တို့အတွက် သိပ်အချိန်မရှိဘူး"

"အခုမှ မနက်ရှစ်နာရီပဲ ရှိပါသေးတယ်။ တစ်နေ့လုံး အချိန်ရသေးတာပဲ"

"ရှုပ်. . အဲဒါပြောတာမဟုတ်ဘူး။ ကောင်လေးက သူရထားတဲ့ ဂျေပီပါဝါကို ကောင်းကောင်းအသုံးမချတတ်ခင်မှာ ရအောင်လုပ်ရမယ်"

"အေးဆေးပေါ့"

"အေးဆေးလို့ မရဘူး ဒေါက်တာရဲ့။ ကြာရင် သူ့ပါဝါအစွမ်းသူသိသွားရင် လုပ်ရခက်မယ်"

"ဒါဆိုလည်း အခုပဲသွားဖြုလိုက်ကြရအောင်. . "

ဒေါက်တာချဉ်ချဉ်က အခုသွားမယ်ချည်း ပြောနေသဖြင့် ဒေါက်တာယန်ယန်က ဟန့်ထားရသေး၏။

"နေပါဦး ဒေါက်တာရဲ့. . အချိန်ရပါသေးတယ်"

"ဒေါက်တာပဲ အမျိုးမျိုး. . ။ ခုနကတော့ အချိန်မရှိတော့ဘူးဆို"

"ကဲပါ. . စကားအပိုတွေ ပြောမနေပါနဲ့တော့။ ကျုပ်တို့ ဒီလိုလုပ်ကြရအောင်"

ဒေါက်တာယန်ယန်က ဒေါက်တာချဉ်ချဉ်နားကပ်၍ တိုးတိုးတိုးတိုး ပြောနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြောလည်းတော့ မသိရ။

တစ်ခုခုလုပ်မှာတော့ သေချာ၏။

မကောင်းတာကြံနေတာလည်း မှန်၏။

သူ့အကြံကား စိုးမင်းဇော်ထံက သွေးကိုထုတ်၍ သူ့သွေးနှင့် လဲလှယ်ကာ ရရှိသော ဂျေပီပါဝါဖြင့် ကမ္ဘာ့ငွေတိုက်၊ ရွှေတိုက်၊ ဘဏ်တိုက်များဆီသို့ ဝင်ရောက်မည်။

သယ်မည်။ မ,မည်။ အချိုကြီး ကြံထားခြင်းတည်း. . ။

ယခုလောလောဆယ်တော့ ဘာလုပ်ဦးမည် မသိရ။

□□□

## အခန်း ‹၁၄›

ယနေ့ မြတ်မိုးဆွေ၏ မွေးနေ့. . ။

မွေးနေ့က ညနေပိုင်းလုပ်မှာဖြစ်သည်။ မြတ်မိုးဆွေ၏ အိမ်ခြံထဲမှာ ကျင်းပမှာဖြစ်၏။

သူငယ်ချင်းများကိုသာ ဖိတ်ကြားထားသော ပွဲဖြစ်သည်။ လူကြီးများမပါ။

မျိုးမျိုး၏မိခင် ဒေါ်ခင်မျိုးလှ. . .တော့ သမီးကို တဖွဖွမှာသည်။

"ဟဲ့. . သမီး. . ကြက်သားပလာတာ ပါဆယ်ပေးရင် ယူခဲ့နော်။ ငြင်းမနေနဲ့ဦး"

"အို. . အမေကလည်း သယ်လာရမှာ ရှက်စရာကြီး"

"အိုအေ. . ဝယ်လာသလိုလို ဘာလိုလိုပေါ့"

www.burmeseclassic.com



"တိုကပဲ ပေးစမ်းပါဦးစောဦး"

"သမီးက လက်တို့ သတိပေးလိုက်ပေါ့"

မျိုးမျိုး ဘာမှမပြောတော့။ ခပ်ကြော့ကြော့လေး ထွက်လာခဲ့တော့သည်။

လမ်းမှာ တင့်ဆွေငှားစီးလာသော ကကကားနှင့် တန်းတိုးသဖြင့် အတင်းလှက်ပြတားသည်။

ကားဆရာက လူပါနေသဖြင့် ရပ်မပေးဘဲ ဆက်မောင်းသည်။ တင့်ဆွေက မျိုးမျိုးကိုမြင်သဖြင့်. .

"ကားဆရာ. . ရပ်. . ရပ်. . အဲဒါ ကျွန်တော့်ကောင်မလေး"

ဟု ပြောလိုက်သဖြင့် ကားဆရာက ရပ်လိုက်၏။ ဘက်ပြန်ဆုတ်ရင်း မရှင်းသည့်အချက်ကို ဖြတ်မေး၏။

"အဲဒါ မောင်ရင့်ကောင်မလေး. . "

"ဟုတ်"

"ခုနပြောတော့ ချစ်သူမွေးနေ့ သွားမလို့ဆို. . သူ့က မွေးနေ့ရှင်လား. . "

"မဟုတ်. . "

"ရှုပ်နေတာပဲ"

ကားဆရာ ဆက်မမေးတော့ဘဲ သူ့အလုပ်သူလုပ်တော့၏။

ကားစငှားကတည်းက ကျွန်တော့်ရဲ့ကောင်မလေးမွေးနေ့ပွဲသွားမလို့တု တင့်ဆွေက အပြတ်ရှိုးထားခဲ့သည်လေ။ ဒါကြောင့် ကားဆရာက မေးနေခြင်းပါ။

မျိုးမျိုးကတော့ ဘာမှမသိရှာ။ ကားအလကားစီးရသဖြင့် ပိုင်ပြီဟု တွေးရင်း ကားပေါ် ကြော့ကြော့လေးတက်လိုက်သည်။ မျိုးမျိုးက နောက်ခန်းမှတက်သည်ဖြစ်ရာ ကားဆရာက ရှေ့ခန်း သူ့ဘေးမှာရှိနေသည့် တင့်ဆွေအား နောက်ခန်းသွားထိုင်ရန် မျက်ရိပ်ပြ



လိုက်၏။ ချစ်သူချင်းဆို တူတူထိုင်လေ. . ။

တင့်ဆွေက နှာခေါင်းလေးရှုံ့ကာ ခေါင်းခါယမ်းသည်။ ကားဆရာက တင့်ဆွေအား ဘယ်လိုဖြုတ်သားလေးပါလိမ့်ဟူသော အကြည့်မြင့်ကြည့်ပြီး မျိုးမျိုးကို လှည့်ကြည့်သည်။ မျိုးမျိုးကလည်း အလကားရပ်တင်သည့်ကျေးဇူးကြောင့် ဖောဖားဖားကာ ပြုံးပြလိုက်၏။ ကားဆရာက. .

"ကောင်လေး. . နောက်သွားမထိုင်ရင် ကောင်မလေးကို ရှေ့ထိုင်ခိုင်းလိုက်မယ်။ ဒါမှ ချစ်သူချင်း အဆင်ပြေမှာ"

ဟု တွေးရင်း မျိုးမျိုးအား လှမ်းပြော၏။

"သမီးတို့ချင်း စကားပြောလို့ကောင်းအောင် ရှေ့ကထိုင်လေ"

"ဟုတ်ကဲ့ရှင့်"

မျိုးမျိုးက ရမ်းတုတ်လိုက်၏။ ကားဆရာက တံခါးဖွင့်ဆင်းပြီး မျိုးမျိုးအား တံခါးဖွင့်ပေးနေ၏။ မျိုးမျိုးကလည်း ခပ်ပြုံးပြုံးလေးဆင်းကာ ကားဆရာ ခုံမှာဝင်ထိုင်ရင်း တင့်ဆွေကို မျက်စောင်းချိတ်ကာ ပြော၏။

"နင့်က ငါ့ကို ရှေ့ခန်းက ခေါ်ဖော်တောင်မရဘူး။ ကားဆရာကြီးကမှ အလိုက်သိသေး"

မျိုးမျိုးတို့ကိုကြည့်၍ ကားဆရာကြီး ပြုံးနေ၏။ သူက နောက်ခန်းမှ ဝင်ထိုင်လိုက်သည်။

တင့်ဆွေကတော့ မျက်လုံးကြီးများ ပြူးချက် မျိုးမျိုးကို မာန်လိုက်သည်။

"ရှေ့မှာလာထိုင်ရအောင် နင်မောင်းမှာမို့လား"

"အယ်တော့. . "

မျိုးမျိုး လျှာလေးတစ်လစ်ထြုတ်သွား၏။ သည်တော့မှ ကားဆရာလည်း သူ့အမှားသူသိကာ ပြန်ဆင်းသွက်. .

www.burmeseclassic.com



"မှားဝယ"

ဟုဆိုကာ မျိုးမျိုးအား တံခါးဖွင့်ဆင်းခိုင်းတော့၏။ မျိုးမျိုး နှုတ်ခမ်းစူကာ မျက်စောင်းချိတ်၍ ပြောလိုက်သေး၏။

"အမျိုးမျိုး. ."

တင့်ဆွေက မျိုးမျိုးကို လှမ်းကြည့်ပြီး ပြောသေး၏။

"အာရုံနောက်တယ်"

❑❑❑

## အခန်း <၁၅>

ကျွန်တော့်စိတ်တွေ ပေါ့ပါးသွက်လက်နေသည်။

ယနေ့ မြတ်မိုးဆွေမွေးနေ့သို့ ကျွန်တော်သွားရမည်လေ။

ကျွန်တော် အကောင်းဆုံးဝတ်စားပြင်ဆင်ထားသည်။ စပို့ရှပ် အပြာရောင်နှင့် စတိုင်ဘောင်းဘီအညိုတို့ကို ဝတ်ထားသည်။ ရှူးဖိနပ် အနက်ပါ စီးထားလိုက်သေး၏။

မသိလျှင်တော့ လွင်မိုးလိုလို၊ ဘာလိုလို။ သိလျှင်တော့ ဖွတ်သွားပါပဲ။

ကျွန်တော်က မြတ်မိုးဆွေအတွက်ပေးမည့် မွေးနေ့လက် ဆောင်လေးကိုကြည့်ကာ ကျေနပ်ပြုံးလိုက်သည်။ လက်ဆောင်က နာရီ လှလှလေးတစ်လုံးပါ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အသင့်ဖြစ်တော့ အဘွားကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

ကဲ . . ကောင်းလေစွ . . ။

ကျွန်တော် အိမ်ရှေ့လမ်းမှာရိပ်မိသည်နှင့် ကက အငှားယာဉ်တစ်စီးက အသာလေး ထိုးရပ်ကာ မေးသည်။

"ဆရာ ဘယ်သွားမလို့လဲ"

"သုဝဏ္ဏကို . . "

"သုဝဏ္ဏ ဘယ်ပို့ရမှာလဲ"

"မီးဒုံးလမ်း"

"အာ . . သိတယ် . . ကျွန်တော်လည်း အဲဒီပြန်မှာ လမ်းကြုံတယ်"

"ဘယ်လောက်ပေးရမှာလဲ"

"တစ်ထောင်ပဲပေး"

"မနည်းဘူးလား"

"နည်းပါတယ်။ လမ်းကြုံနေလို့လေ။ လမ်းမှာ လမ်းကြုံလူရရင်တော့ တင်မယ်နော်"

"တင်ဗျာတင် . . ကျွန်တော့်ကို အရင်ပို့ရမယ်နော်"

"စိတ်ချပါဆရာ"

ကားလေးက လှစ်ခနဲမောင်းထွက်သည်။ ကျွန်တော် ကိုယ့်အတွေးနှင့်ကိုယ် မျက်လုံးမှေးကာ လိုက်ပါလာခဲ့၏။

ထိုအချိန်ဝယ် . .

ဒေါက်တာယန်ယန်နှင့် ဒေါက်တာချဉ်ချဉ်တို့သည် ရုပ်ဖျက်လျက် ကားလေးလာရာလမ်းက စောင့်နေကြ၏။

ကားလေး သူတို့နားရောက်လာသော် လက်ပြတား၏။ ကားလေးက ထိုးရပ်ပေးသည်။



"လမ်းကြုံလူရလို့ တင်တာပဲ တင်ပေါ့"

ဟု ကျွန်တော် တွေးရင်း ငြိမ်နေလိုက်သည်။ ကားဆရာနှင့်ဈေးစကားပြောပြီး ထိုသူနှစ်ဦး နောက်ခန်းမှာ တက်လိုက်ကြ၏။

ကားလေးက လှစ်ခနဲ မောင်းထွက်လာ၏။ ကားနောက်ခန်းမှ ဒေါက်တာယန်ယန်နှင့် ဒေါက်တာချဉ်ချဉ်တို့က တစ်ဦးမျက်နှာတစ်ဦးကြည့်၍ ပြုံးကြသည်။ ဒါကို ကျွန်တော်မမြင်ပါ။

"ကားဆရာ . . ရှေ့နားကျ အိမ်တစ်အိမ် ခဏဝင်ပေးပါ။ ပို့က်ဆံဝင်ပေးရုံပါ"

"ဟုတ်ကဲ့ခင်ဗျ . . "

ကားဆရာက ရိုကျိုးစွာ ပြန်ပြောသည်။ အတော်မောင်းလာပြီးတော့ အသင့် တံခါးဖွင့်ထားသည့် ခြံကြီးထဲ မောင်းခိုင်း၏။

ခြံထဲရောက်သည်နှင့် ခြံတံခါးကြီး ပိတ်သွားသည်။ နောက်ခန်းမှ နှစ်ယောက် ဆင်းကြ၏။ ကားဆရာက ရှေ့ခန်းတံခါး လာဖွင့်ကာ ကျွန်တော့်ကိုပါ ဆင်းခိုင်းနေ၏။

ကျွန်တော် ယောင်၍ ဆင်းပေးမိသည်။ ဆင်းမိသည်နှင့် ဒေါက်တာယန်ယန်တို့နှစ်ဦးက ကျွန်တော့်အား တစ်ဖက်တစ်ချက်စီ ညှပ်၍ လက်မောင်းများကို ဆုပ်ကိုင်လိုက်ကြသည်။

"ဒါ . . ဒါ . . ဘာလုပ်တာလဲ"

"မင်းကို သွေးလဲပေးမလို့"

"ဗျာ . . "

ကျွန်တော် လန့်သွားသည်။ ထိုလူများမှာ ဒေါက်တာယန်ယန်ကျွန်တော် သိလိုက်ချိန်မှာတော့ နောက်ကျနေပါပြီ။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ကျွန်တော့်စိတ်တွေ ပူပန်မှုတွေနှင့်အတူ စိုးရွံ့စိတ်များ ဖြစ်သည်။ ဂျေပီပါဝါကိုပင် သတိမရနိုင်တော့ . . ။

www.burmeseclassic.com

www.burmeseclassic.com



"စိုးမင်းဇော်. . နင်ဘာကြောင်နေတာလဲ"

ဖူးပွင့်ဝေ၏အသံပါလား။ အသံနှင့်အတူ ရုပ်ပါ မြင်ရတော့သည်။ ဖူးပွင့်ဝေက လေမှာဝဲလျက် ကျွန်တော့်ကို ကြည့်နေသည်။

"အဲ. . အဲဒါ နင့်ကိုသတ်မယ့်သူတွေဟဲ့. . ။ ဘာလုပ်နေတာလဲ။ သူတို့လက်ကို ပြန်ကိုင်ထားလိုက်"

ကျွန်တော်က သူတို့လက်များကို ပြန်ဆုပ်ကိုင်ထားလိုက် သည်။

"ဟုတ်ပြီ. . နင် ကီထည့်ပြီး ဂျပန်ကို ဗီဇာမပါဘဲ ဒိုးပေတော့။ နင်ရောက်ဖူးတဲ့ ဖူဂျီယာမာတောင်ကို စိတ်ပြန်ညွှတ်လိုက်ဟဲ့. . ။ ဟိုရောက်ရင် သူတို့ကို ထားခဲ့ပြီး နင် ငါ့ဆီ စိတ်ပြန်ညွှတ်လိုက်။ ငါ ဒီပန်းရုံနားကပဲ စောင့်နေမယ်"

"အေး. . အေး. . "

"အခုလို အေးအေးဆေးဆေးလိုက်လာတာ ကောင်းတာပေါ့။ မကြောက်ပါနဲ့။ နေကောင်းသွားမှာပါ"

ဒေါက်တာယန်ယန်က သူ့ပြောသည်မှတ်၍ ပြောနေ၏။ လေထဲမှ ဖူးပွင့်ဝေက မျက်စိမှိတ်ပြပြီး မေးဆတ်ပြသည်။ ဒိုးတော့ပေါ့. . ။

"ဒိုးရတော့မယ် ချစ်ရယ်. . နှုတ်ဆက်ခဲ့ပါတယ်"

ကျွန်တော်က သီချင်းအော်ဆိုသလိုလုပ်ရင်း ဖူးပွင့်ဝေကို မျက်စိမှိတ်ပြလိုက်၏။ ဒေါက်တာယန်ယန်ကတော့ ကျွန်တော် ကြောင်နေပြီထင်လိမ့်မည်။

ကျွန်တော် ကီထည့်လိုက်သည်။ သူတို့လက်ကို မြဲမြဲကိုင်လျက် ရောက်ခဲ့ဖူးသည့် ဖူဂျီယာမတောင်ကို စိတ်ညွှတ်လိုက်သည်။

"ဝုန်း. . ဝရုန်း. . ဝရုန်း"

ဝရုန်းသုန်းကားတွေဖြစ်ကာ ကိုးယိုးကားယား သုံးယောက်သား ဆီးနှင်းများပေါ် ကျရောက်သွားကြသည်။



ရောက်သည်နှင့် သူတို့နှစ်ယောက်လက်ကို ကျွန်တော် လွှတ်လိုက်၏။

နှစ်ယောက်သား ဆီးနှင်းများအလယ်မှာ ဒူးထောက်လျက် အူကြောင်ကြောင်ဖြစ်နေကြသည်။

"အို. . မိုင်ဂေါ့. . ဖူဂျီယာမ"

သူတို့နှစ်ဦး ဖူဂျီယာမတောင်ကြီးကိုကြည့်ရင်း ကြောင်တောင်တောင်ဖြစ်နေချိန်မှာပင် ကျွန်တော် ကီထည့်၍ မြတ်မိုးဆွေ၏ မွေးနေ့ပွဲဆီသို့ စိတ်ညွှတ်လိုက်သည်

အဆင်ပြေပြေရောက်သွားစေရန် ကိုယ်ပေါ်မှ ဆီးနှင်းများကို ခါချပြီး မုဆိုးဒူးထောက်ထိုင်ကာ လက်ထဲမှ နာရီဘူးလေးကို အသင့်ကိုင်ထားလိုက်သေးသည်။

"ဝုန်း. . ဝရုန်း"

"ဟဲ့. . ပလုတ်တုတ်"

သည်တစ်ခါတော့ အဆင်ပြေသည်။ မြတ်မိုးဆွေရှေ့ တန်းခနဲ ရောက်သွား၏။ မုဆိုးဒူးထောက်လျက် နာရီလေးကို ကမ်းပေးနေသည့် အနေအထားမျိုးပင်။

"ကိုစိုးမင်းဇော်. . ဘယ်လိုဖြစ်လာတာလဲ"

"မွေးနေ့လက်ဆောင်လေ"

"ထစမ်းပါ. . လူတွေကြည့်နေတယ်"

"ထဘူး. . ထဘူး. . ဆွေထူမှ ထမယ်. . ထမယ်"

ကျွန်တော်က ကလေးဆိုးကြီးလို နှုတ်ခမ်းစူကာ ပြောလိုက်၏။ မြတ်မိုးဆွေက လူကြားထဲ ရှက်သည်ထင့်. . ။

"သိပ်ဆိုးတာပဲ"

ဟု တိုးတိုးပြောကာ လက်လှမ်းဖို့ပြင်သည်။ ကျွန်တော်က သည်း. .

www.burmeseclassic.com

www.burmeseclassic.com



"နို်ပ်တ. . "

ဟုတွေးရင်း လက်လှမ်းမည်လုပ်ခိုက်. .

"စိုးမင်းဇော်. . နင့်လက်ရုပ်လိုက်စမ်း"

"အန်. . "

အသံလေးတစ်သံကြောင့် ကျွန်တော် လန့်သွားသည်။ ကြည့်လိုက်တော့ ဖူးပွင့်ဝေ. . ။

မြတ်မိုးဆွေ၏နောက်နားမှာ ရပ်လျက် ဖူးပွင့်ဝေက ကျွန်တော့်ကို စိမ်းစိမ်းကြည့်ရင်း ဆက်ပြောသည်။

"ငါကတော့ နင့်ကိုစောင့်လို့. . ။ နင်က ငါ့ဆီပြန်မလာဘဲ ဒီမှာလာလွင့်နေတယ်ပေါ့"

"ဟုတ်ဖူးဟ. . မွေးနေ့ပွဲကို သတိရလို့ပါ"

ကျွန်တော်ပြောတာကို မြတ်မိုးဆွေက သူ့ပြောသည်ထင်၍. .

"ငါ့မွေးနေ့ပွဲမှ သတိမရရင်လည်း နင်တော့ သေပြီသာမှတ်။ ကဲ. . ထစမ်းပါ"

"ဟင့်အင်း. . မင်းလေးထူမှ. . "

မထူးတော့ပြီမို့ အပြတ်ချဲလိုက် ကဲလိုက်သည်။ ဖူးပွင့်ဇေကိုလည်း ရွဲ့တာပါလိမ့်မည်။

မြတ်မိုးဆွေက ကျွန်တော့်လက်ကိုလှမ်းဆွဲသည်။

"သိပ်ဆိုးတာပဲ"

ဟူ၍လည်း တိုးတိုးပြောသေး၏။ ကျွန်တော်က. .

"ဆိုးဆိုးပဲ"

ဟုဆိုကာ အလိုက်သင့် ထမည်ပြုခိုက် ဖူးပွင့်ဝေက ရုတ်ဆို ကျွန်တော့်နောက်နား ရောက်လာကာ ပခုံးကိုဖိထားသည်။

"အော. . လက်အေးကြီးနဲ့. . လွှတ်"

"ဘာပြောတယ်"



သွားရော. . ။ မြတ်မိုးဆွေက သူ့ပြောသည်မှတ်၍ ကျွန်တော့်ကို ဆောင့်တွန်းကာ လှည့်ထွက်သွားတော့သည်။ ပွစိပွစိလည်း လုပ်သွားသေး၏။

"သူ့ပဲအမျိုးမျိုး"

"လာပြီ ဆွေရေ. . "

အရေးထဲ မျိုးမျိုးက သူ့ခေါ်သည်မှတ်၍ ကြက်သားပလာတာကို အပီဖွဲ့နေရာမှ လှမ်းပြောသည်။

တင့်ဆွေကလည်း နပ်သည်။ စားနေရာမှ ဖျာခင်းဖို့ ထလာသည်။

"မြတ်မိုးဆွေ. . လာ. . လာ. . စိတ်ကိုလျှော့. . ဒီကောင်က အခန်းပျက်နေပြီ"

"ဟုတ်ပါ. . သူ့ပဲအမျိုးမျိုး"

"အေးလေ. . ဆွေ့ကို အရှက်ခွဲတယ်။ လာ. . ဆွေ. . အမောပြေ အအေးသောက်လိုက်"

တင့်ဆွေက အပြတ်ကြင်နာပြနေ၏။ မြတ်မိုးဆွေကလည်း ရွဲ့ကာ. .

"ကောင်းသားပဲ"

ဟုဆိုလျက် တင့်ဆွေနှင့် အအေးထိုင်သောက်နေတော့တယ်။ ကျွန်တော့်ကိုလည်း စွေကြည့်ပြီး မဲ့ပြသည်။

ကျွန်တော့်မှာတော့ ထမရ၊ ထိုင်မရ ဖြစ်နေ၏။ ဖူးပွင့်ဝေက တခစ်ခစ် ရယ်နေသေးသည်။

"နင် မရယ်နဲ့။ ငါ့အသည်းတွေ ကွဲနေပြီ။ နင့်လက်အေးကြီးကို လွှတ်စမ်း"

"နင် ငါ့ကို ရက်ရက်စက်စက် မပြောနဲ့။ ငါကတော့ နင့်တို့သံယောဇဉ်ရှိလွန်းလို့ နင့်နောက်ကနေ လိုက်စောင့်ရှောက်နေရတာ"

www.burmeseclassic.com

www.burmeseclassic.com



"နင်စောင့်ရှောက်ရအောင် ငါက ကလေးလား. ."

"တလေးမဟုတ်ပေမယ့် နင်က မေ တတ်တယ်။ ပါဝါတွေ ရှိနေလျှက်နဲ့ အသုံးချဖို့ မေ့နေတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ. . ကံကောင်းလို့. .။ နင် ယန်ယန်ချဉ်စပ် ခေါက်ဆွဲဖြစ်တော့မလို့လေ"

ဖူးပွင့်ဝေက ကျွန်တော့်ပခုံးကိုလွှတ်၍ လက်ပိုက်ပြီး ဆက်ပြောနေသည်။ ကျွန်တော်လည်း ကုန်းထပြီး ဖူးပွင့်ဝေနှင့် စကားဆက်ပြောနေမိသည်။

ထိုသည်ကိုက ကျွန်တော့်အမှား. .။

ကျွန်တော့်ဘေးသို့ လူနှစ်ယောက် လာရပ်သည်။ ကျွန်တော့်ကို တစ်ဖက်ဆီညှပ်၍ ခေါ်သည်။

"ညီလေး. . ခဏလိုက်ခဲ့"

"ဘယ်လဲဗျ. ."

"စိတ်ကျန်းမာရေးဆေးရုံကိုပါ"

"ဗျာ. ."

ကျွန်တော် ငိုချင်သွားသည်။ ဒါ မြတ်မိုးဆွေတို့ လက်ချက်ဆိုတာ သိ၏။ ကြည့်လိုက်တော့ မြတ်မိုးဆွေက လက်ပိုက်ကြည့်နေသည်။ သူ့မျက်နှာက ပြုံးထေ့ထေ့. .။

တင့်ဆွေမျက်နှာကတော့ ဟန်းဖုန်းကျသည့်မျက်နှာ. .။

ကျွန်တော်က ပန်းရုံဘေးရပ်နေသည့် ဖူးပွင့်ဝေကိုကြည့်ကာ ပြောလိုက်မိသည်။

"ဖူးပွင့်ဝေ မကယ်နိုင်တော့ဘူးလား"

"အသက်မရှိတဲ့ ဒီပန်းဖူးပွင့်လေးတွေက ညီလေးကို ဘယ်လိုကယ်နိုင်မှာလဲကွာ. ."



"ဟုတ်ပါ့ညီလေးရာ. . ခဏလေးလိုက်ခဲ့စမ်းပါ။ နေကောင်းသွားမှာပါ"

"ဟင့်. . ဟင့်"

ကျွန်တော် ငိုချင်သွား၏။ အသံပင် ထွက်သွားတော့ ဖူးပွင့်ဝေက ရယ်သည်။ ကျွန်တော်က ဖူးပွင့်ဝေကို အံကြိတ်ပြလိုက်၏။

ပိုဆိုးပြီပေါ့ဗျာ. .။

ဘေးကလူနှစ်ယောက်က ကျွန်တော့်လက်မောင်းကို တင်းတင်းကျပ်ကျပ်လေး တိုးကိုင်ထားလိုက်ကြပြီလေ. .။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ‹၁၆›

မြတ်မိုးဆွေ၊ မျိုးမျိုးနှင့် တင့်ဆွေတို့ သုံးယောက်သား ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြ၏။

စိုးမင်းဇော်၏ကိစ္စကို ဆွေးနွေးတိုင်ပင်နေကြခြင်းပါ။

မြတ်မိုးဆွေ၏ မွေးနေ့ပွဲပြီးသည့်နောက် စိုးမင်းဇော်က သူ့အဖြစ်အပျက်အားလုံးကို တင့်ဆွေအား ပြောပြလိုက်သည်။

တင့်ဆွေအား ပြောပြသည့်ထဲတွင် ဖူးပွင့်ဝေကိစ္စမှ ဒေါက်တာယန်ယန်တို့နှင့် ဖြစ်ခဲ့တာတွေ ပါသည်။ တင့်ဆွေက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း မျက်လုံးများက စိုးမင်းဇော်တို့ဧည့်ခန်းမှ ပြတင်းပေါက်ဆီ ရောက်သွားသည်။

တစ်ခါက ဖူဂျီယာမတောင်ထိပ် နှင်းခဲများနေရာ ကွက်လပ်လေးတွင် အစက်လေးနှစ်စက် ရောက်နေသည်။ လူသားနှစ်ဦး၏ ပုံလွှာပင်။



တင့်ဆွေက ထ၍ အနီးကပ်ကြည့်သည်။ တကယ်ဝင် လူနှစ်ယောက် ဒူးထောက်လျက် အနေအထားဖြင့်ရှိနေ၏။

“ဟုတ်တယ်. . ဒေါက်တာယန်ယန်တို့ကို ငါ အဲဒီနေရာပို့ခဲ့တာပဲ”

ကျွန်တော့်စကားကြောင့် တင့်ဆွေ ခေါင်းတညိတ်ညိတ်နှင့် ငိုင်းစားနေတော့၏။ ဟုတ်တော့ဟုတ်နေပါပြီ။

တင့်ဆွေ လွှတ်ခနဲ ပြောသည်။

“ငါ. . အေးဂျင့်ဖွင့်မယ်။ ဂျပန်၊ မလေး၊ စင်္ကာပူ လူပို့မယ်၊ မင်းကပို့ပေး”

ပိုင်လိုက်သည့်အကြံ။ ကျွန်တော်က ဟက်ခနဲ ရယ်ရင်း. .

“မင်းအတွက် ပို့ပေးမလားကွ. . ။ ငါ့ဟာငါဖွင့်မှာပေါ့”

“ငါတော့ ရှယ်ယာခေါ်ပါကွာ. . ”

တင့်ဆွေက စပ်ဖြဲဖြဲဖြင့် ပြော၏။ ပြောမယ့်သာပြောရသည်။

စိုးမင်းဇော်အဖြစ်ကို သူယုံသည်။ သက်သေတွေလည်း ပြခဲ့ပြီပဲ။

သည်ကိစ္စများကို မြတ်မိုးဆွေနှင့် မျိုးမျိုးတို့ပြောဆိုနေကြခြင်းဖြစ်၏။

မြတ်မိုးဆွေက စဉ်းစားရင်း. .

“အင်း. . သူ့နောက်မှာ ဖူးပွင့်ဝေဆိုတာ တကယ်ရှိနေပြီ။ ဖူးပွင့်ဝေဟာ ငါညီမပဲ။ ဘာတွေဖြစ်နေပါလိမ့်. . ”

ဟု ပြော၏။ မျိုးမျိုးက ဝင်ဖော်သည်။

“ဘာပဲဖြစ်ဖြစ် စိုးမင်းဇော်မှာ ပါဝါလည်းရှိနေပြီ။ ကူညီမယ့် ပရလောကသူတစ္ဆေမလေးလည်း ရှိနေပြီ။ ကုမ္ပဏီထောင်ဖို့သာ စဉ်းစားခိုင်း”

“ကုမ္ပဏီဖွင့်ပြီး ဘာလုပ်ရမှာလဲ”

www.burmeseclassic.com



"တ. . သက်သာတဲ့နှုန်းထားနဲ့ ပြည်ပပို့ပေးမှာပေါ့"

ရှိုးမှိုးက ပြောသည်ကို တင့်ဆွေက ထောက်ခံ၏။

"ဟုတ်တယ်. . ငါလည်း အဲဒီလိုပဲ စဉ်းစားဖူးတယ်။ ဒါမှ မဟုတ် လေဆိပ်သွားပြီး အဲယားလိုင်းဖွင့်နိုင်းမယ်"

"တော်ကြစမ်းပါ။ ငါ ရင်မောနေတယ်။ စိုးမင်းဇော်အတွက် ငါတို့ ဘာလုပ်ပေးရင် ကောင်းမလဲ"

မြတ်မိုးဆွေက စိုးရိမ်ဟန်ဖြင့် ပြောသည်။ သူ တကယ်ပဲ စိုးရိမ်နေပါသည်။ မြတ်မိုးဆွေကိုကြည့်၍ တင့်ဆွေရော မျိုးမျိုးပါ ငြိမ်သွားကြသည်။

တင့်ဆွေက အကြံပြုသည်။

"တို့ ဒီလိုလုပ်ကြရအောင်. . ။ စိုးမင်းဇော်ဆီ သွားကြမယ်။ အားပေးစကား ပြောကြမယ်။ သူ တကယ်မဲ့ စိတ်မကောင်းဖြစ်နေတယ်"

"ကောင်းတယ်. . မျိုး သဘောတူတယ်။ ဒီနေရာမှာ ဆွေက အမိကလူပဲ။ ဆွေလည်း ပါရမယ်"

မျိုးမျိုးက ပြောတော့ တင့်ဆွေက ဖြတ်ပြောသည်။

"အေး. . ဆွေရောမျိုးရော တစ်ဆွေတစ်မျိုးလုံးပါတော့ ကောင်းတာပေါ့. . ဟား. . ဟား. ."

"ဟင်း. . ဟင်း. ."

အားလုံး ရယ်မောဖြစ်ကြသည်။ ချက်ချင်းပင် စိုးမင်းဇော်ထံ သွားဖို့ ပြင်ဆင်ကြတော့၏။

သူတို့၏ခြေလှမ်းများက သွက်နေသယောင်ယောင်. . ။

အထူးသဖြင့် မြတ်မိုးဆွေက ရှေ့ကပြေးနေ၏။ ပြေးပေါ့. . ။

□□□

## အခန်း ‹၁၇›

"ဖြစ်စဉ်တွေအားလုံးကို ခြုံငုံသုံးသပ်မယ်ဆို သားဟာ တကယ်ပဲ ပါဝါတွေရထားတယ်။ သားကို ဖူးပွင့်ဝေဆိုတဲ့ ပရလောက နယ်သူလေးကလည်း စောင့်ရှောက်နေတာ အမှန်ပဲ။ ပိုသေချာအောင် သားကို ဒေါ်ခင်မမဆီခေါ်သွားပြချင်တယ်"

ဖေဖေ့စကားကြောင့် အဘွား ဆတ်ခနဲ ဖြစ်သွားပြီး ဝင်ရောက်ကန့်ကွက်သည်။

"ကဲ. . စိုးဝေ. . သားကိစ္စမှာ ခင်မမ မပါကြေး။ သူ့ဆီသွား မပြနဲ့"

ဖေဖေ တွန့်သွား၏။ တင့်ဆွေက ဝင်ရောက်အကြံပြုသည်။

"ဒီလိုလုပ်ပါလား. . ။ ကျွန်တော့်ဦးလေး ဆရာဝန်စာရေး ဆရာတစ်ယောက်ရှိတယ်။ သူနဲ့ ပြကြည့်တိုင်ပင်ရင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကောင်းတယ်။ မြန်မြန်လုပ်"

မြတ်မိုးဆွေက ဝင်ရောက်ထောက်ခံ၏။ မျိုးမျိုးက ဘာမှ ဝင်မပြောသေး။

ယနေ့ ကျွန်တော့်အိမ်မှာ လူစုံတက်စုံ ရောက်နေကြသည်။

မြတ်မိုးဆွေ၏ ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်သော အပြောအဆို အပြုအမူများကြောင့် ကျွန်တော် ပျော်ရသည်။

ကျွန်တော် တကယ်ပင် လန်းဆန်းတက်ကြွနေပါပြီ။

မြတ်မိုးဆွေက ကျွန်တော့်ကို ရွှန်းရွှန်းဝေစွာ ကြည့်လျက် တောင်းပန်စကားဆိုသည်။

"စိုးမင်းဇော်. . ငါ နင့်အပေါ် အထင်သေး ထေ့လှောင်ပြုမူဆက်ဆံခဲ့မိသမျှ တောင်းပန်ပါတယ်။ ကျေနပ်နော်"

"ကျေပါတယ် မအေးစိန်ရယ်. ."

ဟု ဝင်ပြောသူမှာ တင့်ဆွေ. .။

တင့်ဆွေက ကျွန်တော့်ကို မချိသွားဖြဲလေးလည်း ဖြဲပြသေးသည်။ ကျွန်တော်တို့နှစ်ဦးကို ကြည့်၍ သူကျေနပ်ပြုံးပျော်နေပုံရသည်။ ကျွန်တော့်ကို ပြိုင်ပွဲမှာ အနိုင်ပေးလိုက်သည့်သဘော။

သေချာသည်။

တင့်ဆွေက မပြောမဆို မျိုးမျိုးဘေးသို့ ရွှေ့ထိုင်လိုက်၏။ နေကြာစေ့ခွံစားနေသော မျိုးမျိုးထံမှ နေကြာစေ့များယူ၍. .

"ပေး. . ကိုယ် ဝိုင်းခွာပေးမယ်"

ဟုဆိုကာ နေကြာစေ့ခွံခွာပေးနေ၏။ လူလစ်လျှင် ကွာစေ့ပါ ကျွေးမည့်ပုံ။

ကျွန်တော့်ကိုလည်း လှမ်းကြည့်ပြီး စပ်ဖြဲဖြဲလုပ်ပြုံးပြသည်။ မရ ရတာချိုင်တော့မည်ဆိုသည့်သဘော. .။

မျိုးမျိုးကလည်း ပိန်းသည်။ ဘာမှ ရိပ်မိပုံမရ။ တင့်ဆွေ



နေကြာစေ့ခွာပေးတာကို သဘောကျနေသည်။

ဖေဖေ ဦးစိုးဝေက ကျွန်တော်တို့ကိုကြည့်ကာ ကျေနပ်ပြုံးပြုံးလျက် စကားတစ်ရပ်ကို ဆိုလာသည်။

"သား. . ဖေဖေ ဒီလိုလုပ်ချင်တယ်"

"ပြောပါဖေဖေ"

ဖေဖေဘာပြောမည်ကို အားလုံး စိတ်ဝင်တစား နားထောင်ကြသည်။ ဖေဖေက ဆက်ပြောသည်။

"သားကို သွေးမစစ်၊ ဆေးမစစ်ခင် သားရဲ့ပါဝါကို ဆန်းစစ်တဲ့အနေနဲ့ အကျိုးရှိရှိ အသုံးချကြည့်ချင်တယ်"

"သား ဘာလုပ်ရမလဲ ဖေဖေ"

"လောလောဆယ် ဒီလိုလုပ်ကြရအောင်။ သားရဲ့ပါဝါနဲ့ ဖေဖေတို့ ကျိုက်ထီးရိုးဘုရားသွားဖူးကြမယ်။ မင်းအဘွားလည်း အဆင်ပြေသွားတာပေါ့"

"ဟဲ့. . စိုးဝေ. . ငါက ကျိုက်ထီးရိုးတောင် ဘယ်လိုတက်နိုင်မှာလဲ။ အထမ်းနဲ့ပို့မှာလား. ."

"မေမေမသိပါဘူး။ စိုးမင်းဇော် ပို့လိမ့်မယ်။ ကြည့်နေ. ."

ဟုဆိုကာ ပြက္ခဒိန်တစ်ရွက် သွားလှန်လိုက်တော့ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်နှင့်တကွ ဘုရားကိုပါ ဖူးရသည်။

ကျွန်တော် သဘောပေါက်သွားသည်။ ဖေဖေ့ကို ခေါင်းညိတ်ပြလိုက်မိ၏။ ကျွန်တော် မတ်တတ်ရပ် လက်နှစ်ဖက်ကို ဆန့်တန်းထားလိုက်သည်။

ဖေဖေက ညာဘက်မှာ အဘွားကိုကိုင်ထားစေ၍ သူလည်း ကိုင်ထားသည်။

မြတ်မိုးဆွေနှင့် တင့်ဆွေ၊ မျိုးမျိုးတို့ကိုလည်း တစ်ဖက်မှာ ကိုင်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးဆွေက ကျွန်တော်ဘယ်ဘက်လက်မောင်းရင်းကို တိုင်လို့ရယ်. . ။

ကျွန်တော် ရင်တွေတဒိတ်ဒိတ်ခုန်နေသည်။ ပါဝါအဆင်ပြေ ပါ့မလား ပူမိသည်။ ဒါကို ရိပ်မိသော မြတ်မိုးဆွေက. .

"ကို. . စိတ်ပူမနေနဲ့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်နဲ့ ကီ သွင်းလိုက်လေ. . "

"အင်း. . ဆွေ. . ဒီဘက်တိုးဦး။ တစ်ဘက်လိုက်နေတယ်"

"မကဲနဲ့နော်. . "

မြတ်မိုးဆွေက တိုးတိုးပြော၏။ တင့်ဆွေက တိုးတိုးအော် သည်။

"ထွက်ပါတော့ဗျို့. . "

ဖေဖေက တိုးတိုးပြန်ပြော၏။

"ထွက်မှာပေါ့။ ပါဝါနှာဖြည့်. . အဲလေ. . ဆီဖြည့်နေတယ်"

ကျွန်တော် ရှက်ရှက်နှင့် မြတ်မိုးဆွေဘက် လှည့်လိုက်တော့ ပါးကလေးကို မနမ်း၏သို့ နမ်း၏သို့ ဖြစ်သွားသည်။

"အို. . "

မြတ်မိုးဆွေ၏ အိုသံလေးမဆုံးခင် ကျွန်တော် နှာဖြည့်. . အဲ. . ကီထည့်ကာ ကျိုက်ထီးရိုးဘုရားဆီသို့ စိတ်ညွတ်လိုက်သည့် တခဏ. .

တင့်ဆွေကလည်း လုံချည်ပြင်အဝတ်နှင့် ကြွသွားသည် ဖြစ် ရကား. . . ။

□□□



"ဖလပ်. . ဖလပ်. . ဖွတ်"

ဆို ကျွန်တော်တို့အတွဲလိုက်ကြီး ကျိုက်ထီးရိုးဘုရားပေါ် မတ်တတ်ကိုယ်စီ ရောက်သွားကြသည်။

ထိုထဲမှာ တင့်ဆွေပါမလား။ ပါမလား. . ။ အရေးထဲမှာ သူ က လက်လွှတ်၍ လုံချည်ပြင်ဝတ်နေသည်ကိုး. . ။

"ကဲ. . ကျိုက်ထီးရိုးဘုရားရောက်ပြီ။ အားပါးတရ ကန်တော့ ကြ"

ဖေဖေက သဘောကျစွာပြောရင်း ကန်တော့ဖို့ပြင်သည်။ အဘွားကလည်း ထိုင်ကန်တော့နေပါပြီ။

"ဆွေ. . ကန်တော့ကြမယ်လေ"

ဟု သတိပေးကာ ထိုင်ကန်တော့တော့ မြတ်မိုးဆွေကလည်း ထိုင်ကန်တော့သည်။

မျိုးမျိုးကတော့ နှစ်ကြောပြန် ကန်တော့ရင်း ဘုရားကို တိုင် တည်သည်။

"ကျန်ခဲ့တဲ့ တင့်ဆွေအတွက်ပါ ကန်တော့ပါတယ်ဘုရား. . "

ကန်တော့ပြီး၍ ပြန်ထလိုက်ချိန်မှာပဲ ဘုရားလုံခြုံရေးများ ဝင်လာကြသည်။

ကျွန်တော့်ပါဝါနှင့် ရုတ်တရက် ရောက်လာပုံကို ချီးကျူးမှာ လား၊ ဟုမှာလားဟု တွေးနေခိုက်မှာပင် လုံခြုံရေးဝန်ထမ်းတစ်ဦးက ပြောသည်။

"ဒီနေရာကို အမျိုးသမီးတွေ မဝင်ရလို့ ဆိုင်းဘုတ်ရေးထား ပါတယ်။ ဂေါပကရုံး ခဏလိုက်ခဲ့ကြပါ"

အားလုံး ပေစောင်းစောင်းဖြင့် ဂေါပကရုံးသို့ ပါသွားကြ၏။ ဘေးကဘုရားဖူးများကတော့ တီးတိုးဝေဖန်နေကြသည်။

"ဘုရားရှေ့ပွတ်မယ့်အဖွဲ့ထင်တယ်ကွ။ ရုံးသော် သွားပြီ"

www.burmeseclassic.com



"မဖြစ်နိုင်ဘူး။ အဘွားကြီးတစ်ယောက်လည်းပါတယ်"

"စာမဖတ်တတ်လို့ နေမှာပေါ့"

ထို ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်ဝယ် ဖြစ်ပျက်နေချိန်၌. .

တင့်ဆွေတစ်ယောက် စိုးမင်းဇော်အိမ်ဧည့်ခန်းမှာ ယောက်ယက်ခတ်လျက်ရှိနေရာမှ. .

ပြက္ခဒိန်ပေါ်မှ ကျိုက်ထီးရိုးရင်ပြင်တော်နေရာ ကွက်ကွက်လေးတွင် စိုးမင်းဇော်တို့လူအုပ် ရုပ်ပုံလွှာကို တွေ့လိုက်မိသည် ဖြစ်ရကား. .

"စိုးမင်းဇော်. . ငါ့လာခေါ်. . ငါ့လာခေါ်. ."

ဟု တကြော်ကြော်အော်ရင်း ဆောက်တည်ရာမရ ဖြစ်နေသည်ကို တွေ့ရလိမ့်မည်ဖြစ်သတည်း။

□□□

## အခန်း ‹၁၈›

**ဖူး**ပွင့်ဝေတို့၏ မှိုင်းပျပျတခွေပြည်ဝယ် ကာဗွန်ဓာတ်မှုန်လေးများ တဖွဲဖွဲကျနေ၏။

တခွေပြည်၏ နွေကာလပေမို့ နေက မထွက်နိုင်ဘဲ ရှစ်ခွင်တိုင်း အုံ့ကာမှိုင်းလျက်ရှိနေသည်။

သည်လို နွေကာလကို တခွေအများကြိုက်ကြသည်။ နဂိုကအေးစက်စက် သူတို့ခန္ဓာကိုယ်ကို အနွေးဓာတ်ရစေသည်မဟုတ်လား။

နေရောင်ဖျော့ဖျော့ ကာဗွန်မှုန်ဖွဲဖွဲအောက်မှာ တခွေအိုဖိုတို့ စောစောထ၍ လမ်းလျှောက်နေကြသည်။

"စောစောအိပ်လို့၊ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့. . တောင်. . တိန်. . တောင်. . တိန်"

"တခွေခန္ဓာ ဖွံ့ဖြိုးစေဖို့. . တခွေပြည်ရွာ သာယာစေဖို့. .

www.burmeseclassic.com



တစ္ဆေအသင်းအပေါင်းတို့ ပျော်ဖို့ရွှင်ဖို့. . ခြောက်နိုင်စေဖို့. .

စောစောအိပ်လို့. . စောစောထလို့. . . စောစောလိုက်ခြောက်ကြပါစို့. . ”

တစ္ဆေအားကာမှ ကားဖြင့်လှည့်၍ လှုံ့ဆော်သီချင်းသံကို ဖွင့်ပေးနေသည်။ ယခုလို တစ္ဆေအားကစားလမှာ လမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးကို ညီညွတ်စေသည်မဟုတ်လား။

တစ္ဆေပျိုလေးများ လမ်းလျှောက်ပွဲ၌ ဖူးပွင့်ဝေကိုပါ ဘောင်းဘီတိုလေးနှင့် တွေ့ရမည်ဖြစ်၏။

ဖူးပွင့်ဝေနှင့်အတူ တစ္ဆေမလေးတစ်သိုက်လည်း ပါချေ၏။ သူတို့အားလုံးအားကစားဝတ်စုံဝတ်ထားကြသည်။

တချို့က ဘောင်းဘီတို၊ တချို့က ဘောင်းဘီရှည်၊ တချို့က လက်ပြတ်အင်္ကျီ၊ တချို့ ဗွီရှပ်များနှင့်ပါ။

တစ္ဆေမလေးများလမ်းလျှောက်ပုံက လှသည်။ မိုက်သည်။ ခိုက်ချင်စရာ။ ကြိုက်ချင်စရာ. . ။

“တတုံ. . တုံ. . တုံ. . တုံတုံ. . တတုံတုံ. . တုံတုံတုံ. . ”

ဟူသော တေးသွားအလိုက်နှင့် လျှောက်နေကြခြင်းဖြစ်ရာ နောက်မှ တစ္ဆေကာလသားတစ်သိုက်ကလည်း လူပြည်မှသီချင်းကို ဆိုရင်း လိုက်လျှောက်နေကြ၏။

“ရေအိုးလေးလှုပ်ပါတော့. . အိုးလေးလှုပ်ပါဟေ့. . ”

“အိုးလေး လှုပ်ပါဟေ့. . အိုးလေးလှုပ်ပါဟေ့. . ”

ဟုတ်တော့ ဟုတ်နေကြပါပြီ၊ လှုပ်သည့်အိုးကလည်း လှုပ်၏။ မလှုပ်သည့်အိုးကလည်း မလှုပ်။

ဘာပဲဖြစ်ဖြစ် သူတို့ ပျော်နေကြပါသည်။ တစ္ဆေအားကစားလသည် သူတို့အတွက် ပျော်ရွှင်သော ကာဗွန်မှုန်လေးတဖွဲဖွဲနှင့် လှပသော ကာလလေးမဟုတ်ပါလား။



ဖူးပွင့်ဝေက လမ်းလျှောက်ရင်းမှ အလွမ်းရင်ကိုဖွင့်လိုက်သည်။

“စိုးမင်းဇော်ရယ်. . ခုလောက်ရှိ နင်ဘာလုပ်နေပြီလဲ”

ဖူးပွင့်ဝေဘေးက တစ္ဆေမလေးက ကြားသွားပြီး လှမ်းမေးသည်။

“ဟဲ့. . နင်ပြောတဲ့ စိုးမင်းဇော်ဆိုတာ တစ္ဆေတိုင်းကျွန်ယ်ထဲ ပါတဲ့ ဝိညာဉ်လူသားလား”

“အေး. . ဟုတ်တယ်။ ငါ သူ့ကို သတိရလို့”

“ဟိုတလောက နင် ခဏခဏပျောက်ပျောက်သွားတာ အဲဒီလူဆီသွားတာမဟုတ်လား”

“ဟုတ်တယ်. . ငါ သူ့ကို လိုက်စောင့်ရှောက်နေတာ”

“နင့်လူက မသန်မစွမ်းမို့လား”

“နင်မသိပါဘူး။ သူက လည်မလိုနဲ့ ပိန်းတဲ့ အူကြောင်ကြားဟာ. . ”

“ဒါဆို ဝိညာဉ်လူသား အူကြောင်ကြားပေါ့. . ”

“ဟစ်. . ဟစ်”

“ခစ်. . ခစ်”

ဘေးမှ တစ္ဆေမလေးများ ဝိုင်းရယ်ကြ၏။ ဖူးပွင့်ဝေကတော့ မရယ်နိုင်ရှာ။ စိတ်က စိုးမင်းဇော်ဆီ ရောက်နေသည်။

ယခုတလော သူ စိုးမင်းဇော်ထံ မရောက်တာ ကြာပြီ။ တစ္ဆေအမျိုးသမီးရေးရာမှ ကြီးမှူးကျင်းပမည့် တစ္ဆေလှယဉ်ကျေးမယ်ပွဲ နွှဲဖို့အတွက် အပြတ်လေ့ကျင့်နေရသည်။

သည်ပွဲက သူ့အတွက် အရေးကြီးသည်။ ယခင်ရထားသည့် မယ်ဘွဲ့ဂုဏ်အင်နှင့်အညီ ဆုချိတ်မှာဖြစ်မည်။

“သည်ပွဲမှာ သူသာရှိရင် သိပ်ကောင်းမှာပဲ”

ဟူ၍လည်း တွေးနေမိသည်။ သူ့စိတ်များက စိုးမင်းဇော်ထံမှာ ရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ခဏ. .

ဖြုတ်ဆို ဖူးပွင့်ဝေ ပျောက်သွားသည်။ ဘေးက တစ္ဆေမလေးများက တွတ်စီစီ ပြောကြ၏။

"ဖူးပွင့်ဝေ. . ကောင်မ. . ပြောလို့မှမဆုံးသေးဘူး ပျောက်သွားပြန်ပြီ"

"ဟုတ်ပ့ါ. . ဝိညာဉ်လူသား သူ့ရည်စားဆီ ပြေးပြီထင်တယ်"

"ပဲ့. . ပြေးတာ အရေးမကြီးဘူး။ သူက ဘောင်းဘီတိုလေးနဲ့။ ဒုက္ခပါပဲ"

"အယ်တော့. . ဟုတ်ပ့ါ. . ကောင်မတော့ ဟိုကျ ခွေးတစီစီဖြစ်ဦးတော့မှာပဲ"

တစ္ဆေမလေးများ အသီးသီး ဝေဖန်နေခိုက်. .

"ဖလူး. . ဖပ်. . ဖျတ်"

ဆိုကာ ဖူးပွင့်ဝေတစ်ယောက် စိုးမင်းဇော်၏ခြံထဲ ရောက်လာ၏။

ဖူးပွင့်ဝေကိုမြင်တော့ ခွေးလေးဂျက်ကီက ဆီးဟောင်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်. ."

ခွေးဟောင်သံကြားသဖြင့် ဦးစိုးဝေ ထွက်ကြည့်သည်။ ဘာမှမမြင်သဖြင့် စိုးမင်းဇော်ကို ကြည့်ခိုင်းသည်။

"သား. . ဂျက်ကီဟောင်တာ ထူးတယ်။ မင်းဖူးပွင့်ဝေများလာသလား ထွက်ကြည့်ဦး"

ကျွန်တော် ထွက်ကြည့်တော့ ဖူးပွင့်ဝေကို ပန်းခြုံကြားမှာ တွေ့ရ၏။

"ဖူးပွင့်ဝေ. . ဘာလာလုပ်"

"ဟို. . ဟို. . သတိရမိလို့ ရောက်လာတာ"

"ပန်းခြုံထဲ ဘာလုပ်နေတာလဲ"



"ဟို. . ဟို. . ခွေးကြောက်လို့"

"ဂျက်ကီ အရင်က နင့်မဟောင်ပါဘူး"

"ဟီး. . အခုဟောင်တာ အကြောင်းရှိလို့ဟ. ."

"လာတဲ့ကိစ္စရော အကြောင်းရှိလား. ."

"ရှိပါဘူး. . ငါပြန်မယ်။ နင်ဟိုဘက်လှည့်. ."

ဖူးပွင့်ဝေက ကျွန်တော့်အား တစ်ဖက်လှည့်ခိုင်း၏။ ကျွန်တော်ကလှည့်ချင်ယောင်ဆောင်ပြီး ကြည့်လိုက်တော့. .

ဘောင်းဘီတိုလေးနှင့် ဖူးပွင့်ဝေကို မြင်လိုက်ရသည်ဖြစ်ရကား. .

ကျွန်တော် မျက်လုံးအမြန်ဖြဲ၍ ကြည့်မိလေတော့. . ဖူးပွင့်ဝေတ ကျွန်တော့်ကို မျက်စောင်းခဲလျက် နှာခေါင်းကိုကိုင်ပြရင်း. .

လှစ်ဆို ပျောက်သွားလေသတည်း။

"ဟင်း. ."

❑❑❑

www.burmeseclassic.com

## အခန်း (၁၉)

**တ**င့်ဆွေ၏ စီစဉ်မှုဖြင့် ကျွန်တော်တို့အားလုံး သူ့ဦးလေး၏ ဆေးခန်းသို့ ရောက်ကြရသည်။

အားလုံးဆိုသည်မှာ ဖေဖေအပါအဝင် မြတ်မိုးဆွေ၊ မျိုးမျိုးနှင့် တင့်ဆွေတို့ဖြစ်ကြသည်။

ကျွန်တော့်ကိစ္စကို အားလုံးက စိတ်ဝင်စားနေကြသည်ဆိုတော့ အားလုံးက လိုက်မယ်ချည်း ပြောနေကြသည်။

သို့နှင့် ဒေါက်တာဦးမင်းဟန်၏ ဆေးခန်းသို့ ရောက်ခဲ့ကြရသည်။

သည်အစီအစဉ်ကို ကနဦးကတည်းက ရေးဆွဲထားသော် လည်း တော်တော်နှင့် မသွားဖြစ်ခဲ့။

တကယ်တော့. . .



ကျွန်တော်ကိုယ်၌က ဂျေပီပါဝါကို ခံမင်နေသလိုလိုရှိသည်။

ဒါကို အဘွားက လက်မခံ။ ဖေဖေကလည်း လက်မခံခဲ့။

"လူသားတစ်ယောက်အဖို့ သဘာဝကျကျဖြစ်စဉ်တွေနဲ့သာ အသက်ရှင်နေသင့်တယ်။ မဆိုင်တဲ့ ဓာတ်တွေ၊ လှိုင်းတွေ ဝင်ရောက်ရောနေတယ်ဆိုတာ ရေရှည်အတွက် ကောင်းတဲ့လက္ခဏာလို့ ဖေဖေ မမြင်ဘူး"

ဖေဖေက ရှင်းပြသည်။ ဟုတ်ပော့လည်း ဟုတ်ပါ၏။

တကယ်တော့ ဒီလိုချည်းနှင့် ရေရှည်နေသွားရန် မသင့်။ ရှေ့ဘာတွေဖြစ်လာမည်လည်း မသိရ။ ကျွန်တော့်အတွက်လည်း အန္တရာယ်တွေ ရှိနိုင်သည်။ ဒေါက်တာယန်ယန်တို့နှင့် ဆုံရပုံကိုပဲ ကြည့်ပါလား။

သည်တော့. .

ကျွန်တော်ကလည်း စစ်ဆေးကုသမှုခံယူရန် လက်ခံလိုက်သည်။

အားလုံးကလည်း သဘောတူကြသည်။

ဒေါက်တာဦးမင်းဟန်က ကျွန်တော့်ကို စိတ်ရှည်လက်ရှည် စစ်ဆေးမေးမြန်းသည်။

ပြီး. . သွေးစစ်. . ဆေးစစ်ရန် လိုအပ်သမျှ ဆောင်ရွက်စေသည်။

သူကိုယ်တိုင် စစ်ဆေးပြီး လေ့လာသုံးသပ်မည်။ သုံးရက်ပြည့်လျှင် ပြန်လာခဲ့ဖို့ မှာကြားလိုက်၏။

ဒေါက်တာဦးမင်းဟန်၏ဆေးခန်းမှ ပြန်လာတော့ အားလုံး ရွှင်လန်းတက်ကြွနေကြသလိုပင်။

မြတ်မိုးဆွေ၊ မျိုးမျိုးနှင့် တင့်ဆွေတို့က သွားစရာရှိ၍ နှုတ်ဆက်ပြန်သွားကြသည်။ ဖေဖေနှင့် ကျွန်တော်က သီးခြား ပြန်ခဲ့ကြ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ‹၂၀›

ဆေးခန်းမှအပြန်လမ်းတွင် ကကအငှားကားပေါ်၌ ဖေဖေက ကျွန်တော့်ကို စကားတစ်ခွန်းပြောသည်။

"ကဲ. . သားရေ. . အိမ်မပြန်ခင် ဖေဖေနဲ့သား နှစ်ယောက်တည်း ဒေါ်ခင်မမဆီ သွားလိုက်ကြရအောင်"

"ဖေဖေ ဘာလုပ်မလို့လဲ"

"သားကိစ္စနဲ့ပတ်သက်လို့ ဒေါ်ခင်မမလည်း သိတာမြင်တာ ပြောနိုင်တာတွေ ရှိလိမ့်မယ်လို့ ဖေဖေထင်တယ်။ အထူးသဖြင့် ဖူးပွင့်ဝေကိစ္စပေါ့"

"ဖူးပွင့်ဝေကိစ္စ. . . "

"ဟုတ်တယ်သား. . သားကိုဆေးကုပြီဆိုမှတော့ အဘက်ဘက်က သိရအောင် သူ့ဆီလည်း သွားမလားလို့"

"ဖေဖေသွားမှာ သားအတွက်နော်"



"ဟုတ်ပါတယ် သားရဲ့"

"ဖေဖေ့ကိစ္စ မပါဘူးနော်"

"မပါ ပါဘူး သားရယ်. . သားကိစ္စမို့ သားနဲ့သွားတာပေါ့"

"ဒါဆိုလည်း ပြီးရော. . ။ ဖေဖေပြောမှ ဖူးပွင့်ဝေကို သတိရတော့တယ်။ ဘာများလုပ်နေပါလိမ့်"

ဖေဖေပြောမှပင် ကျွန်တော် ဖူးပွင့်ဝေကို သတိရသွား၏။ ဖူးပွင့်ဝေ အခုလောက်ဆို ဘာများလုပ်နေပါလိမ့်။

ကျွန်တော် ဘာစဉ်းစားနေသည်ကို ဖေဖေက ရိပ်မိဟန်ဖြင့်. .

"ဟော့ကောင်. . ဖူးပွင့်ဝေဆိုတာနဲ့ စိတ်ရောက်ပြီး ပျောက်မသွားနဲ့ဦး. . "

ဟုဆိုတာက ကျွန်တော့်ပေါင်ကို လက်ဖြင့်ဖိထား၏။ ကားဆရာကိုလည်း အမြန်မောင်းခိုင်းတော့သည်။

"ကားဆရာရေ. . မြန်မြန်မောင်းပျာ. . ဒီကောင်က ပျောက်ပျောက်သွားတတ်လွန်းလို့"

"မောင်းနေတဲ့ကားပေါ်ကတော့ ခုန်ချပြီး ပျောက်မသွားနိုင်ပါဘူး"

ကားဆရာက ဆင်ခြေပေး၏။ သူက ဘာမှမသိသေးဘဲကိုး။ ဖေဖေကတော့ ကျွန်တော့်အကြောင်း သိပြီးသားမို့ ပေါင်ကို တိုး၍ဖိကိုင်ထားသည်။

ကျွန်တော် ယားသဖြင့် တွန့်တွန့်နေ၏။ ဖေဖေလက်များက ကျွန်တော့်ပေါင်ကို အတင်းဆုပ်ထားသည်ကိုး။

ကျွန်တော် ကားလေးက ကြို့ကုန်းဘက်အထိ မောင်းရမည်မို့ အနည်းမှုံးကြာဦးမည်။ သည်အတောအတွင်း ကျွန်တော် ငုတ်တုတ်ကနေ ပျောက်သွားမည်ကို ဖေဖေ စိုးရိမ်သလို ကျွန်တော်ကိုယ်တိုင်ပင် စိုးရိမ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲမှပင် ကျွန်တော့်စိတ်များသည် ဖူးပွင့်ဝေကို အရမ်းသတိရလျက် တွေးတောနေမိရာမှ . .

"ဟိုက် . . ပျောက်ပဟ . ."

ဦးစိုးဝေ လန့်အော်သည်။ ကားဆရာ လှည့်ကြည့်ပြီး ကားကို ထိုးရပ်လိုက်သည်။

"ဘာဖြစ်တာလဲ"

"ပျောက်သွားပြီ"

"ပိုက်ဆံအိတ်လား"

"မဟုတ်ဘူး . . လူ . . လူ"

လူလူဆိုမှ ကားဆရာ သတိထားမိသွားသည်။ ဦးစိုးဝေဘေးကတစ်ယောက် မရှိတော့သည်။

ကားဆရာ မျက်လုံးပြူး၍ ဟိုဟိုဒီဒီရှာသည်။ သူ့ကားဘေးငုံ့ရှာနေစဉ် ကားပြတင်းမှ ခေါင်းထွက်ကြည့်နေသော ဦးစိုးဝေကို မော့ကြည့်မိသဖြင့် . .

"အောင်မလေးဗျ . . သရဲ . . သရဲ"

ဟု အော်ကာ လှည့်ပြေးတော့၏။

ထိုစဉ်အခိုက်ဝယ် . .

ကျွန်တော်သည် သိမ့်ခနဲဆို ဖူးပွင့်ဝေရှေ့နားသို့ ငုတ်တုတ်ကလေး ရောက်သွားသည်။

ဖူးပွင့်ဝေက တစ္ဆေလှယဉ်ကျေးမယ်ရွေးပွဲမှာ ယှဉ်ပြိုင်နေခိုက် ဖြစ်၏။

ဖူးပွင့်ဝေက မြန်မာနန်းတွင်းအဝတ်အစား ဖက်ဖူးရောင်ကို ဆင်မြန်းထားသည်။ ခေါင်းမှာလည်း ရွှေသရဖူလေးနှင့်ဆိုတော့ မသိရင် ဥစ္စာစောင့်မလေးလိုပါပဲ။

သူ့ရှေ့ ဆယ်ပေအကွာခန့်မှာ ငုတ်တုတ်ကလေး ရောက်



နေသော ကျွန်တော့်ကို ဖူးပွင့်ဝေက မြင်သည်။ တခြားတစ္ဆေတွေက မမြင်ကြ။

ဖူးပွင့်ဝေက ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းသော အပြုံးလေးဖြင့် ကျွန်တော့်ကို ပြုံးပြပြီး ပြိုင်ပွဲအလှသရုပ်ဆောင်ချက်ကို ဆက်လက်ယှဉ်ပြိုင်သည်။

ပြုံးပြုံးလေးဖြင့် ကျွန်တော့်ကို မခို့တရို့ကြည့်ကာ လျှောက်လာပြီးမှ ကျွန်တော့်အနားကျ ခေတ္တရပ်၍ ကွေ့ကွင်းလျှောက်သွားသည်။

ဒါကို စတိုင်တစ်မျိုးထင်ကာ တစ္ဆေပရိသတ်က လက်ခုပ်လက်ဝါးတီး ဩဘာပေးကြသည်။

တစ်ဖန် ဖူးပွင့်ဝေက ပရိသတ်ကို ကျောပေးလျှောက်လာရင်းမှ ကျွန်တော့်နားကျ ရပ်၍ တစ်ပတ်ပတ်ကာ ပရိသတ်ဘက် လှည့်လျက် ကျွန်တော့်ရှေ့မှာ မခို့တရို့ ထိုင်၍ . .

"သိပ်ဆိုးတာပဲ . . လူဆိုး . . သူခိုး . . ကိုသည်းပို"

ဟု တိုးတိုးလေး ပြောလေ၏။ ဒါကို အနောင်ဆာက ဘာမှတ်သည် မသိ ရမ်းရွှီးတော့သည်။

"ဒါကတော့ မော်ဒယ်လေး ဖူးပွင့်ဝေရဲ့ ကိုကိုလူဆိုးဆိုတဲ့ ချစ်သူနှင့် စကားပြောဟန်ပါခင်ဗျာ . . ။ မိုက်ချက်ကတော့ ပိုးစိုးပက်စက်ပါပဲခင်ဗျာ"

"ရွှီး"

"ဖြောင်း . . ဖြောင်း . ."

တစ္ဆေပရိသတ်တွေ လှုပ်လှုပ်ရွရွ အားပေးကြ၏။ ဘုမသိဘမသိ ရမ်းပြောသူက ပြော၊ ရမ်းသမ်းအားပေးသူက အားပေးနှင့် ဘုတ်နေကြ၏။

ဖူးပွင့်ဝေ အသာပြန်ရပ်၍ ပရိသတ်ကို ဦးညွှတ်ပြီး ကျွန်တော့်အား . .

www.burmeseclassic.com

www.burmeseclassic.com



"တို ပြန်တော့ကွာ. . ။ စင်ပေါ်မှာ တစ္ဆေတွေ ရိပ်မိကုန်မယ်"

တု ပြောလေရာ ကျွန်တော်က ခြေဆောင့်လျက်. .

"ပြန်ဘူး. . ပြန်ဘူး"

ဟု ပြောလိုက်သည်။ ဖူးပွင့်ဝေက ကျွန်တော့်အား နှုတ်ခမ်းလေး အသာကိုက်ပြကာ မျက်စောင်းလေး ချိတ်လိုက်သည်ဖြစ်ရာ. .

အနောင်ဆာက. .

"ဒါကတော့ ဖူးပွင့်ဝေရဲ့ ချစ်မျက်စောင်းပါတဲ့ခင်ဗျာ"

ဟု ရမ်းတီးပြန်တော့၏။

"နှိုး"

"ဖြောင်း. . ဖြောင်း"

တစ္ဆေများကလည်း ရမ်းလက်ခုပ်တီးကြပြန်၏။

တစ္ဆေဂျာနယ်လစ်များကလည်း အလုအယက် ဓာတ်ပုံတဖျတ်ဖျတ် ရိုက်ကြ၏။

"ဟိုက်. . လူ. . လူ. ."

ဂျာနယ်လစ် သတင်းထောက်မောင်က သူ့ ဗိုဂျစ်တယ်ကင်မရာ ငုံ့ကြည့်ရင်း အော်၏။ ဂျာနယ်လစ်များ ဝိုင်းအုံကြည့်ကြသည်။

အခြေအနေမဟန်သဖြင့် ကျွန်တော်လည်း ဖေဖေဦးစိုးဝေနှင့် ကားထံ စိတ်ညွတ်လိုက်ရတော့၏။

"ဝုန်း. . ဝရုန်း. ."

ဆို ကားပေါ် ဒုတ်တုတ်ပြန်ရောက်လာသော ကျွန်တော့်ကို ကားဘေးမှ ဖေဖေက မြင်သွားပြီး အံကြိတ်ပြ၏။

"ကားဆရာ. . ပြန်လာလေ. . ဒီမှာ လူပြန်ရောက်နေပြီ"

ဟု ကားဆရာကို လှမ်းခေါ်ရာ ကားဆရာက မယုံ့မရဲဖြင့် ကြည့်၏။ ကျွန်တော့်ကိုမြင်တော့ ပြန်လှည့်လာပြီး မေးသည်။

"ခုန ဘယ်ပျောက်သွားတာလဲ"

"ရှူးသွားပေါက်တာ"



"ဩော်. . အင်း. . အင်း. ."

ဟုဆိုကာ ကားဆရာ ကားပေါ်ပြန်တက်ရင်းမှ စဉ်းစားမိတာမေး၏။

"ဟင်. . ရှူးဆင်းပေါက်ရအောင် ကားလည်း မရပ်ဘဲ"

"ရပ်ပါတယ်။ ရပ်လို့ ဆင်းတာပေါ့"

ကားဆရာ ခေါင်းကုတ်ရင်း ရပ်လား၊ မရပ်လား သူ စဉ်းစားနေ၏။

"မောင်းလေ ဆရာရဲ့"

ဖေဖေက မောင်းခိုင်းသဖြင့် မောင်းရရှာ၏။ ကားမောင်းရင်း ဘက်မှန်ထဲမှနေ၍ ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေ၏။ ကျွန်တော်က ဖြဲခနဲ သွားဖြဲပြလိုက်ရာ ကားဆရာခမျာ ကြောက်၍ တွန့်ကာ တုန်တုန်ယင်ယင် ဖြစ်နေတော့၏။

ဖေဖေက ကျွန်တော့်ကို သတိပေးသည်။

"သား. . ကြောက်ပါတယ်ဆိုမှ သွားခြောက်မနေနဲ့။ ကားမှောက်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ကားဆရာကတော့ ပါးစပ်မှ လှုပ်လှုပ် လှုပ်လှုပ်ဖြင့် ဘုရားစာဆိုရင်း မောင်းလာကာ ဒေါ်ခင်မမအခန်းရှေ့ရောက်တော့ တမြန်ဆင်း၍ တံခါးဖွင့်ပေး၏။ ကျွန်တော့်ကိုလည်း မျက်လုံးပြူးကြီးဖြင့် ကြည့်၏။

ကျွန်တော်က ပြန်ကြည့်တော့ မျက်နှာလွှဲသွားသည်။ ကားဆရာက ကျွန်တော့်အား မကောင်းဆိုးဝါး နာနာဘာဝ ထင်နေပုံရသည်။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲလေ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⊰၂၁⊱

ဒေါ်ခင်မမ၏ အခန်းထဲ ဝင်မိသည်နှင့် အမွှေးတိုင်နံ့များ လှိုင်နေအောင်ရ၏။ ဒေါ်ခင်မမက သူ့ဓာတ်ခန်းတွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းနေရင်းမှ ကျွန်တော်တို့သားအဖကို နှုတ်ဆက်၏။

"ဩော်. . ဦးစိုးဝေ. . သားနဲ့ သမီးလည်း ပါလာသကိုး"

ဒေါ်ခင်မမ၏စကားကြောင့် ကျွန်တော်တို့သားအဖ တစ်ဦးမျက်နှာ တစ်ဦးကြည့်မိကြ၏။ ဖေဖေက တိုးတိုးကပ်မေးသည်။ နောက်တိုလည်း လှည့်ကြည့်၏။

"ဟော့ကောင်. . မြတ်မိုးဆွေကို ဒီလိုက်ခဲ့ဖို့ ခေါ်ခဲ့သေးလို့ လား"

"မခေါ်ဘူး အဖေရ။ နေဦး ဖူးပွင့်ဝေများလားပဲ"



ဟုဆိုရင်း ကျွန်တော်က နောက်လှည့်ကြည့်လိုက်သည်။

ဟုတ်ပါ့. . ။

ဖူးပွင့်ဝေ. . ။

ပြိုင်ပွဲဝင်အဝတ်အစားကြီးနှင့် ကျွန်တော်တို့နောက်မှာ ရောက်နေ၏။

"နင့်ကို ဝမ်းသာစကားပြောချင်လို့ ချက်ချင်း စိတ်ညွှတ်လိုက်လာတာ ခွင့်လွှတ်ပါ။ ပြိုင်ပွဲမှာ ငါ ပထမရတယ်ဟာ။ အဲဒါ နင့်ကြောင့်။ နင့်ကိုလေ ငါ သိပ်ကျေးဇူးတင်တာပဲ။ ရှတ်, . "

ဖူးပွင့်ဝေက ပြောပြီး ကျွန်တော့်ကို ဖလိုင်းကစ်လုပ်ပြလိုက်၏။ ပြီး ခပ်အုပ်အုပ်လေး ဆက်ပြောပြန်သည်။

"ဟဲ့. . ရှေ့ကဘွားတော်ကြီးက ငါ့ကိုမြင်တယ်တော့။ အပြတ်ရှိုးနေတယ်။ ငါကြောက်တယ်ဟ"

တအွှေက လူကြောက်သည်ဆိုသဖြင့် ကျွန်တော် ရယ်ချင်သွားသည်။

ဒေါ်ခင်မမက ကျွန်တော်တို့သားအဖကို ထိုင်ခိုင်းပြီးသကာလ ဖူးပွင့်ဝေရပ်နေသည့် နေရာကိုကြည့်ကာ ပြောလိုက်၏။

"ပါလာတဲ့ကလေးမလည်း ဟိုနားမှာ ထိုင်ကွဲ့"

ဖူးပွင့်ဝေက မလွန်ဆန်ဝံ့။ နောက်နားမှ ကျုံ့ကျုံ့လေးထိုင်နေရရှာသည်။ ဒေါ်ခင်မမကိုတော့ အတော်ကြောက်ပုံရ၏။

ဖေဖေကတော့ ဖူးပွင့်ဝေကို မမြင်သော်လည်း အကြောင်းသိပြီးသားမို့ ဘာမှ မပြော။

"ငါထင်သလိုပဲ ထူးတော့ ထူးနေပြီ"

ဟုသာတွေးရင်း ငြိမ်နေ၏။ ဖေဖေ၏ ငြိမ်သက်ခြင်းကား အဓိပ္ပာယ်အများကြီးရှိပါလိမ့်မည်။

သည်ကနေ့ ဒီနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်းသည် ဖူးပွင့်ဝေအတွက် အမှားဟု ဆိုရမည်လား. . ။

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာ၏ စေစားမှုလား. . ။

မှတ်တမ်းလုပ်ရခက်နေသည့် ဇာတ်လမ်းတစ်ပုဒ်၏ နိဂုံးချုပ်ချိန်တန်၍လား. . ။

ဘာလား. . ၊ ညာလား ကျွန်တော် မသိပါ။ ဖြစ်စဉ်တွေက လိုက်မောဖွယ်ပါပဲ။

"ဦးစိုးဝေ အခုလာတဲ့ကိစ္စ အရင်ပြောပါ"

"သားကိစ္စပါ။ သားမှာ ကျရောက်နေတဲ့ ရောဂါအသွယ် သွယ်၊ ပယောဂပါမကျန် ဖြစ်သမျှ သိချင်၊ ကုစားချင်လို့ပါ"

"ဒါဆို. . ရှင့်သားကို ကုနိုင်ဖို့အတွက် လူနာကို အပ်တယ်ပေါ့"

"အပ်ပါတယ်"

"သားနာမည်က. . "

"စိုးမင်းဇော်ပါ"

"ကဲ. . မြင်သမျှ ကြားသမျှ ပြောပြရမှာပေါ့"

"အားမနာတမ်း ပြောပါခင်ဗျာ"

"ရှင့်တို့လာတာ နှစ်ယောက်တည်းမဟုတ်ဘူး။ သုံးယောက်။ တစ်ယောက်က ဟိုမှာ ထိုင်ခိုင်းထားတယ်"

ဖေဖေက ဖူးပွင့်ဝေထိုင်နေရာကို လှမ်းကြည့်သည်။ ဖေဖေ မမြင်သော်လည်း သဘောပေါက်သည်။ ခေါင်းလေးညိတ်၏။

ကျွန်တော်လှမ်းကြည့်တော့ ဖူးပွင့်ဝေသည် ခေါင်းလေးငုံ့ကာ ငြိမ်သက်လျက်. . ။

ဒေါ်ခင်မမက ဖူးပွင့်ဝေကို ခေါ်လိုက်သည်။

"သမီး. . ဖူးပွင့်ဝေ"

ဖူးပွင့်ဝေ မော့ကြည့်သည်။ ဘာမှတော့ မပြော။ ဒေါ်ခင်မမက ဆက်ပြောသည်။



"သမီးကို တစ်ခုမေတ္တာရပ်ခံချင်ပါတယ်။ ဘာလဲဆိုတော့ သမီး မောင်စိုးမင်းဇော်ကို သံယောဇဉ်ဖြတ်လိုက်ပါ။ ဘဝခြင်း မတူကြသူတွေမို့ ဘယ်လိုမှ ရှေ့ဆက်လို့ မဖြစ်နိုင်ပါဘူးကွယ်။ သမီး မောင်စိုးမင်းဇော်ကို တကယ်မေတ္တာရှိရင် ဝေးရာနေပဲ မေတ္တာပို့တာတွေကို သာစုခေါ်ပါ။ ရှေ့ဆက်သွားနေမယ်ဆို သမီးအတွက်ရော သူ့အတွက်ပါ မကောင်းလှဘူး။ ဒါကြောင့် သမီး ကိုယ့်နေရာ ကိုယ်ပြန်ပါနော်"

အားလုံး ငြိမ်သက်နေကြ၏။ ဖူးပွင့်ဝေကတော့ ခေါင်းလေးငုံ့၊ နှုတ်ခမ်းလေးကိုက်ကာ ငိုမလိုရှိနေ၏။

"မငိုပါနဲ့ သမီးရယ်. . ရှည်လျားတဲ့ ဘဝသံသရာမှာ ဒီလိုပဲ ဆုံကြ ကွဲကြတာ ဓမ္မတာပါ။ ဘဝချင်း ခြားနေတာကို ဇွတ်တိုးလို့ မဖြစ်ပါဘူး။ မောင်စိုးမင်းဇော်အတွက်လည်း မပူပါနဲ့။ သူဟာ မကြာခင်မှာပဲ လူကောင်းပကတိ ပြန်ဖြစ်သွားမှာပါ"

ဒေါ်ခင်မမကိုယ်တိုင်ပင် စိတ်မကောင်းနေဟန်ရှိ၏။ အသံများပင် တိမ်ဝင်ချင်နေသည်။

ဖူးပွင့်ဝေသည် နှုတ်ခမ်းကို ကိုက်ထားရာမှ တီးတိုးစကားဆိုရှာ၏။

"သမီး နားလည်ပါပြီဆရာမကြီးရယ်. . သမီးကို ခွင့်လွှတ်ပါ။ သမီး ကိုယ့်နေရာကိုယ်ပြန်ပါတော့မယ်"

ပြောရင်းပင် ဖူးပွင့်ဝေက ဘုရားကို ဦးချကန်တော့လေ၏။ ပြီး ဒေါ်ခင်မမကို ကန်တော့နေ၏။

ကျွန်တော့်ရင်ထဲမှာ လှိုက်မောသလို ခံစားနေရသည်။ ဖူးပွင့်ဝေကို သနားနေသည်။ ဖေဖေက ကျွန်တော့်လက်မောင်းကို ဆုပ်ထား၏။

ဖူးပွင့်ဝေက ကျွန်တော့်ဘက်လှည့်ကာ. .

"နှုတ်ဆက်ခဲ့ပါတယ် စိုးမင်းဇော်။ မှတ်တမ်းတင်မဖြစ်တဲ့ တို့

www.burmeseclassic.com

www.burmeseclassic.com



ဘဝဇာတ်လမ်းဟာ ဒီမှာတင် တစ်ခန်းရပ်ကြရပြီပေါ့နော်။ မမမြတ်မိုးဆွေဟာ နင့်ရဲ့ ဖူးစာဖက်အမှန်ပါ။ မမကို ကြင်နာမြတ်နိုးနေမယ်ဆို ငါ့ကို မြတ်နိုးသလိုပဲ မှတ်ပါ့မယ်။ ခွင့်ပြုတော့ စိုးမင်းဇော်ရယ်. . ”

ဟု ပြောရင်း အသာလေးထကာ နောက်ဆုတ် နောက်ဆုတ်နှင့် တံခါးဝဆီသို့ လျှောက်သွားတော့သည်။

လက်လေးပြကာ နောက်ဆုတ်သွားနေသော ဖူးပွင့်ဝေသည် တဖြည်းဖြည်း မှုန်ဝါးလျက်. .

ကျွန်တော့်မျက်လုံးအစုံမှာလည်း ရီဝေလျက်. .

ရင်လှိုက်မောနေသည်မှာတော့ ဆိုဖွယ်မရှိပြီ။

□□□

## အခန်း ‹၂၂›

“ကို. . ဘာတွေစဉ်းစားနေတာလဲ”

မြတ်မိုးဆွေက ကျွန်တော့်ကို တိုးဖွဖွလေး မေးသည်။ သူ့လက်ဖဝါးနုနုလေးများဖြင့်လည်း ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားသည်။

ကျွန်တော်က နွမ်းလျစွာပဲ ပြန်ပြောမိ၏။

“ဆွေ့ရဲ့ ညီမလေး ဖူးပွင့်ဝေကို သတိရလို့ပါ။ သူ သိပ်သနားဖို့ ကောင်းတာပဲနော်”

“ဟုတ်တယ် ကိုရယ်. . ညီမလေးကလေ တမလွန်ဘဝ ရောက်နေတာတောင် အစ်မကိုလည်းချစ်၊ ကို့အပေါ်လည်း သံယောဇဉ်ရှိတယ်နော်”

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . ဒါတွေဟာ အတိတ်ကရေစက်ပဲပေါ့လေ။ အဘွားပြောတာကတော့ ပဋ္ဌာန်းဆက်တဲ့"

"တိုနဲ့ ဆွေရယ်၊ ညီမလေးရယ်တို့က အတိတ်က ပဋ္ဌာန်းဆက်နဲ့ တွေ့ကြဆုံကြရတာပေါ့နော်။ ခုနေများ ညီမလေးဟာ လူ့ဘဝမှာ ရှိနေမယ်ဆို ကို ဘာဆက်လုပ်မလဲဟင်"

"အင်း. . ပဋ္ဌာန်းဆက်ကပါနေတော့ မလွဲသာမရှောင်သာ အားနာနာနဲ့ပဲ နှစ်ယောက်လုံးကို ချစ်သွားရမှာပေါ့"

"သွား. . လူဆိုး. . လူလည်. . လောဘအိုး"

မြတ်မိုးဆွေက ကျွန်တော့်ရင်ဘတ်ကို အသာထု၏။ ကျွန်တော်က သူ့လက်ကိုဆွဲလို့ ရင်ခွင်ထဲ သွင်းထားလိုက်သည်။ သူ့ပါးလေးကို ပါးချင်းအပ်၍. .

"ချစ်တယ် ဆွေရယ်. . ဆွေ့ကိုပဲ ချစ်တာပါ"

ဟု ညောင်နာနာပြောလိုက်၏။ ထိုစဉ် တင့်ဆွေ၏ အသံဝင်လာသည်။

"ချစ်ဗျာ. . ချစ်ချစ်တို့ ချစ်ဖို့လည်း ထားဦး"

တင့်ဆွေနှင့်အတူ မျိုးမျိုးပါ ပါလာသည်။ ကျွန်တော်တို့နှစ်ယောက် အင်းလျားကန်ပေါင်ကခုံတန်းလေးပေါ်မှာ ထိုင်နေကြခြင်းဖြစ်သည်။

တင့်ဆွေနှင့် မျိုးမျိုးတို့ကိုလည်း ဤနေရာသို့ ချိန်းထားသဖြင့် လိုက်လာကြခြင်း ဖြစ်သည်။

မျိုးမျိုးက ခြင်းလေးထဲတွင် စားသောက်ဖွယ်ရာအပြည့် ပလတ်စတစ်အခင်းလေးပါ ထည့်လာ၏။

"လာပါ. . စားစရာတွေ ပါတယ်။ အရိပ်ကောင်းကောင်းမှာ သွားထိုင်စားကြရအောင်"

မျိုးမျိုးကပြောသဖြင့် အားလုံးပင် အရိပ်ကောင်းရှိရာ ပြောင်းထိုင်ကြသည်။



လေးယောက်သားစကားတပြောပြောဖြင့် စားသောက်နေကြသည်။

စားသောက်ပြီးတော့ မျိုးမျိုးက ပြဿနာရှာသည်။ ဗိုက်နာသည်ဆိုသဖြင့် အရေးပေါ်နေရာရှာရတော့သည်။ တင့်ဆွေနှင့် မြတ်မိုးဆွေပါ မနေရဘဲ လိုက်သွားကြရတော့၏။

လောလောဆယ် မြက်ခင်းပေါ်မှာ ကျွန်တော်တစ်ယောက်တည်း. . ။

ပျင်းပျင်းရှိသဖြင့် တင့်ဆွေချထားခဲ့သည့် ဂျာနယ်တစ်စောင်ကို ကောက်ကိုင်လိုက်မိ၏။ ဟိုလှန်ဒီလှန် လှန်ရင်း ကျွန်တော့်မျက်လုံးများက တစ်နေရာမှာ ရပ်သွားသည်။

"အားပါး. . ပိုးစိုးပက်စက်ကို လှပါလား"

ကျွန်တော်က ဂျာနယ်ထဲမှ ဓာတ်ပုံရှင် ဘိုမလေးကို သေချာကြည့်ရင်း ရေရွတ်မိသည်။

ပုံမှာ နိုင်ငံရပ်ခြား ပင်လယ်ကမ်းစပ်တွင် ရေကူးဝတ်စုံလေးနှင့် နေပူစာလှုံနေသော ဘိုမလေးပုံဖြစ်သည်။

တကယ်ကို လှပါသည်။ စွဲမက်ဖို့ကောင်းအောင် လှပါသည်။ ရွှေရောင်ဆံပင်လေး၊ မျက်ဝန်းပြာပြာလေးအောက် ဖူးထနေသော နှုတ်ခမ်းလွှာ. . ။

ဖူးကြွနေသော ရင်အစုံ. . ။

ဖူးမောက်နေသော တင်ကားကား. . ။

သောက်ကျိုးနည်း မှောက်ထိုးလဲအောင် လှချက်ကတော့ ပိုးစိုးပက်စက်။

ကျွန်တော်သည် ထိုပုံကို စူးစိုက်ကြည့်ရင်း ဘာဖြစ်သွားသည် မသိ. . ။

နှာခေါင်းကြီး ပွယောင်းယောင်းဖြစ်သလို ခံစားရပြီးနောက်. .

www.burmeseclassic.com

www.burmeseclassic.com



သိမ့်ခနဲဆို. .

ကျွန်တော် ငုတ်တုတ်လေးပင် ဘိုမလေးဘေးနား ရောက်နေသည်။

ဘိုမလေးက မိုးကျရွှေကိုယ် ကျွန်တော့်အားကြည့်၍. .

"ဟန်နီ"

ဟု ခေါ်လိုက်ရာ ကျွန်တော်က အားကျမခံ

"ဆွိတီ. . ရွှတ်"

ဟုခေါ်ကာ ဖလိုင်းကစ်လုပ်ပြလိုက်တော့ ဘိုမလေးက လက်တမ်းပေးကာ. .

"ကမ်းမီး. . ဟန်နီ"

ဟု ခေါ်သည်ဖြစ်ရကား ကျွန်တော်လည်း. .

"အိုး. . ကမ်း. . မိုင်ကမ်း. . အရမ်းရမ်းကမ်း"

ဟု တတွတ်တွတ်ပြောရင်း ဘိုမလေးနား ကပ်သွား၏။

"ရွှတ်"

ဘိုမလေးက ဘာမပြော ညာမပြော လိမ်မပြောဘဲ ကျွန်တော့်ကို ဆွဲကာ ပါးကို ရွှတ်ခနဲ နမ်းလိုက်၏။

"အို. . ဘဲရီးဂွတ်. . ဘဲရီးဂွတ်"

ကျွန်တော်က ပါးလေးကို အုပ်ကိုင်ကာ ဟန်းဖုန်းဆယ်လုံးကျသော မျက်နှာဖြင့် နှာခေါင်းကြီး ပွစိစိဖြစ်နေခိုက်. .

မြတ်မိုးဆွေတို့ ပြန်လာတော့ ကျွန်တော့်ကို မမြင်၍ ရှာကြသည်။

ကျွန်တော် ဘယ်ရောက်သွားမှန်း မစဉ်းစားတတ်ဘဲရှိနေစဉ်. .

တင့်ဆွေက မြက်ခင်းပေါ် ကျနေသည့် ဂျာနယ်ထဲမှပုံကို မြင်သွားပြီး ပြူးပြဲကြည့်ကာ. .

"ဒီမှာ. . ဒီမှာ. ."



ဟု ပြနေ၏။ မျိုးမျိုးနှင့် မြတ်ဆွေတို့က ပုံကို ကြည့်ကြရာ ဘိုမလေးဘေးမှာ ငုတ်တုတ်ရှိနေသည့် ကျွန်တော့်ပုံလွှာကို မြင်သွားသည်ဖြစ်ရကား မြတ်မိုးဆွေက. .

"ပြောနေရင်းက တော်တော်ကဲတယ်။ ကဲ. . ပြန်လာခဲ့"

ဟု ပြောရင်း သူ့လက်သည်းချွန်ချွန်လေးနှင့် ကျွန်တော့်နှာခေါင်းနေရာသို့ ထိုးလိုက်သည်။

ဘိုမလေးဘေးမှ ကျွန်တော့်မှာ နှာခေါင်းကို ပျားတုပ်သလို ဆစ်ခနဲ ဖြစ်သွားပြီး မြတ်မိုးဆွေကို ချက်ချင်း သတိရလိုက်သည်နှင့်. .

ဖျတ်ဆို မြတ်မိုးဆွေတို့ရှိရာ ပလပ်စတစ်အခင်းလေးပေါ် ငုတ်တုတ်ရောက်နေတော့၏။ ကျောခိုင်းလျက်ရှိနေကြသော သူတို့ ကို ကျွန်တော်က ခပ်တည်တည်ခေါ်ကာ ရှီးထည့်လိုက်၏။

"ဟဲ့. . ဘာရှာနေကြတာလဲ။ ငါလည်း ဒီနား အပေါ့ထသွားပြီး ပြန်လာတာ"

ခပ်တည်တည်ပြောပြီး ဒူးနှံ့နေလိုက်၏။ မြတ်မိုးဆွေက ဘာမပြောညာမပြော ကျွန်တော့်ရှေ့လာထိုင်ကာ မျက်နှာကို စေ့စေ့ကြည့်လျက် လက်ကိုင်အိတ်ထဲမှ မှန်ဝိုင်းလေးထုတ်ပေးကာ. .

"ကိုယ်ကိုယ်ကိုယ်လည်း ကြည့်ဦး"

ဟု ပြောတော့ ကျွန်တော်လည်း မှန်လေးကို ယူကြည့်လိုက်မိ၏။

"ဟိုက်. ."

ဟုတ်ပ့ါ။ ကျွန်တော့်နှာခေါင်းထိပ်တည့်တည့်မှာ နီရဲလို့. .။

ပါးတစ်ဖက်မှာလည်း ရဲတွတ်နေသော နှုတ်ခမ်းလွှာပုံ နှုတ်ခမ်းနီဆေးရဲရဲကြီးနှင့်. .။

သွားပြီ. .။

ကျွန်တော် ရှက်၍ ခေါင်းငုံ့ထားလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာတော့ ရယ်မောသံများ လျှံလို့. . ။

"ခစ်. . ခစ်"

"ဟား. . ဟား. ."

"ဟစ်. . ဟစ်. . ဟစ်"

□□□

## အခန်း ‹၂၃›

ယနေ့ ဒေါက်တာဦးမင်းစာန် ချိန်းထားသည့်နေ့။

ကျွန်တော့်ဘဝအတွက် အပြောင်းအလဲတွေ ဖြစ်လာမည်လား. . ။

ဘာဆက်ဖြစ်မည်နည်း။

အဖြေက မည်သို့လာမည်နည်း. .

ဟု ကျွန်တော် အမျိုးမျိုး တွေးတော စိတ်စောနေမိသည်။

ကျွန်တော့်နည်းတူ အဘွားကလည်း စိတ်ပူနေဟန်တူသည်။ မနက်စောစောထ၍ ဘုရားရှိခိုးပြီး သတ္တဝါဝေနေယျအပေါင်းကို အမျှအတန်းပေးဝေသည်။

"နောင်. . ဝေ. . ဝေ"

"နောင်. . ဝေ. . ဝေ"

www.burmeseclassic.com

www.burmeseclassic.com



အဘွား၏ ကြေးစည်သံလေးက ကျွန်တော့်နားထဲမှာ နားဝင်ပီယံရှိလှသည်။

အဘွားက ကျွန်တော့်ကိုပါ နှိုး၍ ရေမိုးချိုးစေကာ ဘုရားစင်ရှေ့မှာထိုင်၍ ဘုရားရှိခိုးစေသည်။ သတ္တဝါတို့အား အမျှပေးဝေစေသည်။

ကျွန်တော် သတ္တဝါအပေါင်းတို့အား အမျှပေးဝေပြီးသကာလ ဖူးပွင့်ဝေအတွက် အထူးအမျှအဖြစ် ဆယ်ခါပေးပစ်လိုက်မိသည်။ ဒါမှ သေချာပေါက် တစ်မျှမရ တစ်မျှရမည်လေ။

ဖေဖေလည်း စိတ်လှုပ်ရှားနေပုံပင်။ ဘုရားရှိခိုးပြီး နာရီတကြည့်ကြည့်နှင့် ရှိသည်။

နံနက် ကိုးနာရီခန့်မှာ ခြံထဲသို့ Hiace ကားညိုတစ်စီး ဝင်လာ၏။ တင့်ဆွေ၏ ယောက်ဖကားဖြစ်သည်။ တင့်ဆွေအစ်မယောက်ျား ကိုယ်တိုင် မောင်းလာ၏။

တင့်ဆွေ၏စီမံချက်အရ ကျွန်တော်တို့ကို ဒေါက်တာဦးမင်းဟန်ဆေးခန်းသို့ ပို့ရန်ဖြစ်သည်။

ကားပေါ်မှာတော့ တင့်ဆွေနှင့်အတူ မျိုးမျိုးနှင့် မြတ်မိုးဆွေတို့ ပါလာကြသည်။

"စိုးမင်းဇော်ရေ. . ရယ်ဒီပဲလား"

"အေး. . ရယ်ဒီပဲ။ ဒယ်ဒီလည်း ပြီးပြီ"

"အိုကေ. . ပျိုမေတွေလည်း ပါသကွ"

တင့်ဆွေက လှမ်းနောက်သည်။ ကားပေါ်မှ မြတ်မိုးဆွေက ကျွန်တော့်ကို ပြုံးပြသည်။ ကျွန်တော်လည်း ပြုံးပြရင်း အိမ်ပေါ်မှ ပြေးဆင်းရာ လုံချည်စနင်းမိတော့သည်။

"ဟိုက်. . ကျွတ်ပဟ"

"ဟစ်. . ဟစ်"



"ခစ်. . ခစ်"

"တောက်. . မူးင်းကလည်း အခုထိ တုတ်ပြ ခဲပြလုပ်ချင်တုန်း။ မလိုတော့ပါဘူးကွာ"

တင့်ဆွေစကားကို နားမဝင်တော့။ မျက်နှာကြီးထူပူကာ နှာခေါင်းကြီးပွလျက်နှင့်ပင် ကားပေါ်တက်ကာ မြတ်မိုးဆွေဘေး စွေ့ခနဲ ထိုင်ရင်း မေးမိမေးရာ မေးလိုက်မိ၏။

"ကြောက်သွားလားဟင်"

"ရှန်. . ဘာကိုကြောက်ရမှာလဲ"

"ကို. . ချော်လဲမှာကို စိုးရိမ်စိတ်နဲ့ ကြောက်သွားလားလို့ မေးတာ"

"ကြောက်ပါဘူး။ လဲလို့ ကွဲသွားလည်း ဆေးခန်းသွားမှာပဲဟာ. . ချုပ်နိုင်းလိုက်ရုံပေါ့"

'ပုဆိုးကွဲတာကိုတော့ ဆေးခန်းမှာချုပ်နိုင်းမှာမဟုတ်ဘူး။ သူဘာကွဲတာများ ပြောပါလိမ့်'

,ဟု တွေးရင်း ကျွန်တော် ငြိမ်နေမိတော့သည်။

ဖေဖေဆင်းလာတော့ ရှေ့ခန်းမှ တင့်ဆွေ ဆင်းလာပြီး ဖေဖေ့ကို ထိုင်စေသည်။ သူက သူ့အကြံနှင့် သူ နောက်ခန်းတက်လာပြီး နောက်ဆုံးခုံထောင့်မှာ နေကြာစေ့ခွာစားနေသည့် မျိုးမျိုးနား သွားတပ်ထိုင်သည်။

"ပေးလေးမျိုး. . ကိုဆွေ ခွာပေးမယ်"

"ကိုခွာပေးတော့ ပိုစိမ့်တာပေါ့"

ဟုဆိုကာ မျိုးမျိုးက နေကြာစေ့အထုပ်လိုက်ပေးလိုက်သည်။

ဘာမှတော့ မဆိုင်။ တင့်ဆွေခွာသည်နှင့် နေကြာစေ့ ပိုစိမ့်မတဲ့လား။

ဘာပဲဖြစ်ဖြစ်. . ။

www.burmeseclassic.com

www.burmeseclassic.com



မှိုမျိုးတို့ ပိုင်သည်။ နေကြာစေ့လေး အသင့်စားရုံပင်။ သူတို့လည်း အတော်အဆင်ပြေနေကြပေ့။ 'ကိုဆွေ' တွေ 'မျိုး' တွေ ဖြစ်လို့။

ဆွေမျိုး အထူးစပ်နေစရာပင် မလို။ အော်တို ဆွေမျိုးဖြစ်ပြီးသား။

ကျွန်တော်တို့ကားက ညင်သာစွာ မောင်းထွက်လာခဲ့သည်။

အိမ်ပေါ်မှာ အဘွားက လက်ပြနှုတ်ဆက်ကျန်ရစ်သည်။

အဘွားနှုတ်ဖျားမှ တိုးတိုးလေး ဆုတောင်းနေသည်။

"ငါ့မြေးလေး. . ကျန်းမာပါစေ၊ ချမ်းသာပါစေ။ အူကြောင်ကြားလေးဖြစ်နေတဲ့ ဘဝက လွတ်ပါစေ"

□□□

# အခန်း ‹၂၄›

ဒေါက်တာဦးမင်းဟန်က ကျွန်တော်တို့အားလုံးကို ဧည့်ခန်းမှာ နေရာပေး၍ ထိုင်စေသည်။

အဒေါ်များပင် တိုက်၍ ဧည့်ခံသည်။

ရောက်ရောက်ချင်း ဘာမှမပြောသေးဘဲ နှုတ်ဆက်စကားသာဆိုသည်။

ဘာတွေများ ထူးနေပါလိမ့်. .

ဘာတွေများ ပြောမှာပါလိမ့်. .

ဟု တွေးရင်း ကျွန်တော် ရင်ခုန်နေသည်။ အဒေါ်ကိုပင် ဖြောင့်အောင်မသောက်နိုင်။

ဒါကိုရိပ်မိသော ဒေါက်တာဦးမင်းဟန်က စကားစပြောသည်။

"ဘာမှလဲ စိုးရိမ်ပူပန်မနေကြပါနဲ့။ အနာသိရင် ဆေးရှိပါတယ်။ မောင်စိုးမင်းဇော်ရဲ့အနာကို သိရပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ကျွန်တော့်မှာ အနာမရှိပါဘူး ခင်ဗျ"

ကျွန်တော့်စကားကြောင့် ဒေါက်တာက ပြုံးသည်။ ဖေဖေက လက်တို့၍ တိတ်တိတ်နေရန် သတိပေးသည်။

တင့်ဆွေယောက်ဖက 'ပိန်းပဲ့' ဟူသောအကြည့်ဖြင့် လှမ်းကြည့်၏။

အိုး . . ရက်လိုက်ပါဘိ။ ကျွန်တော် ပိန်းတာ ကျွန်တော် တွေးမိပြီး ရှက်သွား၏။ မြတ်မိုးဆွေကိုပင် ရှက်ကိုးရှက်ကန်း ခိုးကြည့်မိသေး။ ရှက်ပေလို့။

ဒေါက်တာဦးမင်းဟန်က ချောင်းဟန့်သံပေးသည်။ စကားဆက်ပြောမည်ပေါ့။

"အဟမ်း . . အဟမ်း"

အားလုံး ငြိမ်နေကြ၏။ နားစွင့်နေကြ၏။ ဟမ်းသံပြီးလျှင် အရေးကြီးသော စကားသံများ ကြားရမည်ဟု အားခဲထားကြသည်။ အားလုံး မျက်နှာများမှာ ကြားလိုစိတ်ပြင်းပြသော မျက်နှာပေးများနှင့်ပါ။

ဒေါက်တာဦးမင်းဟန်၏ နှုတ်ဖျားလေး လှုပ်လာပြန်၏။ အားလုံး နားစွင့်နေကြသည်။

"ကဲ . . ကဲ . . သောက်လိုက်ကြပါဦး။ အေးကုန်ဦးမယ်"

သွားရော . . ။ မျှော်လင့်ထားသည့်စကားသံ ထွက်မလား။ အေးပြီးသားကြီးကို အေးကုန်မည် သောက်လိုက်ပါဦး လုပ်နေ၏။

အားလုံးပဲ ယိမ်းတိုက်ထားသလို အအေးခွက်ကိုယ်စီယူ၍ မော့ချပစ်လိုက်ကြသည်။

ကိုင်း . . ဘာပြောဦးမလဲ။ ပြောလေ . . ။

ယိမ်းတိုက်သလို ကောက်သောက်လိုက်ကြသော ကျွန်တော်တို့အဖွဲ့ကိုကြည့်၍ ဒေါက်တာဦးမင်းဟန် မျက်လုံးမြင့်တက်သွားသည်။ ပြီး . . ပြောသေး၏။



"ဆေးလိပ်သောက်ကြပါဦး"

ဒေါက်တာဦးမင်းဟန် တမင်ရစ်နေသည်လား၊ တင့်ဆွေယောက်ဖက စိတ်မရှည်သဖြင့် စကားဖြတ်ပြောသည်။

"ဘယ်သူမှ ဆေးလိပ်မသောက်တတ်ကြပါဘူးခင်ဗျ"

ပြောလည်းပြော ဆက်တီပေါ်က စီးကရက်ဘူးနှင့် ဆေးလိပ်ကို ကောက်ယူကာ ဆက်တီအောက်ထဲ ထိုးထည့်သိမ်းထားလိုက်သည်။ အေးပြန်ရော . . ။

နောက်တစ်မျိုး မရိုးရအောင် ဆက်တီစားပွဲပေါ်မှ သတင်းစာ၊ ဂျာနယ်များကိုပါ ယူ၍ အောက်ထဲ ထိုးထည့်ထားလိုက်ပြန်၏။

ထို့နောက် ဒေါက်တာဦးမင်းဟန်အား မော့ကြည့်ကာ ပြောလိုက်၏။

"ဟီး . . ရှင်းသွားပြီ။ ဒေါက်တာပြောစရာရှိ ပြောတော့။ စိုးမင်းဇော်ကိစ္စနော် . . "

တစ်ခါတည်း ခေါင်းစည်းပါ ပေးလိုက်၏။ ပြတ်ရော . . ။ သူကလည်း ကျွန်တော့်ကိစ္စကို အလွန်အမင်း စိတ်ဝင်စားနေပုံပင်။

"အဟမ်း . . "

ဒေါက်တာဦးမင်းဟန် ထပ်ဟမ်းသည်။ တစ်ဟမ်းထဲမို့ ကိစ္စမရှိ။ တကယ်လည်း ဆက်ပြောပါသည်။

"မောင်စိုးမင်းဇော်ရဲ့ ပြဿနာဟာ ဖြစ်တောင့်ဖြစ်ခဲ ပြဿနာတစ်ရပ်ပါပဲ။ သူ့ရဲ့စိတ်လွင့်မျှောမှုမှာ ရုပ်ပါ ပါသွားရတာဟာ ဆန်းနေပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ . . ဆက်ပြောပါ ခင်ဗျ"

ဒေါက်တာဦးမင်းဟန် စကားစရပ်သွားသဖြင့် ဦးစိုးအေးက ထောက်ပေးသည်။ ဒေါက်တာဦးမင်းဟန်က စကားဆက်၏။

"ဒီထက်ပိုဆန်းကြယ်တာတာတော့ မောင်စိုးမင်းဇော်ရဲ့ သွေး

www.burmeseclassic.com



ထဲမှာ ထူးခြားတဲ့ဓာတ်လှိုင်းတွေ စီးမျောနေပါတယ်။ ဒီဓာတ်လှိုင်းမျိုးဟာ ဘုံဘဝခြား နယ်ပယ်သားတွေမှာသာ ရှိရတဲ့ ဓာတ်တစ်မျိုးပါပဲ။ ပေါ့ပေါ့တန်တန် သစ်ပြီး သာမန်မျက်စိနဲ့ လုံးဝ မမြင်နိုင်တဲ့ ဓာတ်လှိုင်း ဖြစ်ပါတယ်"

"ဆရာ. . ဒါဆို ကျွန်တော် ဘယ်လိုလဲရမှာလားဗျာ"

ကျွန်တော်က စိုးရိမ်စွာ မေးမိ၏။ ဖေဖေက အသာနေရန် သတိပေးသည်။ ဒေါက်တာဦးမင်းဟန်က ဆက်ပြောသည်။

"မလိုပါဘူး။ လုံးဝ သွေးလဲဖို့ မလိုပါဘူး။ သွေးသားပြောင်းလဲမှုဆိုတာ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်မှု မဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲလို့ ရပါတယ်"

"ပြော. . ပြောပါ ဆရာ. . ကျွန်တော် ဘယ်လို ပြုပြင်ပြောင်းလဲရမယ်ဆိုတာ ပြောပါ။ ကျွန်တော် လိုက်နာပါ့မယ်"

ကျွန်တော်က အားကိုးတကြီး ပြောမိသည်။ ဖေဖေကလည်း ပြောရှာသည်။

"ခုလိုကြားရတာ ဝမ်းသာပါတယ် ဆရာရယ်. .။ ဘယ်လို ပြုပြင်ပြောင်းလဲရမယ်ဆိုတာ ဆရာညွှန်ကြားပါ"

အားလုံးပင် စိတ်ဝင်တစား ရှိနေကြပါသည်။ မြတ်မိုးဆွေကလည်း ကျွန်တော့်ကိုကြည့်ရင်း ပြုံးပြအားပေးရှာသည်။

တင့်ဆွေကလည်း မျိုးမျိုးကိုကြည့်၍ ပြုံးပြသည်။ ဘာအဓိပ္ပာယ်လည်းတော့ မသိရ။

ဒေါက်တာဦးမင်းဟန်က ကျွန်တော့်အဖြစ်နှင့် ပတ်သက်၍ ဒေါက်တာယန်ယန်သိသကဲ့သို့ပင် ရှင်းပြသည်။

ကွာခြားသည်မှာ ဒေါက်တာယန်ယန်က ကျွန်တော့်သွေးကို သူ့သွေးနှင့်လဲယူပြီး မကောင်းမှုဒုစရိုက်များ လုပ်ဖို့ ကြံသည်။

ဒေါက်တာဦးမင်းဟန် အကြံပေးသည်က ကိုယ်နှင့်မဆိုင်သော ဘုံဘဝခြားက ဓာတ်လှိုင်းများကို ကြာကြာ လက်ခံမထားသင့်။ သွေးဖောက်ပစ်စရာလည်း မလို။

စိတ်ကြံ့ခိုင်ရေးနှင့် မကောင်းသော ပယောဂဓာတ်လှိုင်းများ ပ,ပျောက်စေရန် ကိုးရက်ခန့် တရားရိပ်သာဝင်ကာ တရားထိုင်လိုက်လျှင် လုံးဝ ပ,ပျောက်သွားမည်ဟု အကြံပြုသည်။

ထိုအကြံပြုချက်အား ဖေဖေက သဘောကျ ထောက်ခံသည်။ သာမန် ရိုးရိုးရောဂါများပင်လျှင် ဘုရားဆေး တရားဆေးနှင့် ကုသပါက ပျောက်ကင်းသွားသော သာဓကများ ရှိနေသည်။

ယခုလို မကောင်းသော ဘုံဘဝကြားနယ်ပယ်မှ ဓာတ်လှိုင်းများ စီးဝင်မှုကို ဘုရားဆေး၊ တရားဆေးနှင့် ကုက လုံးဝ ပျောက်ကင်းလိမ့်မည်ဟု ဖေဖေက ယုံကြည်သည်။

ကျွန်တော်လည်း လက်ခံယုံကြည်ပါ၏။

သို့နှင့်. .

ကျွန်တော်သည် စိပ်ပုတီးနှင့် ရိပ်ကြီးခိုဖို့အကြောင်း ဖြစ်ရလေတော့သည်။

"ကိုးရက် ဝေးကြမှာ ကိုးကမ္ဘာလို့ ထင်ပါနဲ့ ဆွေရယ်. ."

□□□



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ‹၂၅›

ဖေဖေ၏ စီစဉ်မှုဖြင့် ကျွန်တော် တရားရိပ်သာသို့ ရောက်ခဲ့ရသည်။

သန်လျင် ကျိုက်ခေါက်ဘုရားအနီးရှိ ဖားအောက်တောရ ရိပ်သာသို့ ဝင်ဖြစ်ခဲ့သည်။

ထုံးစံအတိုင်းပင် ရိပ်သာဝင်တော့လည်း အုပ်စုလိုက် လိုက်ပို့ကြ၏။

အဘွားတစ်ယောက်သာ မပါပါ။ ကျန်တဲ့လူတွေကတော့ အကုန်ပင်။ တင့်ဆွေယောက်ဖ HiAce ကားဖြင့်ပင် ပို့ကြသည်။

ကျွန်တော်နေရမည့် အဆောင်သို့လိုက်ပို့ကြတော့လည်း အိပ်ရာလိပ် ထမ်းသူ၊ စားနပ်ရိက္ခာ မုန့်ပုံးတွေ မ,သူ၊ အအေးပုလင်း၊ ဓာတ်ဘူးတွေ သယ်သူနှင့် အဆောင်မှူး မျက်လုံးပြူးရသည်ထိပင်။



ဘေးမှလူတစ်ဦးက တိုးတိုးပြောသေး၏။

"အားပါး. . ရိပ်သာဝင်မှာလား၊ ပျော်ပွဲစားထွက်မှာလားဟဲ့"

ကျွန်တော့်အဖြစ်က အဲဒီလို. . ။

အိမ်ကထည့်ပေးသည့် ရိက္ခာများပင်မက မြတ်မိုးဆွေပေးတာရော၊ တင့်ဆွေတို့၊ မျိုးမျိုးတို့ ပေးတာတွေပါဆိုတော့ များလှသည်။

နောက်လူတစ်ဦး၏မှတ်ချက်ကတော့ အားတက်စရာ. . ။

"ဟာ. . ရိပ်သာမှာ အရောင်းဆိုင်လာဖွင့်တာများလားကွာ"

ဘယ်သူတွေ ဘာပြောပြော ကျွန်တော်ကတော့ အနိစ္စဟုသာ ရှုလိုက်တော့သည်။ မျက်လွှာကိုလည်း ချထားလိုက်သေးသည်။

ဝတ်ထားသည်က ကြည့်ဦးလေ. . ။

ယောဂီရောင်နီညိုလုံချည်၊ ရှပ်လက်ရှည်အဖြူမှာ ယောဂီသဘက်လေး ပတ်ထားလိုက်သေး၏။ မှတ်ကရော. . ။

လိုက်ပို့သူများ ပြန်မည်ဆိုတော့ ကျွန်တော် အားယယ်သလို ခံစားလိုက်သေးသည်။

သို့သော်. .

အနိစ္စဟုပင် ရှုလိုက်တော့၏။ ဟုတ်ပ့ါ. . ။ ဘာမှ မမြဲဘူးလေ။

ဖေဖေမှာကြားတာတွေ နားထောင်ရင်လည်း ကျွန်တော်တမျက်လွှာချကာ 'အနိစ္စ' ရှုမှတ်နေလိုက်သည်။

ဖေဖေ ကျွန်တော့်ကို အတော်အထင်ကြီးသွားပုံ ရသည်။

"သာဓု. . သာဓု. . "

ဟု နှစ်ကြိမ်ခေါ်ကာ ပြန်ဖို့ပြင်သည်။ တစ်ကြိမ် ဘာလို့ချန်သွားသည် မသိရ။

ဘာပဲဖြစ်ဖြစ်. .

"သာဓုလည်း အနိစ္စ. . သုမောင်လည်း အနိစ္စ. . "

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော် ရှုပစ်လိုက်သည်။

တင့်ဆွေတို့၊ မျိုးမျိုးတို့ နှုတ်ဆက်တော့လည်း 'အနိစ္စ'. . ။

ကျွန်တော်သည် ရိပ်သာမှ မဝင်ရသေး အနိစ္စတစ်လုံးဖြင့် ဟန်တျနေ၏။

အဲ. . မြတ်မိုးဆွေနှင့်ကျမှ ပြဿနာဖြစ်တော့သည်။

မြတ်မိုးဆွေက. .

"ပြန်ပြီနော် ကို. . "

ဟု နှုတ်ဆက်ပြုံးပြကာ လှည့်ပြန်သွားတော့. .

သူ့ကိုကြည့်ရင်း ကျွန်တော် ရေရွတ်မိသည်မှာ. .

'နိပ်ဟ' ဖြစ်နေသောကြောင့်ပင်။

❑❑❑

တရားထိုင်သည့် ပထမရက်တွင် ကျွန်တော် စိတ်တွေ မငြိမ်သေး။ ဟိုပြေးသည်ပြေးနှင့်. . ။

ရိပ်သာမှာက မနက် သုံးနာရီခွဲ ထရသည်။ မျက်နှာသစ်၊ တိုယ်လက်သန့်စင်ကာ ယောဂီများ ကြီးစဉ်ငယ်လိုက်တန်းစီးလျက် ဘုရားဆောင်သို့ ဝင်ရသည်။

နံနက် လေးနာရီတိတိမှာ ဘုရားဝတ်ပြု ဘုရားကန်တော့ကြပြီး တရားဆက်ထိုင်ရသည်။ နံနက် ငါးနာရီခွဲမှာ အာရုဏ်ဆွမ်းစားကြရ၏၊ ဒါနပြုလှူဒါန်းသူများ ပေါများလှသည်။ နံနက်ပိုင်းမှာ ကြာဇံကြော်၊ ထမင်းကြော်၊ ဆန်ပြုတ်၊ ကော်ဖီ လှူဒါန်းကြသည်။

နေ့ဆွမ်းကို ဆယ်နာရီခွဲမှာ စားကြရ၏။ သတ်သတ်လွတ်ဟင်းများဖြစ်သည်။

ပထမရက်တွင် မငြိမ်သက်သော်လည်း ဒုတိယရက်မှာ တိုးတက်လာသည်။ စိတ်များငြိမ်စပြုလာသည်။



ရှုမှတ်ရန်မှာ နှာသီးဖျားကဝင်နေထွက်နေသော လေ၊ ဝင်သက်ထွက်သက်ကို အမှတ်မလွတ်အောင် စောင့်ကြည့်နေခြင်းတည်း အပြောလွယ်သော်လည်း လက်တွေ့မှာ ခက်လှသည်။

စိတ်က မငြိမ်။ ဟိုပြေးဒီပြေး ပြေးလှသည်။

ဒုတိယရက် ညနေပိုင်းတွင် တရားမှတ်ရင်း မာမိနှင့်ဖူးပွင့်ဝေတို့ကို မြင်လိုက်ရသည်။ သူတို့နှစ်ဦးလုံးက တရားရိပ်သာ၏ဝင်းအပြင်မှ စောင့်စားနေကြခြင်းပါ။

သာခုခေါ်ဖို့ရန် ရောက်နေကြသည်ဟု စိတ်ထဲမှသိလိုက်ရသည်။

"သာခု. . သာခု. . သာခု"

ကျွန်တော်က အမျှမှမဝေရသေး ဖူးပွင့်ဝေက သာခုတွေ စွတ်ခေါ်နေသည်။

ကျွန်တော် အမျှပေးဝေလိုက်တော့မှ မေမေရော၊ ဖူးပွင့်ဝေတို့ပါ သာခုခေါ်ရင်း ပျောက်သွားကြတော့သည်။

နောက်နေ့ တရားချိန်များတွင်လည်း ရောက်မလာကြတော့ပါ။

သူတို့တတွေ အမျှရကြ၍ ပိုမိုကောင်းမွန်သော ဘုံဘဝများဆီသို့ တက်လှမ်းသွားကြပြီထင့်။

တတိယနေ့ တရားထိုင်ချိန်မှာတော့ ထူးခြားသည်။

ကျွန်တော့်ခန္ဓာကိုယ်သည် ပေါ့ပါးနေသည်။ ကိုယ်ထဲမှ မီးခိုးရောင်တောက်တောက် အငွေ့လှိုင်းများထွက်သွားသည်ကို ရှုမြင်မိသည်။

ထိုနေ့မှအစပြု၍ ကျွန်တော် တရားထိုင်ရသည်မှာ အဆင်ပြေလာသည်။ တကယ်ပင် အေးချမ်းလှပါဘိ။

သို့နှင့်. . ။

ဒသမမြောက်တရားထိုင်ရသည့်နေ့ကို လွန်မြောက်ခဲ့လေပြီ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း <၂၆>

နံနက် အာရုံဆွမ်းစားပြီးသည်နှင့် အထုပ်အပိုး ပြင်ဆင်ကာ လာကြိုမည့်ကားကို စောင့်နေမိသည်။

ဒီနေ့ ကျွန်တော် ရိပ်သာမှ ထွက်ပြီလေ။

ကျွန်တော့်တစ်ကိုယ်လုံး လန်းဆန်းလတ်ဆတ်နေသလို ခံစားနေရသည်။

ဖေဖေတို့ လာကြိုမည်ကို မျှော်နေမိသည်။

နံနက် (၇)နာရီခန့်တွင်မှ ကြိုသည့်ကားက ဝင်လာသည်။ တင့်ဆွေယောက်ဖကားပါပဲ။ သူကိုယ်တိုင် မောင်းလာသည်။

သူက ကျွန်တော့်ကို အတော်စိတ်ဝင်စားသည်။ အစမှအဆုံး စောင့်ကြည့်လေ့လာနေသူဖြစ်သည်။ ယခုလည်း ရောက်ရောက်ချင်း ကျွန်တော့်ကို လှမ်းမေး၏။



"အခြေအနေ"

"ဝွတ်ပဲ. . အရာရာဟာ အနိစ္စပဲလေ. ."

ကျွန်တော် လက်မထောင်ပြရင်း ပြောလိုက်သည်။ သူ့တသဘောကျစွာ ရယ်၏။

ပြီး. . ကျွန်တော့်နားကပ်၍ မေးသေးသည်။

"ဘာတွေထူးခြားလဲ။ ဂျေပီပါဝါအခြေအနေရော. ."

ကျွန်တော်က အားတက်သရော ဖြေလိုက်သည်။

"ဘာ. . ဂျေပီပါဝါမှ မရှိတော့ဘူး။ တရားတန်ခိုးနဲ့ ကိုယ်ထဲက ထွက်သွားပြီ"

"သေချာရဲ့လား"

"သေချာတာပေါ့။ တရားထိုင်နေရင်း ကိုယ်ထဲကနေ အငွေ့တွေထွက်သွားတာကို ရှုမြင်ရတယ်။ လူလည်း ပေါ့ပါးလန်းဆန်းသွားတယ်။ စိတ်လည်း ကြည်ပြီး သန့်သွားသလိုပဲ"

"ဒါဆို သားကိစ္စ အဆင်ပြေသွားပါပြီ။ ဒေါက်တာဦးမင်းဟန်ကို ကျေးဇူးတင်ရမယ်။ ဒေါ်ခင်မမကိုလည်း မေ့ထားလို့ မဖြစ်ဘူး"

ဖေဖေက ဝင်ပြောရာ ကျွန်တော်က ဖေဖေ့အား ကျီစယ်လိုသဖြင့်. .

"ဒေါ်ခင်မမဆီ သားပဲ သွားကန်တော့လိုက်မယ်လေ။ ဖေဖေ ပင်ပန်းပါတယ် မလိုက်နဲ့လေ"

ဟုဆိုလေရာ ဖေဖေက လက်ဝါးကာပြပြီး. .

"ဖေဖေလိုက်မှ ပိုအဆင်ပြေမှာပေါ့ သားရယ်"

ဟု ပြော၏။ ဘာအဆင်ပြေမည်တော့ မသိရ။ မှိုးမှိုးတလည်း အနားကပ်လာပြီး ပြော၏။

"ထောင်ကထွက်တဲ့နေ့. . ။ ရှင်လိုင်ငြိမ်တဲ့နေ့ ဖြင်ပိုင်သာ ကထွက်တဲ့နေ့တစ်နေ့ပါ တိုးရတော့မှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်က လေသံအေးအေးဖြင့် ပြန်ပြောလိုက်သည်။**

"အရာရာဟာ အနိစ္စပါပဲ။ မမျှီးမျှီးရယ်. . "

ကျွန်တော့်စကားကို ကြားသော မြတ်မိုးဆွေက အနားကပ်ပြီး တီးတိုးပြော၏။

"အနိစ္စ. . အနိစ္စနဲ့ တရားတွေ့နေရင်လည်း နောက်ကိုးရက် ထပ်ဝင်လေ. . "

"ဟင့်အင်း. . ဝင်ဘူး. . ဝင်ဘူး"

ကျွန်တော် ခေါင်းခါလက်ခါ ငြင်းမိ၏။ မြတ်မိုးဆွေက လူ မကြားအောင် ထပ်ပြောသည်။

"အရာရာဟာ အနိစ္စဆို. . "

ကျွန်တော်ကလည်း မည်သူမျှ မကြားအောင် တိုးတိုးလေးပဲ ကပ်ပြောလိုက်၏။

"ဟုတ်တယ်. . အရာရာဟာ အနိစ္စ. . ။ ဆွေနဲ့ကျတော့ နိပ်ဟ"

မြတ်မိုးဆွေ မျက်နှာလေးရဲတက်သွား၏။ အမှုတော့ မဖွင့်. . ။ သူ နိပ်တာ သူလည်းသိလို့နေမှာပေါ့. . နော့. . ။

❑❑❑

(ဤတွင်ပြီး၏တည်း)

အချော့တော်

(၁၆. ၄. ၂၀၀၈ ၊ ဗုဒ္ဓဟူးနေ့ ညနေ ၅း၁၅ နာရီ၊
ခေတ္တ မြင်ဦးလွင်)

www.burmeseclassic.com